# လိုင်းကြားမြို့ (လားရှိုး)

## ကြယ်ကြွေကောက်သူ...




အချစ်

လုံးချင်းဝတ္ထုသစ်

## ပုံနှိပ်မှတ်တမ်း

၂၀၁၈ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း (၀၉၂၅၀၁၄၄၇၉၇)

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျီတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ဈေး** - ၁၉၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

ကြယ်ကြွေကောက်သူ
လှိုင်းကြာဖြူ
ရွှေပဒေသာစာပေ၊ ၂၀၁၈၊ ရန်ကုန်။
၂၃၆-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ကြယ်ကြွေကောက်သူ

# ကြယ်ကြွေကောက်သူ

## လှိုင်းကြာဖြူ

## အဆုံးသတ်ရလဒ်

ဝေဒနာဆိုတာ
စေတနာကို စော်ကားဖူးသူမှ
သိတာပါ ချစ်သူ။
ပေးဆပ်ခဲ့ခြင်းရဲ့
နောက်ဆုံးရလဒ်က
ခြေစုန်ကန်ခံရခြင်းလား။
အားလုံးသော လူတွေရဲ့
ဘယ်လိုအမူအရာကိုမှ
ငါ ဂရုမစိုက်ခဲ့ဘူး။
ချမ်းသာကြွယ်ဝခြင်းကို
အချစ်ထက် အရေးမကြီးဘူးဆိုပြီး
ငါ ခေါက်ထားခဲ့တယ်။
အရာအားလုံးကို
စွန့်လွှတ်ပြီး
နှစ်ယောက် တစ်ကမ္ဘာ
တည်ထောင်ဖို့ထိ
မင်းနဲ့ငါ ကတိသစ္စာပြုထားခဲ့တယ်။
ချစ်သူ…
မင်းနဲ့ပတ်သက်တဲ့ အချိန်ကာလ
ငါပေးခဲ့သမျှ ဖြူစင်ခြင်းတွေ
ဒါပေမဲ့…
မင်းကတော့…။ ။



လူတွေ မြတ်မြတ်နိုးနိုး ကိုးကွယ်နေကြတဲ့ ‘အချစ်’ ကို ကျွန်တော် ဟားတိုက်ပစ်လိုက်တယ်။

ပြောတော့သာ အချစ်ဆိုတာ တန်ဖိုးအနဂ္ဃ ထိုက်တန်တဲ့ ရတနာလေး၊ ဘာလေးနဲ့၊ နောက်ဆုံးကျတော့လည်း အဲဒီအချစ်ထက် တန်ဖိုးအနဂ္ဃ ထိုက်တန်တဲ့ ဂုဏ်၊ ငွေ၊ ဓန ပေါကြွယ်ဝတဲ့ လူတွေကိုပဲ ရွေးချယ်သွားခဲ့ကြတာလေ။

အထူးသဖြင့် မိန်းမတွေပေါ့။ သူတို့ရဲ့မျက်စိထဲမှာ ယောကျ်ားတစ်ယောက်ကို စကြည့်ပြီဆိုရင် ရုပ်ချောမချော ကြည့်တယ်။ အဲဒါပြီးတော့ ပညာဂုဏ်ရှိမရှိ ဆန်းစစ်တယ်။ အဆိုးဆုံးကတော့ ငွေကြေးဓနအင်အား ရှိမရှိ အလေးထားကြတယ်။

တကယ်ဆို အဲဒီယောကျ်ားနဲ့ ပေါင်းဖက်မှာလား၊ ဓနအင်အားနဲ့ ပေါင်းဖက်မှာလား၊ လုံးဝ မစဉ်းစားဘူး။ မဟုတ်လို့ကတော့ ဘာမှမရှိတဲ့ ယောကျ်ားဆိုပြီး လှည့်စောင်းတောင် မကြည့်တော့ဘူး။

ကိုယ့်ပေါ် တန်ဖိုးထားပြီး သစ္စာတရားရှိတဲ့ ယောကျ်ား တစ်ယောက်ကိုရဖို့ဆိုတာက နည်းတဲ့ကုသိုလ်ကံလား။

နောက်မှ ဒူးနဲ့မျက်ရည် သုတ်ရပြီဆိုရင် ယောကျ်ားတွေ သစ္စာမရှိဘူး။ ယောကျ်ားတွေ မကောင်းဘူးနဲ့၊ ယောကျ်ားထုကြီး နဲ့ချီပြီး ပြောတော့တာပဲ။

ကျွန်တော့်ရဲ့ဘဝမှာလည်း ဂုဏ်ငွေပကာသနတွေနဲ့ အချစ် ကို ဈေးတင်ခဲ့တဲ့ မိန်းမတစ်ယောက်နဲ့ ဆုံခဲ့ဖူးတယ်။

သိပ်ကိုချစ်ခဲ့တယ်။ အရမ်းကြီးကို မျှော်လင့်ထားခဲ့တယ်။ အိပ်မက်ရှည်တွေမက်ပြီး စိတ်ကူးတွေ လှလှကြီးယဉ်ခဲ့တာပေါ့ လေ။

အမျှော်လင့်ကြီး မျှော်လင့်ထားခဲ့သူကို လှလှပပ ရိုက်ချိုး ခဲ့တာ သူမ သိပ်ကိုတော်ပါတယ်။ အရမ်းကို တော်ပါတယ်။ အချစ်မှာ သူမက ဆရာကျခဲ့တာကိုး…။

ကျွန်တော်ကတော့ အချစ်ကို အကြောက်ကြီး ကြောက် သွားခဲ့တယ်။

အချစ်ကိုကြောက်ပေမယ့် ရင်တွင် အနှစ်မပါ၊ အပေါ်ယံ ဗလာနဲ့ မိန်းကလေးတွေကို ကျွန်တော် ချစ်တယ်လို့ လွယ်လွယ် ကူကူ ပြောထွက်ခဲ့တယ်။

သူတို့တစ်တွေနဲ့ သွားလာနေရပေမယ့် ကျွန်တော့်ရင်တွင်း ကနေ နှစ်နှစ်ကာကာချစ်ဖို့ ခွင့်မပြုဘူး။ ချစ်လည်းမချစ်ချင်ဘူး။

အဲဒီအတွက် ပတ်ဝန်းကျင်က ကျွန်တော့်ကို 'အမွေ အနှောက်' လို့ ခေါ်ချင်ခေါ်တယ်။ ရည်းစားသိပ်များတဲ့ကောင်လို့





လက်ညှိုးထိုးချင်ထိုးကြတယ်။

ပြောကြပါစေ…ကျွန်တော် ဂရုမစိုက်ပါဘူး။ အဲဒါက သူတို့တစ်တွေရဲ့အခွင့်အရေးပဲ။

ပတ်ဝန်းကျင်ရဲ့စကားသံတွေကို နားထောင်နေရင် ကျွန်တော်တို့အတွက် နေစရာ သိပ်ကိုကျဉ်းမြောင်းပါတယ်။

မိန်းမတစ်ယောက်ကို အစွမ်းကုန်ပုံပြီး ချစ်ခဲ့စဉ်ကလည်း 'ဒီကောင် နွားကျတာပါကွာ၊ လောကမှာ မိန်းမ သိပ်ရှားတယ် ဆိုတာ ဒီကောင်နဲ့မှ အစစ်ပေါ့' ဆိုတာလည်း အဲဒီပတ်ဝန်းကျင် က ပြောခဲ့တာပဲလေ။

ဟော…ခုကျတော့ မိန်းကလေးတွေရဲ့မျက်ရည်တွေကို ခြေဆေးနေတယ်ဆိုပြီး ပြောကြပြန်ရော။

အခုတော့ ပတ်ဝန်းကျင်က သင်ပေးလိုက်လို့ပဲ ကျွန်တော် စာတွေ အများကြီးတတ်သွားပြီ။

မလွမ်းတတ်၊ မချစ်တတ်တော့တဲ့ နှလုံးသားကို ရင်ဝယ် ပိုက်ပြီး မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ တွဲနေ တဲ့ ကျွန်တော့်အဖြစ်က မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် ဖြစ်နေ ချင်ဖြစ်နေမယ်။

အဲဒီမိန်းကလေးတွေထဲက နှစ်သက်ရာတစ်ယောက်ကို ရွေးချယ်ပြီး အတည်တကျ အိမ်ထောင်ပြုပါလားပြောရင်တော့ ကျွန်တော်နဲ့ ရန်သူပဲ။ ဖြစ်ချင်တော့ အဲဒီလိုဖိအားပေးနေတဲ့သူ တွေက ဘယ်သူမှတ်တုံး။ ကျွန်တော့်ရဲ့မွေးသမိဘတွေဖြစ်တဲ့ အဖေနဲ့အမေလေ။

အိမ်က ဖုန်းလာပြီဆိုရင် ဩဝါဒစကားတွေက နည်းနည်း၊ အိမ်ထောင်ပြုတော့၊ မြေးချီချင်လှပြီလို့ ပြောတာကများများ။

တော်သေးတယ်။ မိဘတွေက နယ်မှာမို့ အတူတူရှိနေတော့ မိုးလင်းကနေမိုးချုပ် အဲဒီအိမ်ထောင်မြန်မြန်ပြုရေးပဲ ပြောနေတော့မှာ။

အခုတောင် အိမ်က ဖုန်းလာပြီဆိုရင် ခပ်လန့်လန့်။ အိမ်ထောင်ပြုဖို့ဆိုတာ အပြောလွယ်ကောင်းလွယ်မယ်။ လက်တွေ့ဘဝမှာတော့ ခရီးရှည်ကြီး ဖြတ်သန်းကြရမှာက ကာယကံရှင်တွေလေ။

အချစ်နဲ့အိမ်ထောင်ရေးဟာ ထပ်တူထပ်မျှဖြစ်တယ်ဆိုရင်တော့ သေချာတယ်။ ကျွန်တော့်အတွက် အိမ်ထောင်ပြုခြင်းဆိုတာ ဘယ်တော့မှ ရှိလာမှာမဟုတ်ဘူး။





## အခန်း (၁)

“ဟိတ်ကောင်…မင်း သွားတွေ့ဖြစ်အောင် တွေ့နော်။ မတွေ့လို့ကတော့ မနက်ဖြန် ငါ ရန်ကုန်အရောက်ပဲ”

“ဖေဖေ”

ဖေဖေက သူ့ဘာသာသူပြောပြီး ဖုန်းချသွားသည်။ ကျွန်တော် ရှုံ့မဲ့နေတာကိုကြည့်ပြီး ဓေယျက-

“ဘာတဲ့လဲ”

“ထုံးစံအတိုင်းပေါ့ကွာ”

“နောက်တစ်ယောက်ပေါ့”

“အင်း”

“ဟာ…မိုက်တာပေါ့ကွ…မင်းမိဘတွေက မိဘဝတ္တရားကျေကြတဲ့သူတွေ။ ငါ့မိဘတွေများကျတော့လည်း ကိုယ်လွတ်ရုန်းပဲ”

"ဟမ်"

ကိုယ့်မိဘတွေကို ကိုယ်ပြန်ဝေဖန်နေသော ဧယျကို ကျွန်တော် မျက်လုံးပြူးကြီးနှင့်ကြည့်တော့ ဒီကောင်က အတည်ပေါက်ကြီးနှင့် ခေါင်းညိတ်ကာ…

"ဟုတ်တယ်လေ…မိဘဝတ်ထဲမှာ ထိမ်းမြားပေးခြင်း ဆိုတဲ့ တာဝန်ပါသေးတယ်လေကွာ။ အဲဒါ အရွယ်ရောက်ကတည်းက ကျေရမယ့်ဟာကို ကိုယ့်ဘာသာကိုယ်ရွေး၊ ကိုယ်ဖြစ်ကိုယ်ခံ လုံးဝ ရှာမပေးစားဘူး။ တစ်ခုခုဖြစ်ရင် အမေတို့ပေးစားတဲ့ ချွေးမဆိုပြီး သူတို့ခေါင်းပေါ်လာတင်မှာ ဆိုးလို့တဲ့လေကွာ"

"ဟား…ဟား"

ရှုံ့မဲ့ရှုံ့မဲ့နှင့် လာလုပ်ပြနေသော ဧယျကိုကြည့်ပြီး ကျွန်တော် သဘောကျစွာ ရယ်လိုက်သည်။

ပြီးတော့ စောစောက ပြဿနာဆီသို့ စိတ်ပြန်ရောက်သွားကာ…

"ကျွတ်…ငါ သွားမတွေ့ချင်ဘူး…ဧယျ၊ ဘယ်လိုလုပ်ရမလဲ…အကြံပေးပါဦး"

"တော်ပါကွာ…မင်းကို အကြံပေးမယ့်အစား ကျားမြီးပဲ ပြေးဆွဲလိုက်ချင်ပါရဲ့ ညီလင်းရာ"

ဧယျက•အကြောက်အကန် ထပြောသည်။ ကျွန်တော် ဒီကောင်ကို ပြောလို့မရမယ့်အတူတူ ခါးတွင် စည်းထားသော Apron ကို ချွတ်လိုက်သည်။





ခေါင်းတွင်ဆောင်းထားသော စားဖိုမှူးဦးထုပ်ကိုပါ ချွတ်ကာ…

"မသွားလို့တော့ မဖြစ်ဘူး…ဟေ့ကောင်၊ ဒီနေ့မသွားရင် မနက်ဖြန် ဘိုးတော် ပေါက်ချလာပြီး ပေးစားနေရင် ပေးစားမှာ။ ပြောလို့တော့ မရဘူး"

"ဟား…ဟား…အဲဒီလောက် မကြောက်ပါနဲ့ မမြဝင်းရယ်…ဗိုလ်အောင်ဒင် ဘောင်းဘီချွတ်တာ ရေချိုးသွားမလို့ပါ"

"အေးပါ…အေးပါ…ပြောထားဦးပေါ့။ မင်းကျမှ ဝင့်လည်ဦးမှာနော်"

"အမလေးဗျာ…ဒီလိုမျိုး ဝင့်လည်ရရင် ဆယ်ခါဖြစ်ဖြစ်၊ အခါတစ်ရာဖြစ်ဖြစ် ဝင့်လည်ပလေ့စေ"

ဧယျက ကောင်တာစားပွဲဘေးက ခုံတွင်ဝင်ထိုင်ရင်း အော်ကျယ်အော်ကျယ် ပြော၏။

ကျွန်တော်ကတော့ ကောင်တာနောက်ဘက်တွင် နားနားနေနေ နေ၍ ရအောင်ပြုလုပ်ထားသော အခန်းထဲသို့ ဝင်ခဲ့သည်။

ကိုယ်လုံးပေါ်မှန်ရှေ့တွင်ရပ်ကာ ကိုယ့်ကိုယ်ကိုယ် သပ်ရပ်အောင်ပြင်ရင်း နှုတ်ခမ်းမှ မဲ့ပြုံးတစ်ချက် ဖြစ်သွားသည်။

ယခုတွေ့ရမည့် မိန်းမကကော ဘာဂုဏ်တွေ၊ ပညာတွေနှင့် ချိန်ထိုးတိုင်းတာဦးမလဲ။ သူ့ရဲ့ရုပ်သည် ယခင်တုန်းကလည်း မင်းသားတစ်ယောက်လို ချောသည်။ ယခုလည်း ချောပါသည်။

တစ်ခုပဲ ကွာခြားသည်။

'ညီလင်းညို' ဆိုတဲ့ ယောကျ်ားတစ်ယောက်သည် ယခင်

က သာမန်ကောင်ကလေးတစ်ယောက်ဖြစ်ခဲ့ပေမယ့် ယခုချိန်မှာတော့ နာမည်ကြီး 'Super Sunday' စားသောက်ဆိုင်ပိုင်ရှင်ဖြစ်နေခဲ့သည်။ ဒါဟာ မိန်းကလေးတွေအတွက် မက်မောစရာဖြစ်နေမည်ပေါ့။

ထိုအတွက်ကြောင့်လည်း မိန်းမတွေကို အထင်ကြီးစိတ်သူ့၌ စိုးစဉ်းမရှိ။

ယခုလည်း ဖခင်က သွားတွေ့ဆိုရ၍သာ တွေ့ရမည်။ ရင်ခုန်စိတ်လှုပ်ရှားခြင်း မဖြစ်မိပေ။

"အမယ်…အမယ်…စိတ်မပါဘူးလေး ဘာလေးနဲ့…ဖွန့်…တက်ကြွချက် တိုက်ကြက်ကြီးတောင် အရှုံးပေးရဦးမယ်"

"ဒါပဲလေ…ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ မနာလိုမဖြစ်နဲ့လေ"

"ဟုတ်ပါပြီ…ဟုတ်ပါပြီ"

"သွားတော့မယ်…ဘာလိုသေးလဲ… ဆိုင်အတွက်"

"ဩော်…နေဦး"

ဆိုင်ထဲမှ ထွက်ဖို့ပြင်နေသော ကျွန်တော့်ကို ဖေယျက လှမ်းတားပြီး…

"မနက်ဖြန် စားပွဲထိုးတွေ ခန့်ဖို့ရှိတယ်နော်။ မင်း…ဒီညဆိုင်မလာဖြစ်ရင် မနက်ဖြန်တော့ စောလာခဲ့ကွာ"

"အိုကေ…သူငယ်ချင်း"

သူ ခေါင်းညိတ်ပြီး မှန်တံခါးလေးကို ဆွဲဖွင့်ထွက်လိုက်သည်။

သူတို့ရဲ့ 'Super Sunday' စားသောက်ဆိုင်သည် အနံ့





အရသာကောင်းမွန်သော ကော်ဖီက အဓိက ဖြစ်သည်။

သူတို့ဆိုင်ရဲ့ကော်ဖီကို သောက်ပြီးလျှင် တခြားဆိုင်သို့ မသွားချင်တော့ပေ။ နိုင်ငံခြားမှာ သူနှင့်ဖေယျက စားဖိုမှူးသင်တန်း သွားတက်ခဲ့ကြသည်။

သူက ကော်ဖီနှင့် အအေးသင်တန်းတက်ကာ ဖေယျက ချက်နည်းပြုတ်နည်းသင်တန်း တက်သည်။

ဒီနေ့ ယောကျ်ားလေးတွေ နိုင်ငံခြားထွက် အလုပ်လုပ်သူကလုပ်၊ IT သင်တန်းတက်သူကတက်ဖြစ်နေချိန်မှာ သူတို့နှစ်ယောက်က စားဖိုမှူးသင်တန်းတက်သည်ဆိုတော့ လူတချို့က ရှုံ့မဲ့ကြသည်။ အတင်းတုတ်ချင်ကြသည်။

နိုင်ငံခြားမှာ သင်တန်းတက်ရုံသာတက်မည်။ လက်တွေ့ဆိုင်ဖွင့်လျှင် ဈေးကြီးတာနှင့် စားသောက်မည့်သူကော ရှိပါ့မလားဟု အကြံပေးသလိုလိုနှင့် တွန်းချဖို့ အဆင်သင့်ရှိနေသူတွေ။

တကယ်တော့ လူတွေက စားသောက်နေသည့်အချိန် အစားအသောက်ကောင်းကိုသာ စားသောက်လိုကြသည်။ အစားအသောက်သာကောင်းလျှင် ဘယ်လောက်ဈေးကြီးကြီး စားကြသည်။

သူတို့လည်း ကြုံဖူးပါသည်။ တချို့ဆိုင်တွေ နာမည်ကြီးပါသည်။ နိုင်ငံခြားက သင်တန်းဆင်း စားဖိုမှူးတွေလည်း ရှိတော့ ရှိပါသည်။ ဒါပေမဲ့ စားသောက်သူတွေအတွက် စိတ်ကျေနပ်မှု မရှိပေ။

ယခု သူတို့ဆိုင်လေးက အဆောင်တွေ၊ သင်တန်းတွေ ပေါ်သော လှည်းတန်းမှာ ဖြစ်သည်။ ဆိုင်ခန်း၏ မျက်နှာစာကို မှန်တွေနဲ့ပဲ ကာရံထားပြီး အတွင်းဘက်၌ Facility အပြည့်။

wailer, waitress တွေကို ဝန်ဆောင်မှုကောင်းစေရန် သေချာ Train လုပ်ထားသည်။

Customer တွေဆီက မည်သည့်ညည်းညူမှုကိုမှ မကြားစေရ။ စလုပ်ကတည်းက ဘာမှာသလဲ၊ ဘာပြောသလဲ၊ ဘာတောင်းဆိုလဲ သေချာနားထောင်၊ တိတိကျကျ ဆောင်ရွက်ပေး။ ဒါကို မကြာခဏ သတိပေးသည်။ သင်ကြားပေးသည်။

ဒါကြောင့်လည်း သူတို့စားသောက်ဆိုင်သည် တစ်ရှိန်ထိုး နာမည်ကြီးလာခြင်း ဖြစ်သည်။ နာမည်ကြီးလာသည်နှင့်အမျှ တာဝန်ကြီးလာသည်။ ပို၍ ဂရုစိုက်ရသည်။

ကားပေါ်ကအဆင်း ဖုန်းမြည်လာသဖြင့် နားထောင်ရင်း ဆိုင်ထဲကို လှမ်းကြည့်လိုက်သည်။

"မင်း ဘာရောင်ဝတ်ခဲ့၊ ငါ ဘာရောင်ဝတ်ခဲ့မယ်လို့ ပြောတာ ဟိုဘက်ခေတ်မှာ ကျန်ခဲ့ပါပြီ။ ရှင့်ဓာတ်ပုံက ကျွန်မဆီမှာရှိသလို ကျွန်မဓာတ်ပုံ ရှင့်ဆီမှာ ရှိတာပဲ။ တွေ့တဲ့သူ ခေါ်ပေါ့"

တဲ့။ တကယ်ဆို သူမ ဖြူသလား၊ မည်းသလား သူ မသိ။

ဖေဖေ ဓာတ်ပုံလှမ်းပို့ပေမယ့် မှတ်မှတ်သားသား ကြည့်ရှုမနေတော့ သူ့ရဲ့ များစွာသော ဓာတ်ပုံတွေကြားထဲ ရောက်သွားသဖြင့် 'လှကေရီ' ဆိုတာ ဘယ်သူပါဆိုပြီး ရှာမရတော့။





ထို့ကြောင့် ဆိုင်ထဲကို အရင်ဝှေ့ကြည့်သည်။ မိန်းကလေးတွေက သူတို့တွေနှင့် ချိန်းတွေ့လျှင် ကတိတည်မှ ကြိုက်သည်။

ကျွန်တော်က ထိုချက်ကောင်းကို သိထားသဖြင့် တမင်နောက်ကျအောင်လာခဲ့သည်။ ဒါက ပထမဆုံး ချိုးဖောက်ခြင်း။

ဒုတိယချိုးဖောက်ခြင်းက ကိုယ်နှင့် လက်ထပ်ရမယ့်သူဟာ ဘယ်သူလဲ၊ လှုပ်လှုပ်ရှားရှားမဖြစ်ဘဲ ဖုန်းပြောနေခြင်း။

အိုကေ…နောက်ထပ် စိတ်ပျက်အောင်လုပ်ရမည့်အချက်များစွာ ရှိပါသေးသည်။

မိဘတွေကိုကျတော့ ကျွန်တော် မလိုချင်ပါဘူး။ ဘယ်လောက်ပြောပြော ရမှမရဘဲ။ ဒီတော့ ရနိုင်မည့်လမ်းကနေ ချိုးဖောက်ရမည်ပေါ့။

"လာခဲ့မယ်နော်…ကို"

"ဆောရီး…ငယ်…ကိုယ် ဒီနေ့တော့ ဘယ်လိုမှ မအားဘူး"

"ကိုကလဲ…မနေ့ကလည်း မအား၊ ဒီနေ့လည်း မအား၊ မနက်ဖြန်လည်း မအားနဲ့ ငယ်တို့ ဘယ်ရက်ကျမှ တွေ့ရမှာလဲ။ သိပ်စိတ်ပျက်တာပဲ"

ကောင်မလေးက မူနွဲ့နွဲ့ ပြောလေသည်။ ဖုန်းပြောနေရင်း သူ့အကြည့်က မတ်တတ်ထရပ်လိုက်သည့် အရပ်မြင့်မြင့်၊ ဒေါင်ကောင်းကောင်း မိန်းကလေးတစ်ယောက်ဆီ အကြည့်ရောက်သွားသည်။

သူမက ကျွန်တော့်ကိုကြည့်ပြီး တစ်လှမ်းချင်း လှမ်းလာ

တာမို့…

"ဒါပဲနော်…ငယ်"

ဖုန်းချကာ Airplane mode တစ်ခါတည်း လုပ်လိုက်သည်။ ကိုယ့်ရဲ့ကောင်မလေးတွေအကြောင်း ကိုယ်ပဲသိသည်။ သူတို့ ကျေနပ်ရလောက်အောင် မပြောရလျှင် တတွတ်တွတ် ဖုန်းဆက်နေတတ်သည်။





## အခန်း (၂)

"ကျွန်မ လှကေရီပါ ကိုညီလင်းညို ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

သူမက ဦးဆောင်ပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပုံက ပိုင်စိုးပိုင်နင်း ရဲရဲဝံ့ဝံ့။ သူမကိုယ်သူမ ယုံကြည်ချက်အပြည့် ရှိနေသည့်ဟန်။

သူ့ရဲ့အရပ်တောင် ၅ ပေ ၉ လက်မ ကျော်သည်။ သူမက ၅ ပေ ၆ လောက် ရှိမည်။

အရပ်အမောင်းနှင့် လိုက်ဖက်စွာ လူကလည်း တောင့်တောင့်ဖြောင့်ဖြောင့်။

ခေတ်ဆန်ဆန် ပြင်ဆင်ထားပုံက ဆရာဝန်ဆိုသည့်ဂုဏ်နှင့်တော့ သိပ်လိုက်ဖက်မှု မရှိလှပေ။ ဆေးရုံပြင်ပမှာမို့ ကိုယ်တော်ချင်သလို ဝတ်ခွင့်ရှိတယ်ဆိုပေမယ့် ကိုယ့်ရဲ့ဂုဏ်သရေကို သိနေသူကတော့ သူမကို နှာခေါင်းရှုံ့နိုင်သည်။

“ဘယ်လိုလဲ…ကြည့်လှချည်လား။ အင်း…ကြည့်ပုံကလည်း အပြစ်ရှာတဲ့ မျက်လုံးကြီးနဲ့ပါလား”

သူမက ငေ့ါဝိုက်မနေဘဲ ဒဲ့ပြောတော့ ကျွန်တော်က ပခုံးတွန့်ပြီး ပြုံးလိုက်သည်။ မဟုတ်ပါဘူး။ ဘာညာငြင်းမနေတော့ပေ။

“ဇကရီ…ရှင့်အကြောင်း တော်တော်လေး ကြားဖူးနေတယ်နော်”

“အဟား…ကျွန်တော်က မင်းသား မဟုတ်ဘဲ ဒီလိုနာမည်ကြီးသွားတယ်ဆိုတော့ ထတောင် ကရမလား မသိဘူး…လှဇကရီ”

ကျွန်တော့်ရဲ့ ပမာမခန့်အမေးကို သူမက အပြုံးနှင့် တုံ့ပြန်ကာ…

“ကသင့်ရင် ကရမယ် ထင်တယ်။ ဆယ်လီတိုင်း နာမည်ကြီးကြတာမှ မဟုတ်တာ”

အင်း…အတော်မလွယ်တဲ့ အမျိုးသမီးပဲဟု သူ မှတ်ချက်ချလိုက်သည်။ စားပွဲထိုးလေး စားသောက်စရာတွေ လာချပေးသဖြင့် တိတ်သွားကြပြန်သည်။

ကျွန်တော်က သူမကို အကဲခတ်နေစဉ် သူမက ဖုန်းကို ငုံ့ကြည့်ကာ ဘာတွေလုပ်နေသလဲ မသိ။

“နှစ်ဖက်မိဘတွေက ကျွန်မတို့နှစ်ယောက် လက်ထပ်ဖြစ်ဖို့ဆန္ဒတွေ ရှိကြတယ်။ ကျွန်မရဲ့ဆန္ဒကတော့ လူကြီးမိဘတွေဖောက်တဲ့လမ်းထက် ကိုယ့်ဘာသာဖောက်တဲ့လမ်းကပဲ လျှောက်





ချင်တယ်”

“အဲဒီတော့ ကျွန်တော်တို့နှစ်ယောက် နားလည်မှု အရင်ယူချင်တယ်လို့ လှဇကရီက ပြောချင်တာလား”

“နီးပါ”

“ဟင်”

ကျွန်တော့်စကားကို သူမက ခပ်ပေါ့ပေါ့ ခေါင်းယမ်းလိုက်သဖြင့် ကျွန်တော် အံ့သြသွားသည်။ စိတ်ပျက်သွားသည်။

ဘယ်လောက်ပဲ လမ်းဟောင်းကို မလျှောက်ချင်ပါဘူး ပြောနေနေ တကယ်တမ်းကျတော့ အဲဒီလမ်းစဉ်ပဲ လိုက်ချင်ကြသည်မဟုတ်လား။

ပညာရှာနေရလို့၊ စီးပွားရှာနေရလို့ ယောကျ်ားတစ်ယောက်ကို စောင့်ကြည့်အကဲခတ်ဖို့အချိန် မရှိ။ ထို့ကြောင့် မိဘက သင့်တော်တယ်ဟု ရွေးချယ်ပေးသူကိုသာ ဘာပဲဖြစ်ဖြစ် ယူတော့မည်ဆိုတာ ဒီနေ့ခေတ် အပျိုကြီးတွေ၊ အပျိုကြီး မရောက်တရောက်မိန်းမတွေ ပြောနေသောစကား ဖြစ်သည်။

သူမက အအေးကို စိမ်ပြေနပြေ သောက်ပြီးမှ…

“ကျွန်မမိဘတွေရဲ့ဆန္ဒကို ငြင်းပယ်ခဲ့တာ ကြာပြီ။ ခဏခဏ ငြင်းလွန်းလို့လည်း အိမ်က ငြိုငြင်လာပြီ”

“ဘာထူးလဲ…နောက်ဆုံး ဒီဘူတာပဲ ဆိုက်လာတာမဟုတ်လား”

“အတူတူပါပဲ…ကျွန်တော်လည်း မိဘတွေရဲ့ဆန္ဒကို ငြင်းလာရတာ ခဏခဏပါပဲ။ ခုထက်ထိလည်း အိမ်ထောင်ပြုဖို့

စဉ်းစားလို့ မရသေးပါဘူး။ အဲဒီလို ပြောရတဲ့အတွက်လည်း လုဧကရီကို တောင်းပန်ပါတယ်။

“ဟင်…ဝမ်းသာလိုက်တာရှင်”

“ဟမ်”

ငြင်းပယ်စကားကို ဝမ်းသာအယ်လဲ လက်ခံသဖြင့် ကျွန်တော်တောင် ဟမ်ခနဲ ကြောင်သွားရသည်။ သူမက ပြုံးရွှင်သောအမူအရာဖြင့်…

“အဲဒီတော့လေ…ရှင့်ဘက်က ကျွန်မကို လက်[illegible]နိုင်လို့ ဆိုပြီး ဒီကိစ္စကို ဖျက်သိမ်းကြရင် မကောင်းဘူးလား”

“ဘယ်ဖြစ်မလဲ”

“ဟင်…ဘာလို့လဲ”

“ကျွန်တော့်ကို လက်မခံနိုင်တာက ခင်ဗျားလေ…ခင်ဗျားက ဖျက်ပါလား။ ဘာလို့ ကျွန်တော့်ကို အမုန်းခံခိုင်းနေတာလဲ”

“အို…ဘာထူးလို့လဲ၊ ရှင်လည်း ကျွန်မကို လက်ခံနိုင်တဲ့သူမှ မဟုတ်တာ။ ရှင် ငြင်းပါလား”

“နေပါဦး”

“ဘာလဲ”

“ယောကျ်ားလေးတစ်ယောက်ရဲ့အငြင်းက ဘယ်လောက်ရှက်စရာကောင်းသလဲ။ ခင်ဗျား သိသလား။ ခင်ဗျား ငြင်းလို့ ဒီပွဲဖျက်ရတယ်ဆိုရင် ကျွန်တော် မကောင်းလို့ပဲလို့ ထင်ကြမှာ”

“ဪ…ဒါလား”

သူမက ကျွန်တော့်စကားကို သဘောကျစွာပြုံးပြီး အဆေး





ခွက်ထဲကပိုက်ကို ဆော့ကစားရင်း…

“ကျွန်မက အဲ့ဒီလို အသေးအမွှားကိစ္စတွေကို သိပ်မကြည့်တတ်ဘူး။ အရင်လူတွေတုန်းကလည်း သူတို့ဘက်က ငြင်းအောင်လုပ်ခဲ့တာချည်းပဲ။ အဲဒီလိုငြင်းခံရုံနဲ့ သိက္ခာကျရရဲ့လား”

“ခင်ဗျားကတော့ လက်လန်တယ်”

“ရှင် ငြင်းမှာမလား”

“နိုးပါ”

“ဘာရှင့်”

သူမရဲ့စကားဖြင့် ကျွန်တော် ပြန်ပြောတော့ သူမ ဒေါသအမျက် ထွက်သွားပုံရသည်။

ကျွန်တော် ထိုင်ခုံနောက်မှီပေါ်မှာ ကိုယ်ကို ပစ်မှီချကာ

“ခင်ဗျားဘက်က ငြင်းပါ၊ ကျွန်တော့်ဘက်က ငြင်းတယ်ဆိုရင် မိန်းကလေးကတောင် မငြင်းဘူး၊ မင်းက ငြင်းရသလားဆိုပြီး ကျွန်တော့်မိဘတွေ ဒေါသဖြစ်လိမ့်မယ်”

“ဒီမှာ ကျွန်မ ရှင့်ကို ဒီလောက်ထိ ရှင်းပြနေတာတောင် ရေဘူးလား”

ကျွန်တော် သူမ ဒေါသဖြစ်နေပုံကိုကြည့်ပြီး ပခုံးတွန့်ကာ စောစောတုန်းက Airplane mode လုပ်ထားသောဖုန်းကို ပြန်ဖွင့်လိုက်သည်။

ဒီနေ့ကိစ္စအတွက် ပြီးပြီ။ မိန်းမတစ်ယောက်ကို တာဝန်တွေရားအရ လာရောက်တွေ့ဆုံခြင်းတွေ ပြီးပြီ။

“ရှင် မငြင်းဘူးပေါ့”

"Right"

"ကျွန်မလည်း မငြင်းဘူး"

ကျွန်တော် မျက်ခုံးပင့်သွားတော့ သူမက ဟက်ဟက် ပက်ပက် ရယ်ကာ…

"ဒါပေမဲ့ မင်္ဂလာပွဲဖြစ်လာဖို့အထိတော့ ရှင် စိတ်ကူးယဉ်မထားနဲ့နော်။ ကျွန်မက မိဘသဘောတူတဲ့ အိမ်ထောင်ဘက်ကို စောင့်ကြိုနေရအောင် ခပ်တုံးတုံးမိန်းမ မဟုတ်ဘူး"

"ဖြစ်ရတယ်"

"ရှင် ငြင်းမယ်ဆိုတဲ့အဖြေကို ကျွန်မ စောင့်နားထောင်နေမယ်။ ဟောဒါ ကျွန်မရဲ့လိပ်စာကဒ်"

သူမက ကျွန်တော့်ရှေ့မှာ လိပ်စာကဒ်ချပေးကာ နှုတ်ဆက်ခြင်းမပြုဘဲ ထွက်သွားလေသည်။ ကျွန်တော် ပခုံးတွန့်ကာ လိပ်စာကဒ်ကို လှမ်းယူကြည့်လိုက်သည်။

Dr လှစကရီ ဆိုတဲ့နာမည်ရဲ့အောက်မှာ ဂုဏ်ထူးဝိသေသတွေ များစွာ။

ဩော်…ဒါကြောင့်လည်း မာန်တက်၍ကောင်းနေတာပေါ့။ နောက်ဆုံး မိန်းမဆိုတာ မိန်းမပါပဲဆိုတဲ့ သဘောတရားကြီးကို ဘယ်ချောင်ထိုးထားလေသလဲ မသိ။

သူ မရှိတော့ပြုံးကာ လိပ်စာကဒ်ကို လက်ကျန်အအေးခွက်ထဲ နှစ်ချကာ waiter လေးကို လှမ်းခေါ်လိုက်သည်။

အအေးဖိုးရှင်းပြီးတော့ ဖေယျကို ဆိုင်မလာတော့ကြောင်း လှမ်းဖုန်းဆက်လိုက်သည်။





ကားပေါ်ရောက်လျှင် ဖုန်းတစ်ကောလ် လာပြန်သည်။ ကြည့်လိုက်တော့ သူ့ကောင်မလေးများစွာထဲက ကောင်မလေး တစ်ယောက်။

ဖုန်းကို မကိုင်ဘဲ ပိတ်လိုက်သည်။

'ချို' ကို စိတ်နာပြီး သူ အလုပ်ကြိုးစားကာ စိတ်ပျော်အောင် ကောင်မလေး တစ်ယောက်ပြီးတစ်ယောက်။ နောက်တော့ တစ်ယောက်တောင် မပြီးသေးဘဲ နှစ်ယောက် သုံးယောက် တွဲခဲ့သည်။ သွားခဲ့လာခဲ့သည်။

လည်ကြပတ်ကြသည်။ စားကြသောက်ကြသည်။ ဒီအကန့်ထက် ဘာမှမပို။ သူ့ကြောင့် ဘယ်မိန်းကလေးမှ ဘဝမပျက်ရပါ။

သူတို့ဘာသာသူတို့ ကျွန်တော် ထားခဲ့၍ စားမဝင် အိပ်မပျော်တာတော့ ကျွန်တော်နဲ့ အနေသာကြီးပါ။

'အချစ်' ဆိုတာကို အယုံအကြည်မရှိတော့တဲ့ ကျွန်တော့်အတွက် နှလုံးသားနဲ့ရင်းပြီး ချစ်ရမယ့်သူ ဘယ်တော့မှ ပေါ်လာမည်မဟုတ်ပေ။

အချစ်ကို အကြောက်ကြီးကြောက်နေပေမယ့် အချစ်ဆိုတဲ့စကားကို ထပ်တလဲလဲသုံးကာ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက်နှင့် တွဲနေခဲ့ပေမယ့် ချစ်စိတ်ဖြစ်မလာ။

ဒါဟာလည်း ကောင်းတော့ကောင်းပါသည်။

## အခန်း (၃)

"ဘာကောင်းတော့ ကောင်းပါတယ်လဲကွ…ဒီမှာကြည့်စမ်း…မင်းစက်ဘီးကြောင့် ငါ့ကား နောက်မီးလုံးကွဲသွားတာ မမြင်ဘူးလား"

"မြင်တယ်လေဗျာ"

"မြင်ရင် လျော်လေ"

"ဟာ…မတော်လို့ ဖြစ်တာလေ။ ပြီးတော့ ခင်ဗျားကားက ယာဉ်ကြီး၊ ကျွန်တော့်စက်ဘီးက ယာဉ်ငယ်၊ ဖြစ်လာရင် ခင်ဗျားမှာ တာဝန်အရမ်းရှိတယ်"

"ဟမ်…ပြောတတ်လိုက်တာ၊ ပြောတတ်တဲ့ပါးစပ် ရွှေတောင်ချထားရတော့မယ်။ သူ့ဘာသာသူ ရပ်ထားတဲ့ကားကို စက်ဘီးနဲ့ ဝင်တိုက်တာ…မင်းလေ၊ ဘာမတော်လို့လဲ…ဥပဒေမှာ မတော်တဆဆိုတဲ့စကား မရှိဘူး…ချာတိတ်"





အမှန်တော့ ဒီလောက်ထိဖြစ်ဖို့ ကျွန်တော်က မရည်ရွယ်ပါ။

ဒါပေမဲ့ ယောကျ်ားလေးတန်မဲ့ ရုပ်တွေ့ကောင်းလွန်းသော အနီချာတိတ်က တော်တော်လွန်လွန်းပါသည်။

သူကပဲ မှားသေး။ ကျွန်တော့်ကိုလည်း ရန်တွေ့သေး။ တော်တော် တရားကျဖို့ကောင်းသည်။ လမ်းဘေးမှာ ချရပ်ထားသော ကားနောက်မီးလုံးကို ကွဲအောင် ဘယ်လိုပုံစံနှင့်များ စီးနင်းခဲ့လေသလဲ မသိ။

ကျွန်တော်က အရေးတကြီး ဖုန်းလာနေသဖြင့် ကားကို လမ်းဘေးချရပ်ကာ ဖုန်းပြောနေခြင်း ဖြစ်သည်။

ဖုန်းပြောနေတာ အဆုံးမသတ်သေး။ ဒုန်းခနဲဆိုတဲ့အသံကြောင့် ကားနောက်ကြည့်မှန်ဆီ အကြည့်ရောက်သွားတော့ လား…လား…ကျွန်တော့်ကားကို မိုက်မိုက်ကန်းကန်း ဝင်တိုက်သည့် ဖြိုင်ဘီးစက်ဘီးလေး။

ကျွန်တော် တစ်ဖက်လူကို မြန်မြန်နှုတ်ဆက်ကာ ကားပေါ်မှ လျင်မြန်စွာ ဆင်းလိုက်သည်။ အနက်ရောင်ကျောပိုးအိတ်ကို ခပ်လျော့လျော့ လွယ်ထားသည့် ချာတိတ်လေး။

ပူပြင်းနေသည့် ရာသီဥတုနှင့် မလိုက်ဖက်စွာ ဘွတ်ဖိနပ်သည်တို့အဖြူကိုစီးကာ ဘောင်းဘီအနက်၊ မီးခိုးရောင်အကျႌလက်ရှည်နှင့် ချာတိတ်က ခပ်တည်တည်ပင်။

ကျွန်တော့်ကိုတောင် မခန့်လေးစားစကားတွေ ဆိုလို့။

"ဒါတွေ ဘယ်လိုလုပ်မလဲ"

ကျွန်တော် ညွှန်ပြသည့် မီးလုံးအကွဲကို ခပ်ပြုံးပြုံးကြည့်ကာ…

“ပိုက်ဆံ မရှိဘူး”

“ပိုက်ဆံမရှိရင် ရဲစခန်းလိုက်ခဲ့”

“မလိုက်ပါဘူး၊ ဘာလို့ လိုက်ရမှာလဲ။ ဒီမှာ ဟေ့လူကြီး မီးလုံးတစ်လုံးနဲ့ ခင်ဗျားအဆင့် ဘာဖြစ်သွားမှာမို့လဲ”

“အမယ်…လာ…လာသေး”

ကိုယ်က ပိုက်ဆံရှိတာနဲ့ပဲ ဒါကို လျှော်နိုင်းစရာအကြောင်း မရှိသလိုလိုနှင့်။

“ဒီမှာ ဟေ့လူကြီး…ကျွန်တော် ဒီနေ့ (၁၀) နာရီ အရောက်သွားရမှာ တစ်ခု ခင်ဗျားနဲ့ ပြောနေရတာတောင် အချိန်ကြာနေပြီ”

“အဲဒါ မင်းလုပ်တာလေ…ငါနဲ့ ဘာဆိုင်လို့လဲ။ မင်း ဘာသာ (၁၀) နာရီချိန်းချိန်း၊ (၁၁) နာရီချိန်းချိန်း ငါ့ကို အလျှော် မပေးဘဲ မင်း ဒီနေရာက တစ်ဖဝါးမှ မခွာရဘူး…ဒါပဲ”

ကျွန်တော် တမင် ပညာပေးလိုက်ခြင်း ဖြစ်သည်။

အမှန်တော့ ကျွန်တော်လည်း ဈေးထက် စောပြီး ဆိုင်သွားရဖို့ ရှိသည်။ ဒီနေ့ ဆိုင်မှာ အလုပ်သမား (၄) ဦး ခန့်ဖို့ရှိသည်မဟုတ်လား။

နာမည်ရှိနေပြီဖြစ်တဲ့ဆိုင်မှာ လမ်းဘေးလက်ဖက်ရည်ဆိုင်လို လူလိုလို့ဆိုပြီး ဟိုကလာပို့လည်း လက်ခံ၊ ဒီကလာပို့လည်း လက်ခံဆိုတာမျိုး မရပေ။





“အကိုကြီးရယ်…လုပ်ပါဗျာ”

“ဟာ…ဟေ့ကောင်…အဲဒါ ဘာလုပ်တာလဲကွ”

တွေးနေတုန်း ငိုကြီးချက်မဖြင့် ကျွန်တော့်ခြေသလုံး ဖက်လိုက်တဲ့ ကောင်လေးကြောင့် ကျွန်တော် ပြူးပြူးပျာပျာ ဖြစ်သွားရသည်။

“ဟိတ်ကောင်…မင်း မရှက်ဘူးလား။ ယောကျာ်းကြီး တန်မဲ့ ငိုနေတာကွ”

“ကျွန်တော် မရှက်နိုင်ပါဘူးဗျာ…ကျွန်တော့်မှာ စားစရာလည်း မရှိ၊ ပေးစရာလည်း မရှိ၊ လူငမွဲတစ်ယောက်ပါ”

ပြောကပြောတတ်သည်။

ဝတ်စားထားသည့် အဝတ်အစားတွေနှင့် ပုံစံလေးက နုနုဖတ်ဖတ်မို့ မရှိဆင်းရဲသားဆိုတာ ယုံစရာမရှိ။

ကိုယ်တိုင်လည်း အလုပ်ချိန်နီးနေတာက တစ်ကြောင်း၊ ဒီထက် ထပ်ငေါက်နေလို့လည်း ဘာမှမရနိုင်တာ သိနေတာက တစ်ကြောင်းမို့…

“ကဲ…ထ…ဟိတ်ကောင်၊ ငါလည်း အရေးတကြီး သွားစရာရှိနေတာနဲ့ မင်း သက်သာသွားတယ်မှတ်၊ နောက် တစ်ခါ ဒါမျိုးထပ်ဖြစ်ရင်တော့ မင်း ဆွဲစိခံရမယ်”

“ဟာ…ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရာ… ဒီလောက်သဘောကောင်းတဲ့အစ်ကိုကြီး ဇနီးချော…ဇနီးလှလေးနဲ့ ရာသက်ပန် အိုအောင်မင်းအောင် ပေါင်းရပါစေ။ လိုအင်ဆန္ဒတွေ တစ်လုံးတစ်ဝကြီး ပြည့်စုံပါစေ”

"ဟိတ်ကောင်"

"သွားပြီဗျ"

သွားခွင့်ပြုလိုက်တော့လည်း စက်ဘီးကို ခပ်မြန်မြန်မောင်းကာ လှစ်ခနဲ ပျောက်သွားသည်။

ကျွန်တော့်မှာတော့ သူ့ဆုတောင်းစကားကြောင့် အီလည်လည်ကြီး တစ်ယောက်တည်း ကျန်ခဲ့သည်။ နောက်တော့ ခေါင်းကို အသာယမ်းကာ ကားပေါ်တက်လိုက်သည်။

ညနေ အိမ်ပြန်မှပဲ ဝပ်ရှော့ပို့ရမည်။ ရက်ရာဇာလား၊ ပြဿဒါးလားတော့ မသိ။ စောစောစီးစီး ပွဲဦးထွက် ကားမီးလုံးကတော့ ကွဲပါပြီ။

ခုလည်းကြည့်ပါလား။

ထွက်သွားတာကို ကောင်းကောင်းထွက်မသွား။ စက်ဘီးကို မြန်မြန်ကြီး နင်းသွားပုံက ဘယ်နေရာ ဘယ်ကွေ့မှာ ထပ်ပြီး ပြဿနာရှာဦးမလဲ မသိ။

ခုခေတ်ကလေးတွေ တကယ်ခက်သည်။ အကြောက်အလန့်လည်း မရှိ။ ဖြစ်ခါမှဖြစ်ရော။ နောင်ခါလာ နောင်ခါရှေး ဆိုသလို ဖြစ်မှပြဿနာရှင်းကြမည့်သူတွေ။

ဆိုင်သို့ရောက်တော့ ဖေယျက မရောက်သေး။

"ကိုညီလင်း…ဒီနေ့ စောတယ်နော်"

"ဘယ်ကလာ စောရမလဲ သားကြီးရာ…လမ်းမှာ ကောင်လေးတစ်ယောက် ငါ့ကားကို ဝင်တိုက်သွားလို့ ရှင်းလင်းနေတာ ပိုကြာသွားတာ။ မဟုတ်ရင် ဒီထက်တောင် စောဦးမယ်"





"ဗျာ…ကားကို တိုက်ခံရတယ်…ဟုတ်လား"

"ဟုတ်ပါ့…တော်ပါပြီကွာ။ ပြောရင် ငါ ပိုစိတ်တိုရတယ်။ ဒီနေ့ ဝန်ထမ်း (၅) ယောက် အလုပ်ခန့်ဖို့ကိစ္စ ရှိသေးတယ်။ ဖောင်တွေ တစ်ချက်ယူလာပြီး"

"ဟုတ်ကဲ့"

ဆက်ပြောလျှင် ထပ်မကြည်လင်စရာတွေပဲ ဖြစ်နေမှာမို့ သားကြီးကို အလုပ်လာလျှောက်မည့်သူတွေရဲ့ ဖောင်ကို ယူလာခိုင်းလိုက်သည်။

အမှန်ဆို မနေ့ညက ယူသွားကြည့်ဖို့ရာ တခြားအလုပ်တွေ ရှိသေးတာမို့ ယူမသွားဖြစ်။ ခန့်မည့်ဝန်ထမ်းများက စားဖိုမှူးအကူ (၁)ယောက်၊ waiter(၂) ယောက်နှင့် waitress(၂) ယောက် ဖြစ်သည်။

လာလျှောက်တဲ့ဖောင်က (၁၅) စောင်။ အလုပ်နှင့်ကိုက်ညီမည်ထင်သော ဖောင်က (၆) စောင်။

ဖောင်ထဲက အချက်အလက်တွေကြည့်ပြီး Blue moon ဖျော်ရည်အတွက် သတိရသွားသည်။

ကောင်တာမှခွာပြီး စားဖိုဆောင်ဘက်သို့ ဝင်လာသည်။ ဆိုင်တွင် အပူနှင့်အအေးကို သူတို့ရဲ့ကိုယ်ပိုင်ဟန် ကိုယ်ပိုင်နာမည်များပေးထားသည့် အအေးတချို့လည်း တင်သည်။ ထို့အတွက် ပိုဂရုစိုက်ရသည်။

"ကိုခက်…Blue moon အတွက်"

"ကျွန်တော် အားလုံးပြင်ပြီးသွားပြီ…ကိုညီလင်း၊ မနေ့က

ကိုသိလွင် လာပြောတာပဲလေ"

"ဟုတ်လား...ကျွန်တော် ပြောပြီးတာကို သတိမရဘူး။ ဆောဆောကမှ သတိရလို့...ကျေးဇူးပါပဲဗျာ။ ဒါဆို တစ်လက်စ တည်း မမနီတို့ဆိုင်အတွက် ထုံးစံအတိုင်း မုန့်နဲ့အအေး ပြင်ပြီး သားကြီးတို့ကို သွားပို့ပေးခိုင်းပါဦးဗျာ"

"ဟုတ်ကဲ့ပါ ကိုညီလင်း"

"ဒါဆို ကျွန်တော် ရှေ့ဘက်မှာပဲ ရှိနေမယ်နော်"

တချို့ဆိုင်တွေက အထူးဧည့်သည် ဖိတ်ထားသည့်နေ့မျိုးတွင် သူတို့ဆိုင်က အစားအသောက်များကို ပါဆယ်မှာတတ်သည်။

ထိုသို့မှာလျှင် သူတို့ဆိုင်မှာ ဝန်ထမ်းများက ထိုဆိုင်တွင် သွားရောက်၍ စားပွဲဝိုင်း ပြင်ပေးသည်။ သူတို့ဆိုင်တွင် လာစားရသကဲ့သို့ အစစအရာရာ ပုံစံတူအောင် ပြင်ဆင်ပေးသည်။

မှာယူမှုပေါ်တွင်လိုက်၍ ဝန်ဆောင်မှုကို အခမဲ့ပေးသဖြင့် တချို့က ပါဆယ်မှာကြသူများ ရှိသည်။

ထိုအတွက်ကြောင့်လည်း ဝန်ထမ်းတွေ ပို၍လိုအပ်ခြင်း ဖြစ်သည်။ သူတို့ဆိုင်ရဲ့အစားအသောက်နှင့် အိမ်တိုင်ရာရောက် လိုက်ပြင်ဆင်ပေးသည့် ဝန်ဆောင်မှုများကြောင့် မှာယူသည့် customer တွေ ပို၍များလာလေသည်။

"မင်း ရောက်ပြီဆိုတော့ တော်သေး"

မော့ကြည့်လိုက်တော့ ဓေယျက မှန်တံခါးတွန်းဖွင့်ဝင်လာသည်။ ဓေယျလည်း ကြည့်ကောင်းသည့် ယောကျ်ားလေးစာရင်း





ဝင်သည်။ ဝတ်လျှင်လည်း ခေတ်နှင့်အညီ စမတ်ကျကျ ဝတ်တတ်သည်။

သူနှင့်ကွာခြားတာတစ်ခုက ဓေယျတွင် လက်ထပ်ရမယ့် ချစ်သူ ရှိသည်။ မကြာခင် လက်ထပ်ကြတော့မည်။ ဓေယျနှင့်သူ အချစ်အကြောင်း၊ မိန်းမတွေရဲ့အကြောင်း ဖြိုင်ငြင်း၍ မရပေ။

အချစ်နှင့်ပတ်သက်၍ တစ်ယောက်နှင့်တစ်ယောက် ခံစားချက်ခြင်းမတူတော့ ယူဆချက်ခြင်းလည်း မတူ။ ပန်းတိုင်ခြင်းလည်း မတူ။ ဓေယျက သူ့ကိုပြောတာ တစ်ခွန်းတည်း။

"မင်းက လူ့ဥစ္စာ" တဲ့။

# အခန်း (၄)

"ဘယ်လိုဖြစ်တာလဲ…ဝိတ်တာကျမှ ဖောင်တင်ထားတဲ့သူတွေ ရောက်မလာတာလဲ"

"ရောက်လာသားပဲ…မင်းပဲ မကြိုက်ဘူးဆိုပြီး ပယ်လိုက်ပြီးတော့"

"ပယ်တာက ရောက်လာမှမဟုတ်ဘူး။ မရောက်လာခင်ကတည်းက ပယ်ပြီးသား၊ တချို့ဆို အရည်အချင်းတွေ အများကြီး၊ ဒီဂရီတွေ…အမြီးတွေ အများကြီး"

"အဲဒါဘာဖြစ်လဲ…ငါတို့ဆိုင်အတွက် ပိုမကောင်းဘူးလား"

ထိုလာလျှောက်သူတွေကို လက်မခံသည့်အတွက် ဓေယျက သိပ်ကျေနပ်ပုံ မရပေ။





သူ ဖောင်အထပ်လိုက်ကို ဘေးသို့ တွန်းရွှေ့လိုက်သည်။ …န့်ကုတ်ကုတ်နှင့်ဖြစ်နေသော ဓေယျမျက်နှာကိုပါ သေချာကြည့်လိုက်သည်။

တစ်ခုတော့ သူ့မှာ လိုအပ်သွားသည်။ နှစ်ယောက်အတူတူလုပ်ကိုင်ကြသည့်အလုပ်တွင် တစ်ယောက်၏သဘောထားကို တစ်ယောက် မဆွေးနွေး မတိုင်ပင်ဘဲ ကိုယ့်ဘာသာ ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

"ဒီမှာ သူငယ်ချင်း…ဘွဲ့ဒီဂရီတွေ၊ သင်တန်းလက်မှတ်ပေါင်းစုံရှိနေတဲ့သူက ငါတို့အလုပ်မှာ သင့်တော်မလား မင်းစဉ်းစားကြည့်ပါဦး"

"သင့်တော်တယ်ထင်လို့ သူတို့ လာလျှောက်တာပဲလေကွာ"

"အဲဒီလူတွေ ဒီအလုပ်မှာ မြဲမယ်လို့ကော မင်းထင်လား"

"ဒါကတော့ကွာ…"

"ဒီမှာ သူငယ်ချင်း၊ ဒါကတော့ဆိုတာကို ခဏထားဦး။ သူတို့က ငါတို့အမိန့်ကိုကော ကောင်းကောင်းနာခံမယ်လို့ထင်လား။ အမျိုးမျိုးသော customer တွေရဲ့ဒဏ်ကိုကော သည်းခံနိုင်ပါ့မလား"

သူ့ရဲ့ချက်ကျလက်ကျမေးခွန်းကြောင့် ဓေယျ တစ်ချက် ငြိမ်သွားသည်။

အလုပ်ရှားပါးနေသည့်အချိန်မို့ ရရာအလုပ်ကို ခဏဝင်လုပ်

ပြီး တခြားသင့်တော်သောအလုပ်သို့ ပြောင်းရွှေ့လျှင် သူတို့ပဲ ကမောက်ကမ ဖြစ်လိမ့်မည်။

"အရည်အချင်းတော့ ရှိသင့်တာပေါ့။ waiter ရဲ့အရည်အချင်းနဲ့ အဆမတန်မြင့်တဲ့ အရည်အချင်းရှိသူဆိုတော့ ငါတို့ရဲ့ သူ့ပညာအရည်အချင်းနဲ့ သူ့ကို ခိုင်းရမယ့်အလုပ်နဲ့ ကိုယ့်ကိုပဲ ပြန်အားနာနေရဦးမယ်"

"တော်ပြီကွာ…တော်ပြီ။ စားဖိုမှူးနဲ့ စားဖိုမှူးအကူလည်း ရပြီ။ waitress တော့ ငါပဲ ခန့်မယ်။ waiter ကိစ္စတော့ မင်းဘာသာ အဆင်ပြေအောင် ကြည့်လုပ်တော့"

ဇေယျက သူ တွန်းဖယ်လိုက်သော ဖောင်တွေကို ပြန်ယူ သည်။

"ခန့်မယ့်သူတွေ ငါ တစ်ခါတည်း အကြောင်းပြန်လိုက် မယ်"

"အဲဒါတော့ မင်းသဘောလေ"

ဒီကောင်ဇေယျကတော့ စိတ်လိုက်မာန်ပါလုပ်လွန်းသည်။ အမှန်…သူတို့အိမ်ရောက်မှ ခန့်ကြောင်းဖုန်းဆက်တော့ကော ဘာဖြစ်မှာမို့လို့လဲ။

သို့သော် ဒီလောက်ထိလည်း ထပ်မပြောချင်တော့ပေ။

"ဒုန်း"

"ဟင်"

"အမလေး"

"အား"





တိုက်မိခိုက်မိတဲ့အသံတွေကြောင့် သူ ကပျာကယာ လှည့်ကြည့်လိုက်တော့ ဇေယျ အပေါက်ဝမှာ တစ်စုံတစ်ယောက် နှင့် တိုက်မိခြင်းဖြစ်သည်။

"ဟင်"

တစ်ကျွတ်ကျွတ်နှင့် မတ်တတ်ထရပ်လိုက်သူကိုမြင်တော့ သူ ထိုင်ရာမှ ဖျတ်ခနဲ ထမိသွားသည်။

ဇေယျသည် ပခုံးကိုဖိကာ ရှုံ့မဲ့နေသောမျက်နှာနှင့်…

"ဘယ်လိုဖြစ်တာလဲဟေ့…ဒီနေရာကို မင်း ဝင်ချင်တိုင်း ဝင်…ထွက်ချင်တိုင်းထွက်လို့ရတဲ့ ဇရပ်များ မှတ်နေသလား"

"ခင်ဗျားက ဘာလဲ…ခင်ဗျားနဲ့ မပြောဘူး။ အလုပ်ရှင်နဲ့ ပြောမယ်"

"ဘာ"

"ဟား…"

လုပ်ချလိုက်ပြန်ပြီ။

ကျွန်တော် ကိုယ့်နဖူးကို ကိုယ့်လက်ဖဝါးနှင့်ရိုက်၍ ထိုင်ခုံ ပေါ် ထိုင်ချလိုက်သည်။

ဇေယျမျက်နှာက ရဲရဲနီသွားသည်။ အေးလေ နီမည်ပေါ့။ အလုပ်ရှင်ကို ခင်ဗျားနဲ့မပြောဘူး၊ အလုပ်ရှင်နှင့်ပြောမည်ဆိုတော့

"မင်း တော်တော်ဖောင်းနေပြီ…ချာတိတ်"

"ဇေယျ"

"ဟင်"

"ခင်ဗျား"

ဓေယျ ဒေါသကို သိနေသဖြင့်သူပဲ ကြားဝင်လိုက်တော့သည်။ သူ့ရဲ့အသံကြောင့် ချာတိတ်ရဲ့အကြည့်က ကျွန်တော့်ဆီသို့ ရောက်လာသည်။

အံ့ဩသော မျက်ဝန်းတွေနှင့်ကြည့်ကာ ဘာပြောရမှန်းမသိသလိုနှင့် ဖြစ်နေချိန်…

"မင်း waitress တွေခန့်ဖို့လုပ်မယ်ဆို…တော်ကြာပြန်ကုန်ကြဦးမယ်။ ဒီကိစ္စ ငါ့ဆီမှာထားခဲ့"

"ဘာလဲ…သူ့ကို မင်း သိလား"

ဓေယျက ကောင်လေးကို မကျေနပ်စွာကြည့်၍ မေးခလေသည်။

သူ အပြေးအလွှား စဉ်းစားလိုက်သည်။ မသိဘူးဟု ပြောလိုက်လျှင် ဒီချာတိတ် ဆိုင်ထဲကတောင် ဆွဲထုတ်ခံရနိုင်သည်။

ထို့ကြောင့် နှုတ်က ပြောမထွက်သဖြင့် ခေါင်းပဲ ညိတ်ပြလိုက်သည်။

ဓေယျက ကောင်လေးကို မကျေနပ်သလို စူးစူးရဲရဲကြည့်ပြီး ထွက်သွားလေသည်။

ဘယ်ရေစက်နှင့်များ ဒီကပေါက်တိကပေါက်ချာကောင်လေးနှင့် လာဆုံရသနည်း။

ပထမတစ်ခါ တွေ့ဆုံပုံက မတော်တဆဆိုတာ ထားပါတော့။ ဒုတိယအကြိမ် တစ်နေ့တည်းမှာ (၂)ကြိမ် တွေ့ရသည်ဆိုတာတော့ မလွန်လွန်းဘူးလား။





တွေ့ဆုံလိုက်ရသည့်အချိန်တိုင်းမှာလည်း အဆင်ပြေတယ်လို့ မရှိ။ ဝုန်းဒိုင်းကြဲနေတော့ ဘယ်သူက ကျေနပ်နှစ်သိမ့်နိုင်မည်နည်း။

"ဟိတ်ကောင်"

"ကျွန်တော့်ကို ခေါ်တာလား"

တွေ့လား…မေးပုံက အချိုးမပြေတာ။ ဒီရုံးခန်းထဲမှာ သူနှင့်ကိုယ် နှစ်ယောက်တည်းရှိတာ ကိုယ်က သူ့ကိုမခေါ်လို့ ဘယ်သူ့ကို သွားခေါ်ရမည်နည်း။

အလုပ်လာလျှောက်တာတဲ့…ပေကတ်ကတ် ရွှတ်ဆတ်ဆတ်နှင့်။ ကိုယ်နှင့် တစ်နေ့တည်းမှာ နှစ်ခါဆုံတာတော့ ကံကောင်းခြင်းထဲမှာ ခုထက်ထိ မပါသေး။ ကံဆိုးခြင်းတွေသာ ဆက်တိုက်ရောက်နေသေးသည်။

သူ စိတ်ညစ်လက်ညစ်နှင့်ကြည့်တော့ ကောင်လေးကသည်း ခပ်တည်တည် ကြည့်နေသည်။

တစ်စက်ကလေးမှ အကြောက်အရွံ့မရှိ။ လူကတော့ သူချောပါပဲ။ မနက်တုန်းက ဒေါသစိတ်ကြောင့် သေချာသတိထားမိခဲ့။ ထောင့်မကျိုးတဲ့ပုံစံက ရုပ်နှင့် တစ်စက်မှ လိုက်ဖက်မှမရှိ။

"အခု ဘာကိစ္စလဲ"

"အလုပ်လျှောက်မို့"

ကိုယ်တစ်ခွန်းမေး၊ သူက တစ်ခွန်းဖြေ။ အလုပ်လျှောက်မို့ဆိုတော့ သူ့ရဲ့လက်ထဲ လှမ်းကြည့်လိုက်တော့ ဘာမှမရှိ။

ထို့ကြောင့် ကိုယ့်ရှေ့မှာရှိသော ဖိုင်အချို့ကို ငုံ့ကြည့်ရင်း…

"မင်းက"

"ကျွန်တော် ဖောင်မတင်ရသေးဘူး"

"ဘာ"

ဖောင်ဖြင့်မတင်ဘဲ အလုပ်လာလျှောက်တာတဲ့၊ ကြား ကောင်းရဲ့လားဗျာ။

စိတ်ရှည်အောင် အတင်းဆွဲဆန့်ထားသော ကျွန်တော် ဒီထက်လည်း ပိုပြီး စိတ်မရှည်နိုင်တော့။

စားပွဲခုံထက်မှာ ဝုန်းခနဲ မတ်တတ်ထကာ…

"ဟေ့…ဒါ စစရာ နောက်စရာနေရာ မဟုတ်ဘူး။ အလုပ်လုပ်နေတာကွ။ ဖောင်မတင်ဘဲ အလုပ်လာလျှောက်တယ် ပြောတိုင်း ခန့်ရအောင် မင်းက ဘာမို့လို့လဲ"

ကျွန်တော် အော်ပြောလိုက်တော့ သူ တစ်ချက် ငြိမ်သွား သည်။ ပြီးတော့ ခေါင်းငုံ့ကာ ကျွန်တော်ရှိရာသို့ တဖြည်းဖြည်း တိုးကပ်လာကာ…

"ကျွန်တော့်မှာ အလုပ်တစ်ခု မရှိမဖြစ် လိုအပ်နေလို့ပါ ကိုကြီးရာ"

တွေ့လား…မနက်ကလည်း အဲဒီ့အတိုင်းပဲ။ ကားမီးလုံး ကွဲတာ မလျော်ချင်တော့ ဒူးဖက်တောင်းပန်သွားခဲ့တာ။ ယခု လည်း အလုပ်လိုချင်တော့ မျက်နှာနှင့်အမူအရာကအစ စောစော တုန်းကနှင့် တခြားစီ ဖြစ်သွားသည်။

ဘာတဲ့…အစ်ကိုကြီးကနေ…ကိုကြီး ဆိုပါလား။





"ဒီနေ့ ကျွန်တော် အလုပ်မရရင် ဘယ်မှာသွားစရာနေရာ မရှိလို့ပါဗျာ။ ကိုကြီးတို့အလုပ်မှာက နေစရိတ်၊ စားစရိတ်ငြိမ်း ဆိုတော့ ကျွန်တော့်အတွက် အများကြီး အဆင်ပြေသွားလို့ပါ"

"နေစရိတ်၊ စားစရိတ်ငြိမ်းဆိုတာ စားပွဲထိုးကွ"

"ဟုတ်တယ်လေဗျာ…ကျွန်တော်လည်း စားပွဲထိုးပဲ လာလုပ်တာဗျ"

"ဟေ"

"မင်းက"

အိမ်မှာ အလိုလိုက်ခံထားရသည့်ကလေးလို ဖွတ်ဆတ် ဆတ်၊ နုဖတ်ဖတ် ဒီကောင်လေးက စားပွဲထိုးလုပ်မလို့ ဆိုပါ လား။

ကျွန်တော့်ရဲ့ ပြူးပြူးပျာပျာအကြည့်ကို သဘောပေါက် သွားပုံရသည့် ကောင်လေးက သူ့လက်နှစ်ဖက်ကို မြှောက်ပြကာ

"ဟေ့လူ…ကျွန်တော့်ကို အဲဒီလိုပုံစံနဲ့ လာမကြည့်နဲ့။ ကျွန်တော် ဒါမျိုးမလုပ်ဖူးတဲ့ကောင် မဟုတ်ဘူး။ အိုကေ… ခင်ဗျား ခိုင်းကြည့်၊ အဆင်မပြေရင် အန်ကယ်လ်ဘက်က နီးပါ ပြော…အိုကေ ရတယ်။ လစာ လုံး၀ တစ်ပြားမှ ပေးစရာမလို ဘူး။ ကျွန်တော့်အတွက်က အဓိကကတော့ နေစရာကျောတစ်ခင်း စာနဲ့ အလုပ်လေးတစ်ခုရဖို့ ခုလောလောဆယ်မှာ သေရေးရှင်ရေး လိုအပ်လို့ပါဗျာ"

"မင်းနာမည် ဘယ်သူလဲ"

"ဗျာ…ကျွန်တော့်ကို အလုပ်ခန့်တော့မှာလား"

ဒီနေ့ တစ်ရက်တည်းမှာ မျက်နှာက ခုနစ်ထွေမက တတ်လည်းတတ်နိုင်သော ကောင်ကလေးကို သူ စားပွဲပေါ် လက်နှစ်ဖက်တင်၍ ထိုပေါ်မှာ မေးထောက်ပြီး မေးလိုက်သည်။

စကားကို အတည်အခန့်လိုလို ပြောနေသည့် ကောင်လေးရဲ့ စကားလုံးတွေက အိုဗာအိုက်တင်တွေပဲလားတော့ မသိ။ မကြိုက်ဘူးဆိုလျှင် လခပေးစရာ မလိုဘူးဆိုပါလား။

အထောက်အထားလက်မှတ် ဘာမှမပြနိုင်ခဲ့သဖြင့် ပြစရာ အထောက်အထား မရှိတာလား။ အိမ်ပေါ်ကနေ အခန့်မသင့်လို့ ဆင်းလာတာလားတော့ ကာယကံမှလွဲ၍ ဘယ်သူမှ မသိနိုင်။

အမှန်တော့ တစ်ဖက်မှာ ဒီကောင်ကလေးအား အလုပ်လုပ်ဖို့ စိုးရွံ့နေမိသော်လည်း တစ်ဖက်မှာ စမ်းခိုင်းကြည့်လိုသဖြင့်···

"မောင်"

"တစ်လုံးတည်းပဲလား"

"ဟုတ်တယ်···တစ်လုံးတည်းပဲ၊ ကျွန်တော့်နာမည် မောင်"





# အခန်း (၅)

'မောင်'ကို အလုပ်ခန့်သဖြင့် ဖေယျက အစပိုင်းမှာ သူ့ကို အမြင်မကြည်လင်။

မကြည်လင်လည်း မကြည်လင်စရာ။ မောင်နှင့်ဖေယျသည် တွေ့လိုက်တိုင်း ကြောင်နှင့်ကြွက်။ ဖေယျကလည်း အလုပ်ရှင်ပီပီ သူ့ကို ပမာမခန့်လုပ်ခဲ့သည့် မောင့်ကို ပညာပေးဖို့ ချောင်းနေသည်။

မောင်ကလည်း သေးသေးတင်မခံ။ ဆတ်ဆတ်ထိမခံဆိုတော့ ဆိုင်မှာ သူ မရှိလျှင် မောင်နှင့်ဖေယျ တစ်ခုမဟုတ် တစ်ခု ပြဿနာဖြစ်တတ်သည်။

ထိုပြဿနာမျိုးကတော့ ဖေယျ ဖန်တီးသည့်ပြဿနာမျိုးဖြစ်ကာ မောင်က သူစားခံဖြစ်ရတတ်သည်။

"ဓေယျ…မင်းကွာ"

"ဘာလဲ"

"ဒီလူမဖြစ်တဲ့ ကောင်လေးနဲ့တုပြီး မင်း လိုက်ဖြစ်နေတာတော့ မဟုတ်ဘူး"

"ဘာကွ…ဒါဆို သူစော်ကားတာကိုကျတော့ ငါက ခံရမယ်ပေါ့…ဟုတ်လား"

ဓေယျက ပြန်အော်သည်။ အမှန်တော့ ဓေယျက သူ့ထက်စာလျှင် ပျော့ပျော့နေတတ်သူ။ ယခုတော့ နှေးစဉ်နှင့်အမျှ ပြဿနာနှင့် လုံးလားထွေးလား။

ပြန်စဉ်းစားကြည့်တော့လည်း ဓေယျ အလွန်မဟုတ်။ ဟိုကောင်လေးသည် စကားအပြောအဆိုမတတ်။ အသံကြားတာနဲ့တင် ရိုက်ပေါက်။ လေသံနှင့်အပြုအမူကအစ ထောင့်မကျိုး။

ယခုလည်းကြည့်…ဓေယျနဲ့ နောင်ဂျိန်ပေးနေခြင်းများ သူရောက်နေတာတောင် မသိကြပေ။

"အလုပ်လုပ်တာ အသုံးကိုမကျဘူး။ ဒါများ ဘာမျက်စိနဲ့ ညီလင်းက ခန့်ထားသလဲ မသိဘူး"

"ဒီမှာ ဟိတ်လူ…ခင်ဗျားသူဌေးချင်းကြီးကလေ ကျွန်တော် အသုံးမကျရင်လေ အလကား ပိုက်ဆံပေးထားမယ်များ ခင်ဗျားထင်နေလား။ ဟွန့်…ဝေးပါသေး"

"ဘာ…ညီလင်းက မင်းကို အလုပ်ခန့်တဲ့ ကျေးဇူးရှင်နော်။ ဒီလို ကျေးဇူးကန်းရဲတာ အံ့သြပ"

"အံ့သြလို့ တိုင်နဲ့ ခေါင်းနဲ့ ဆောင့်သေချင်ရင်လည်း





သဘောပဲ။ ဒါလေးပြောတာကို ကျေးဇူးကန်းရဲတယ်ပြောတယ် အံ့သြပ"

"မင်း"

"ဓေယျ"

"ဟင်"

"ညီလင်း…ဟော့ကောင်"

မသိလျှင် မောင်သည် ဓေယျ မခံချိမခံသာဖြစ်အောင် ဓေယျ ဒေါသမထွက်ထွက်အောင် သွားဆွနေတာနှင့် တူနေသည်။

ဓေယျ တကယ်စိတ်တိုလာပြီး လက်ပါမယ်ပြင်တော့ ကျွန်တော် သူတို့နှစ်ယောက်အနီးသို့ ခပ်သွက်သွက် လျှောက်သွားသည်။

ဒေါသထွက်လျက် လက်တမြှောက်မြှောက်ဖြစ်နေသော ဓေယျနှင့် ဖနောင့်နှင့် ပေါက်ချင်စဖွယ်ကောင်းအောင် မျက်နှာပေးလုပ်ထားသော မောင်မှာ သူသာ ကြားမဝင်လျှင် သူသေကိုယ်သေ သတ်ပွဲများဖြစ်တော့မည်မှာ မုချ။

ဓေယျနှင့်မောင့်ရဲ့ကြား ဝင်ရပ်က…

"ဘာတွေဖြစ်နေကြတာလဲကွာ…မင်းတို့ရဲ့ ရန်ဖြစ်စကားများသံကလေ…ဟိုရှေ့က customer တွေရှိတဲ့ထိကို ကြားနေရပြီ။ တော်သေးတယ်။ customer တွေမရှိလို့၊ ဘာလို့ ဒီလောက်ထိ အော်ကြီးဟစ်ကျယ် ဖြစ်နေရတာလဲ"

သူ့ကိုမြင်တော့ ကောင်လေး၏မျက်နှာထားက ပြောင်းသွားသည်။ အနည်းငယ် လျှော့သွားရုံကလွဲလျှင် အရမ်းပြောင်းလဲ

သွားသောအနေအထားတော့ မဟုတ်ပေ။

ဇေယျက မောင့်ကို အမျက်ချောင်းချောင်းထွက်သော အကြည့်နဲ့…

"ဒီကောင့်ကို အလုပ်ထုတ်ပစ်ကွာ ဇေယျ…ဒီလောက်ထိ အလုပ်ရှင်အပေါ် ပမာမခန့် ဆက်ဆံနေတဲ့ အလုပ်သမားမျိုး ငါ့တစ်သက် တစ်ခါမှ မတွေ့ဖူးဘူး။ ဘယ့်နှယ်…ဒီကောင် ဆိုင်ရောက်လာမှ ငါလည်း အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရနဲ့"

"ခင်ဗျား"

"မောင်…မင်းကို ငါ ဘာမှ မေးလည်းမမေးသေးဘူး။ ပြောလည်းမပြောသေးဘူးနော်။ သွား…သားကြီးကို ကူစရာရှိတာ သွားကူ"

"ကျွန်…"

"ဟ…မင်း ဒီလောက်ထိ ပြောနေတာတောင် အတွန့်တက်နေသေးလား…ငါ လုပ်လိုက်ရ"

"ဟွန့်"

ပြောချင်တာကို မပြောရသဖြင့် မကျေနပ်သောဟန်ဖြင့် ဇေယျကို မျက်စောင်းထိုးကာ လှည့်ထွက်သော ကောင်လေးကို ကျွန်တော် မျက်မှောင်ကုတ်ကြည့်လိုက်သည်။

လူက တစ်ခါတလေ အပြောအဆို ဘောက်ဆတ်ဆတ်၊ တစ်ခါတလေ အပြုအမူက နွဲ့တဲ့တဲ့။

ပုံစံကလည်း ယောကျ်ားလေးလိုသာ ပြောသည်။





ထွားကျိုင်းသော ယောကျ်ားလေးပုံစံ ဘယ်နေရာမှာမှ မရှိ။

ကိုရီးယားမင်းသားတွေလို ပျော့ဖတ်ဖတ်၊ နွဲ့တဲ့တဲ့၊ သေးသေးသွယ်သွယ်။

ဒီကောင် အနည်းငယ် ခြောက်များခြောက်နေသလား မသိ။

"ငါ စိတ်မထိန်းနိုင်ရင်တော့ တစ်ခုခု ဖြစ်ကြတော့မယ်"

"လာပါဦးကွ…အေးဆေးပြောကြတာပေါ့။ မင်း စိတ်ဆိုးနေတာ ငါ နားလည်ပါတယ်။ ဒါပေမဲ့ ဘာကြောင့် စိတ်တိုနေရသလဲဆိုတာ ငါ နားလည်အောင်လည်း ရှင်းပြပါဦးကွ"

ဇေယျကို စားဖိုဆောင်အပေါက်ဝမှ ရှေ့ဘက်ကောင်တာရှိရာဘက်သို့ ဆွဲခေါ်လာခဲ့သည်။

ဇေယျက မပြေလည်နိုင်သောမျက်နှာနှင့် သူ့နောက်က ဘောက်ဆတ်ဆတ် လျှောက်လာသည်။ နေ့လယ်ခင်းပေမယ့် ဆိုင်တွင် လူအနည်းငယ် ရှင်းနေသည်။

ဆိုင်ထဲတွင် စားသောက်သူ customer များ မရှိသော်လည်း နိုင်ငံခြားတေးသီချင်းချိုချိုလေးကို ဖွင့်ထားသည်။

မျက်နှာစာတွင် မှန်များကာရံထားပြီး မျက်နှာကြက်ကနေ ကြမ်းပြင်သို့ မရောက်တရောက်ဆွဲထားသော ပုလဲပုတီးများကလည်း ထိုင်ခုံတစ်ခုံနှင့်တစ်ခုံအကြားတွင် ခန်းဆီးသဖွယ်။

အနက်ရောင်နှင့်အဖြူရောင်သာ သုံးထားသော စားပွဲ၊ ထိုင်ခုံများ။ စားပွဲခုံ၏ အလယ်တည့်တည့်တွင် အနီရဲရဲ နှင်းဆီ

ပန်းအိုးလေးမှလွဲ၍ ဘာမှမရှိ ရှင်းလင်းနေသောအနေအထား။

အပြင်ဘက်က လှမ်းကြည့်လျှင်တောင် ရှင်းရှင်းလင်းလင်း သပ်သပ်ရပ်ရပ်နှင့် Romatic ဖြစ်စေသော ဆိုင်အနေအထား။

ဒီကြားထဲ နံရံကပ်ဗီရိုများပြုလုပ်ကာ နိုင်ငံခြားဝတ္ထု၊ မဂ္ဂဇင်း၊ မြန်မာနိုင်ငံထုတ် ဝတ္ထုမဂ္ဂဇင်း၊ ဂျာနယ်များပါထားရှိသဖြင့် facility ကောင်းမွန်သောဆိုင် ဖြစ်သည်။

ကော်ဖီတစ်ခွက် အနိမ့်ဆုံး ၃၅၀၀ ကျပ်ကနေ အမြင့်ဆုံး တစ်သောင်း၊ တစ်သောင်းခွဲထိရှိသော်လည်း ကောင်းမွန်သောဝန်ဆောင်မှုကြောင့် စားသုံးရတာ တန်တယ်ဟု feekback ပေးသောသူများလည်း ရှိသည်။

စာအုပ်စာတမ်းအပြင် social ပိုင်းနှင့်ပတ်သက်၍လည်း WiFi လွှင့်ပေးထားသည်။ ကော်ဖီသောက်ရင်း WiFi သုံး၊ ကော်ဖီသောက်ရင်း စာအုပ်ဖတ်ဖို့ နားနားနေနေနှင့် စားသုံးချင်သူများ၊ စိတ်အေးလက်အေးနေလိုသူများအတွက် အထူးသင့်လျော် ကောင်းမွန်သောဆိုင်မို့ သူတို့ဆိုင်တွင် မရောင်းရဘူး၊ ရောင်းမကောင်းဘူးဆိုတာ မရှိပါ။

"ပြောပါဦး…ဘာဖြစ်ကြတာလဲ"

"ဘာဖြစ်ရမှာလဲ…ဒီကောင် ပန်းကန်ထားပုံက ငါထားခိုင်းတဲ့အတိုင်းမထားဘဲ ထားချင်သလိုထားတယ်။ ပြောတော့ ငါ့ကို တစ်ခွန်းမကျန် ပြန်ပြောတယ်။ ဟော့ကောင်…နေဦး၊ ဒီတစ်ခုလေးနဲ့တင် စိတ်ဆိုးစရာရှိတာမဟုတ်ဘူး"





ဒါလေးများဟုပြောမည့် သူ့ပုံစံကို ကြိုသိဟန်နှင့် ဇေယျက လက်ကာပြပြီး စားပွဲခုံတစ်ခုံသို့ လက်ညှိုးညွှန်ပြပြီး…

"ဟိုမှာ တစ်ရှူးတွေ အကုန်ထုတ်ပစ်လိုက်တာ တွေ့လား။ ဗူးထဲမှာရှိတဲ့ တစ်ရှူးကို အပြင်ထုတ်ပစ်လိုက်တာ ဖျက်လိုဖျက်ဆီးလုပ်တာမဟုတ်လို့ ဘာလုပ်တာလဲ။ သူ့ဘာသာသူ နေသားကျနေတာ ငါ အမြင်ကတ်လို့ ပြန်ထည့်ခိုင်းတာ… လွန်လား"

ဇေယျ ညွှန်ပြရာသို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ဇေယျပြောသည့်အတိုင်းပင် တစ်ရှူးဗူးထဲက တစ်ရှူးလွှာတွေ အကုန်လုံး ဗူးအပြင်သို့ ရောက်နေသည်။

နောက်…ရှည်မျောမျော ဖန်ခွက်လေးငါးဆယ်လုံးကိုပါ တန်းစီချထားသဖြင့် ဒီကောင် ဘာတွေလုပ်နေသလဲ မသိ။

ဇေယျကိုတော့…

"စိတ်လျှော့ပါကွာ…မင်း မကျေနပ်ဘူးဆိုရင် ငါ သူ့ကို ဆူပေးမယ်။ ဒါပေမဲ့ သူနဲ့ ခဏခဏ ထိပ်တိုက်မတွေ့စမ်းပါနဲ့ကွာ"

"ဘာ"

ဇေယျ အော်သံကြောင့် သူ့ကိုယ်တောင် နောက်သို့ တွန့်သွားသည်။

"မင်းနော်…မင်း…ဘာမဟုတ်တဲ့ အလုပ်သမား တစ်ယောက်ကို ဒီလောက်ထိ ခေါင်းပေါ်တင်ထား၊ ဟိုက မင်း ခေါင်းပေါ် ချီးပါချသွားဦးမယ်"

ခပ်ရွှဲရွှဲပြောကာ ထွက်သွားသော ဒေယျကိုကြည့်ပြီး ကျွန်တော် ပခုံးတွန့်လိုက်သည်။

အကြိုက်ချင်းတူလျှင် ရန်သူဆိုသလို ဒီကောင်နဲ့မောင်က သူများမခံချင်အောင်ပြောတာ၊ ရွဲ့တတ်တဲ့အကျင့်တွေအားလုံး အတူတူ။ စိတ်ဓာတ်ချင်းတူတော့ မတည့်တာလား။

ဘာမှမထူး။ စိတ်ဓာတ်မတူတော့လည်း မတူလို့ မတည့် စရာအကြောင်းတရားက ပေါ်လာဦးမည်။ ဒီကောင်နှစ်ယောက် နေ့နံ့မတည့်လို့များ မျက်နှာချင်းဆိုင်လိုက်တာနှင့် အမြဲတမ်း ရန်တကျက်ကျက် ဖြစ်နေကြတာလား။

ဟိုကောင်လေးကို မေးရဦးမည်။





## အခန်း (၄)

"ဗျာ...ကျွန်တော် မွေးနေ့မွေးနံ့သိချင်လို့ ဟုတ်လား။ ဘာလုပ်မလို့လဲ"

"ဘာလုပ်လုပ်ပေါ့ကွ...မေးရင် ဖြေတာမဟုတ်ဘူး။ အမြဲတမ်း တစ်ခွန်းမကျန် ပြန်ပြောမယ်။ အထွန့်တက်တယ်။ အဲဒါကြောင့် မင်း ဒေယျနဲ့ မတည့်တာပေါ့။ မင်းကိုလည်း ဘယ်သူမှ ကြာကြာသည်းခံနိုင်မှာ မဟုတ်ဘူး"

သူ ဆူငေါက်ပစ်လိုက်တော့ ကောင်လေးက ဆူပုပ်ပုပ် မျက်နှာနှင့် နှုတ်ခမ်းလှုပ်ရုံ တစ်ခုခု ပြောလိုက်သည်။

"သည်းမခံလည်းနေပေါ့" ဆိုတာကို ပြောလိုက်သလား သေ။ ဒေယျ အိမ်ခဏပြန်သွားတော့ ကောင်လေးကို ခေါ်လိုက် ရသည်။

ဆူပေးမယ်ဟု ပြောထားသော်လည်း ဘာဖြစ်လဲဆိုတာ ဒီကောင့်ကိုလည်း မေးရဦးမည်မဟုတ်လား။ တစ်ဖက်သတ် အမြင်နှင့် ဆူ၍ဘယ်ဖြစ်မည်နည်း။

"ပြောပါဦး…မင်း ဘာနေ့သားလဲ"

"စနေ"

"ဘာ…စနေ…ဟုတ်လား။ မင်းနာမည်က 'မောင်'၊ မောင်ဆိုရင် မ,အက္ခရာ။ မ,ဆိုရင် ပ၊ ဖ၊ ဗ၊ ဘ၊ မ…အဲဒါ ဆိုရင် ကြာသပတေးနေ့၊ ဟေ့ကောင်လေး…မင်းနာမည် အပြည့် အစုံက ဘာလဲ"

"ဟာ…ဘာလုပ်မလို့လဲဗျာ…လူတွေမှာ ပညတ်ချက် အမည်နာမတွေဆိုတာ အဲဒီလောက်ထိ အရေးကြီးနေတယ်ဆိုရင် ခု ခင်ဗျားတို့ ခေါ်လို့ရတဲ့ အမည်နာမ 'မောင်' ဆိုတဲ့ ဝေါဟာရ ရှိနေပြီလေ…ဘာဖြစ်လဲ"

ကောင်လေးက ဂျစ်ကန်ကန်နှင့် အကြောက်အလန့် ပြောလေသည်။ ပုံစံကလည်း ထိတ်လန့်တုန်လှုပ်သွားသည့် ဟန်ချက် ချင်း ပြောင်းသွားသည်။

သူတို့ဆိုင်တွင် ထုတ်ပေးထားသော အပေါ်က အဖြူရောင် ရှပ်အင်္ကျီလက်တိုနှင့် စတိုင်လ်ဘောင်းဘီအနက်ကို ဝတ်ဆင်ထား သော ကောင်လေးမှာ သာမန်အဆင့်အတန်းထဲကတော့ ဟုတ်ပုံ မပေါ်။

အသားအရေမှာ ဝင်းမွတ်စိုပြေကာ အဖုအပိန့်၊ အစင်း အခြစ်များ ကင်းစင်သည်။ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း





ဝတ်ဆင်တတ်ပုံက အဆင့်အတန်းရှိသော အသိုင်းအဝိုင်းထဲက ဖြစ်နိုင်သည်။

သို့သော် ကောင်လေးသည် သူ့ဘဝ၊ သူ့အတိတ်ကို ဖုံးကွယ်ထားချင်တာလား၊ ပြောပြလိုက်လို့ သူတို့ သူ့အိမ်ကို အကြောင်းကြားမှာ စိုးရိမ်တာလား မသိ။ ဘာဆိုဘာမှ မေးလို့ မရပေ။

ယခုလည်း နောက်တွန့်တွန့်ဖြစ်သွားခြင်းကြောင့် သူ တစ်ချက် လျှော့လိုက်သည်။

သူ့ကိုယ်သူလည်း ရယ်ချင်မိသည်။ ကိုယ့်အလုပ်ကိစ္စနှင့် ကိုယ် မအားနိုင်သောသူက စပ်စပ်စုစုလည်း လုပ်နိုင်သေးသည် မဟုတ်လား။

"ကဲ…ထားပါတော့…ထားပါတော့။ မင်းက စနေသား၊ ဒေယျက အင်္ဂါသား…စနေဆိုတာလည်း နေ့နံတွေထဲမှာ တော်တော်ကိုဆိုးတဲ့နေ့နံ။ အင်္ဂါဆိုတာလည်း ဆိုးပြီဆိုရင် စနေ တောင် အရှုံးပေးရလောက်အောင် ဆိုးတာဆိုတော့ အဆိုးချင်း အဆိုးဖြစ်တဲ့ မင်းတို့တွေ အဲဒါကြောင့်မို့ မတည့်တာနေမယ်"

"ကျွန်တော့်ဘက်က မတည့်စရာအကြောင်း မရှိပါဘူး။ ခင်ဗျားသူငယ်ချင်းကသာ ငါ အလုပ်ရှင်၊ ငါပြောသမျှ လုပ်ရ မယ်၊ ငါ့စကားမှန်သမျှ နာခံရမယ်ဆိုတဲ့ အာဏာရှင်ဆန်ဆန် ကျင့်သုံးချင်တာလေ"

"ဟာ…မင်းကလဲ"

ချက်ကျလက်ကျ ပြန်ပြောသောကြောင့် ဒီကောင် တကယ်

မလွယ်တဲ့ကောင်ပါလားလို့ စိတ်ထဲမှာ ကျိတ်ပြီး မှတ်ချက်ချလိုက်သည်။

စတွေ့တွေ့ချင်းတုန်းကတောင် ဒီကောင်လေးကို သူ တော်တော်လေး အထင်သေးပါသည်။ လူပုံစံက ဖြူဖတ်ဖတ်။ စကားပြောတာ ထောင့်မကျိုးနဲ့မို့ ဘယ်နေရာမှ သုံးစား၍မရ။ အိမ်က မောင်းချခံရတယ်ဆိုရင်တောင် နည်းသေးတယ်ဟု ကျိတ်တွေးခဲ့သေးသည်။

သို့သော်...

ဒီကောင်လေးရဲ့စကားလုံးတွေက မြင့်သည်။ လူကသာ လက်ကျောမတင်းတာလိုလို၊ ခြောက်နေတာလိုလိုနှင့် ပြောလိုက်တဲ့စကားလုံးတွေက အကြီးကြီး။ နေရာဒေသကိုလိုက်၍ ချက်ကျလက်ကျ ပြောတတ်သည်။

ပြောရလျှင် IQ မြင့်သော လူအမျိုးအစားထဲတွင်ပါသည်။ ပုံစံကတော့ လက်ကြောမတင်းရုံမက သူဌေးသား လူဘော့ကျော့ ပုံစံပေါက်သည်။

နားရွက်ကနေ နောက်ဘက် ဂုတ်ပိုးဘက်သို့ ရှည်သွားသည့် ဆံပင်ကေမျိုးဖြစ်ပြီး ဆံပင်အရောင်က နီသလိုလို၊ ဝါသလိုလို၊ နားကို နှစ်ဖက်စလုံး ဖောက်ထားရုံနှင့် အားမရ။ နားတစ်လျှောက်လုံးတွင် အနည်းဆုံး နားပေါက် (၄) (၅) ပေါက်လောက်ကတော့ အသာလေး ရှိမည်။

သူများတွေက နားတစ်ဖက်တွင် နားကွင်းတစ်ဖက်ပဲ တတ်လေ့ရှိသည်။ ကောင်လေးက အောက်ဘက်နားပေါက်တွင်





ပလက်တီနန် နားကွင်းတတ်ပြီး ထိုနားတွင် ကျောက်ပါသည့် နားကွင်းကို ထပ်တပ်ထားသည်။

ကျောက်တော့မဖြစ်နိုင်။ ပြောင်လက်နေတာမို့ စိန်နားကပ် ဖြစ်နိုင်သည်။ ပလက်တီနမ်နှင့်စိန်ဆိုတာ သာမန်ကောင်လေးအဖို့ ဝန်နိုင်စရာအကြောင်းမဟုတ်သော်လည်း...

ဒီကောင်လေးသည် ပဟေဠိတွေနှင့် ပြည့်နေသော ကောင်လေးဖြစ်သည်။

"ပြောပါဦး...မင်းတို့တွေ ဘာဖြစ်ကြတာလဲ"

ခုထက်ထိ သိမ်းဆည်းရခြင်းမရှိသေးသည့် စားပွဲပေါ်က ဖန်ခွက်တွေ၊ တစ်ရှူးတွေကိုကြည့်ပြီး မေးလိုက်သည်။

"ဟုတ်ပါတယ်။ ကျွန်တော့်အပြစ်လည်း ပါပါတယ်"

"ဟေ"

သူတောင် ဘာမှမပြောရသေး။ မျက်လွှာချပြီး သူ့အပြစ် ပါပါသည်ဟုဆိုတော့ သူ့မျက်လုံး ပြူးသွားသည်။ မောင်က သူ့ကိုမကြည့်ဘဲ...

"အဲဒီတစ်ရှူးလေးတွေကို သုံးမြှောင့်ပုံခေါက်ပြီး ဖန်ခွက်ထဲထည့်မလို့လေ။ ဟို...ဈေးကြီးဟိုတယ်တွေရဲ့ ဧည့်ခန်းဆောင်တချို့မှာဆိုရင် ဖန်ခွက်အကြည် လှလှလေးတွေထဲ တစ်ရှူးတွေ ခေါက်ပြီး ထည့်ထားတာ။ တချို့ဟိုတယ်တွေတော့ ယွန်းတစ်ရှူးဘူးနဲ့ပေါ့။ ဒါပေမဲ့ အဲဒါတွေထက် ကြည်ကြည်လင်လင်မြင်ရတဲ့ ဖန်ခွက်ထဲမှာ တစ်ရှူးထည့်ရတာကို ကျွန်တော် ပိုကြိုက်တယ်။ ခု ဒီမှာကြည့်ပါလား။ ဆိုင်တစ်ခုလုံးက Romatic ဖြစ်ပါ

လျက် တစ်ရှူးတွေကိုကျတော့ သူ့ဂျပ်စက္ကူဘူးကြီးနဲ့ဆိုတော့ ဆိုင်ရဲ့အသရေကိုတောင် ညှိုးနွမ်းသွားစေတယ်လို့ ကျွန်တော်တော့ ထင်တယ်။"

ကောင်လေးက သူ့စကားတွေ အရှိန်ရရင် အမှုအယာပါပါ ဟန်ပါပါနှင့် ပြောနေခြင်းဖြစ်သည်။ သူက ကောင်လေးကို သေသေချာချာ ကြည့်မိပါသည်။

သေချာပါတယ်။ ဒီကောင်လေး သာမန်ကောင်လေး တစ်ယောက်တော့ မဖြစ်နိုင်။ ပိုက်ဆံရှိအသိုင်းအဝိုင်းကနေ အကြောင်းအမျိုးမျိုးကြောင့် ထွက်ပြေးလာတဲ့ကောင်လေးပဲ ဖြစ်ရမည်။

သို့သော် သူ့ဆိုင်တွင်မူ သူဌေးသားလူဘော်ကျော့ဟန်နှင့် မနေ။ စကားအပြောအဆို မတတ်ရုံမှတစ်ပါး တကယ်စေတနာပါပါနှင့် စိတ်ပါလက်ပါ လုပ်ဆောင်နေတာကို သူ အသိအမှတ်ပြုရပါသည်။

ငါက အလုပ်သမားပဲ။ အလုပ်ရှင်ခိုင်းတာပဲ လုပ်မယ် ဆိုတဲ့စိတ်မရှိဘဲ ကိုယ့်ကိုယ်ပိုင်အလုပ်လို သဘောထားတတ်သော အလုပ်သမားမျိုးက ရှားသည်။ ရှားတဲ့ထဲတွင် ဒီထောင့်မကျိုးသော ကောင်လေးပါနေသဖြင့် သူ အနည်းငယ် ဝမ်းသာသွားရပါသည်။

မကြိုက်ရင် ဖြုတ်ဟုပြောကာ စမ်းခန့်ခဲ့သောကာလတွင်မို့ ငါ အလုပ်မပြုတ်ရအောင် ကြိုးစားမယ်ဆိုတာမျိုးမဟုတ်ဘဲ အလုပ်ဝင်လာကတည်းက အစမ်းခန့်ပြီးတဲ့အထိ ယနေ့ထိ



ကြိုးကြိုးစားစား လုပ်နေဆဲ။

"ဟုတ်ပြီ…မင်းရဲ့အိုင်ဒီယာကို မင်းက ဧယျကို အရင်မပြောဘဲ မင်းလုပ်ချင်သလိုလုပ်တော့ သူက စိတ်ဆိုးမှာပေါ့။ ဒါ သူ့အလွန်မှ မဟုတ်တာ"

"သူကမှ မမေးတာ"

"ဟော…တွေ့လား၊ မင်း အဲ့ဒီလိုတွေ ပြန်ပြန်ပြောနေလို့ ဧယျနဲ့ မတည့်တာ။ ဒီမှာ မောင် အလုပ်ခန့်ထားတဲ့ ငါ့ကို မင်းအစ်ကိုတစ်ယောက်လို သဘောထားရင် ငါပြောတာ နားထောင်စမ်းပါ။ မင်းဟာ ဆိုးသွမ်းတာလေးကို ဖယ်လိုက်ရင် တကယ် လူတော်လူကောင်းလေး ဖြစ်လာမှာပါ"

"…………"

"ဟော့…ငါပြောတာ မင်း ကြားလား"

ဘာမှမပြောဘဲ ပါးစပ်ကြီးပိတ်၍ မျက်နှာဆူပုတ်ပုတ် လုပ်နေသော ကောင်လေးကို သူ ငေါက်သလိုပြောတော့…

"ကြားတယ်"

"ကြားရင် ဟိုက ကိစ္စတွေပြီးအောင် လက်စသွားသတ်တော့"

စားပွဲပေါ်က ဖန်ခွက်နှင့်တစ်ရှူးဆီ ညွှန်ပြလိုက်သည်။

## အခန်း (၇)

"ကိုကို"

"ဟင်"

"ကိုကို ဒီနေ့ အားတယ်မလား"

"အားပါတယ်...ဘာဖြစ်လို့လဲ"

"ငယ်သူငယ်ချင်းရဲ့မွေးနေ့ သွားမလို့၊ ကိုကို လိုက်ပို့ပေးနော်"

"အိုကေ...ဒါဆိုရင် နောက်တစ်နာရီကြာရင် ကိုယ်ထွက်ခဲ့မယ်...အိုကေလား"

"အိုကေပါတယ်"

ကောင်မလေး ဖုန်းချပြီးမှ သူ ဖုန်းချလိုက်သည်။ အချစ်မပါပေမယ့် ကောင်မလေးတွေနှင့် စကားပြောသည့်အခါ သူ ယုယုယယ ပြောသည်။ ကြင်ကြင်နာနာ ဆက်ဆံသည်။

ထို့ကြောင့် သူနှင့်ခွဲရတော့ ကောင်မလေးတွေဘက်က အရှုံးတစ်ပိုင်း ဖြစ်ကျန်ခဲ့သည်။ ဒါကိုတော့ သူ ဘာမှမတတ်



နိုင်ပေ။

ချစ်စဉ်အခါမှ ယုယုယယ ကြင်ကြင်နာနာ ဆက်ဆံတတ်သော သူ့သဘာဝဖြစ်ပြီး ဝေးသွားစဉ် ဓာတ်လမ်းပြတ်ပြီဟု ဆုံးဖြတ်ပြီးလျှင် သူက နောက်ကြောင်းကို ပြန်၍ တမ်းတတတ်သူ မဟုတ်ပေ။ နောက်ကြောင်းကိုပြန်၍ တမ်းတနေလျှင် သူ့အတိတ်သည် နာကျင်စရာတွေအပြည့် ဖြစ်သည်။

ချိုလှဲ့...ချိုလှဲ့...

သိပ်ကို လှပပြီး သိပ်ကို ချစ်စရာကောင်းသည့် မိန်းကလေး။

"မောင်နဲ့ ဝေးရရင်တော့ ချိုလှဲ့တော့ ကိုယ့်ကိုယ်ကို သတ်သေပစ်မှာပဲ မောင်...အိမ်က တခြားသူတွေနဲ့ သဘောတူနေတာ မောင်"

အခြေအနေ မတူသဖြင့် မျက်နှာငယ်နေရသော သူက ချိုလှဲ့ ထိုသို့ပြောလေလေ ချိုလှဲ့နှင့် သူ့ဘဝရဲ့ ကွာခြားချက်က သိသာလေလေ။ ထို့ကြောင့် ကြိုးစားလေလေ ဖြစ်ခဲ့သည်။

အမြဲတမ်း သူ့ဘက်က ကာကွယ်ပေးခဲ့သော ချိုလှဲ့ကို သူ အစွမ်းကုန် ပုံ၍ချစ်ခဲ့သည်။

"မောင် မြန်မြန်ပြန်လာနော်"

သူ နိုင်ငံခြားထွက်အလုပ်လုပ်ဖို့ ဆုံးဖြတ်တော့လည်း တောင်းခဲ့ရှာ။ မြန်မြန်ပြန်လာဖို့သာ ပြောခဲ့သည်။

"မောင်နဲ့ ချိုလှဲ့ နီးစပ်ဖို့က ဒီတစ်နည်းပဲ ရှိတော့တာကိုး။ ဘယ်တတ်နိုင်ပါ့မလဲ မောင်ရယ်။ ချိုလှဲ့ကတော့လေ မောင့်ကို

လွမ်းပြီး ကျန်နေခဲ့ရတော့မှာ…သိလား"

"ချိုလွဲ့ရယ်"

ချစ်သူကို စိတ်ချမ်းသာအောင်၊ အချစ်တိုးအောင် ပြောတတ်လွန်းသော သူမကို ရင်ခွင်ထဲတွင် တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမိသည်။

မြတ်နိုးမဝ၊ နမ်းမဝသော ပါးပြင်ထက်တွင် မျက်နှာကို အပ်ကာ…

"မောင် ချိုလွဲ့နဲ့ မခွဲနိုင်ဘူး။ ဒါပေမဲ့ ခွဲမှဖြစ်မယ်။ ချိုလွဲ့ မောင့်အတွက် ဘာမှစိတ်မပူနဲ့။ မောင်ချစ်တာ ချိုလွဲ့တစ်ယောက်တည်း။ ဒါပေမဲ့…"

"ဒါပေမဲ့ ဘာဖြစ်လဲ မောင်"

"…………"

သူ့ရင်ခွင်ထဲကနေ မျက်နှာလေး မော့၍မေးလိုက်သော ချိုလွဲ့ရဲ့မျက်နှာလေးကို ငုံ့ကြည့်လိုက်သည်။

ချိုလွဲ့သည် သိပ်ကို ချောမောလှပသော မိန်းကလေး ဖြစ်သည်။ ကက်ဆက်ဓာတ်လမ်းဖြစ်တဲ့ 'ရွှေလင်ဗန်းနဲ့ အချင်းဆေး မင်းမွေးတဲ့ သမီး' ဟုပင် တင်စားလိုက်ချင်သေးသည်။

ပထွေးနှင့်နေရသည်ကလွဲလျှင် ကျိုကျိုတက်ချမ်းသာသော မိန်းကလေး ဖြစ်သည်။ လူချမ်းသာသလို ရုပ်ကလည်း မြင်သူ ငေးရလောက်အောင် ချောသောမိန်းကလေး ဖြစ်သည်။

"ဒယ်ဒီကလေ ချိုလွဲ့အဖေအရင်း မဟုတ်ပေမယ့် သမီးအရင်းလို ချစ်တယ်။ ဒယ်ဒီ့မှာ သမီးတစ်ယောက် ရှိသေးတယ်။



သိလား…မောင်"

"ဟင်…ဟုတ်လား၊ ဒါပေမဲ့ ချိုလွဲ့တို့အိမ်မှာ မနေဘူးလား။ မောင်လာတိုင်း မတွေ့ဘူးနော်"

သူ အံ့ဩသလိုပြောတော့ ချိုလွဲ့က မျက်နှာကို ချစ်စဖွယ်ကောင်းအောင် မဲ့သည်။ ပြီးတော့ သူ့ကို မော့ကြည့်သည်။ ချစ်သူတွေဖြစ်တာ ကြာပြီမို့ ချိုလွဲ့ ကြည့်လိုက်လျှင် ဘာဖြစ်နေသလဲ သူ တန်းသိသည်။

ယခုလည်း ချိုလွဲ့ပုံစံက ပြုံးသာပြုံးနေရသည်။ အကြည့်တွေကတော့ မခံချင်စိတ်တွေ၊ ဒေါသတွေနှင့် ထွေးရောယှက်တင်ဖြစ်ကာ…

"ဒယ်ဒီက ချိုလွဲ့တို့ထက် အများကြီး ချမ်းသာတယ်မောင်။ မာမီ့မှာ ချမ်းသာတယ်ဆိုတာ ဒယ်ဒီ့ခြေဖျား မမှီပါဘူး။ ဒါပေမဲ့ ဒယ်ဒီက မာမီကိုကော ချိုလွဲ့ကိုပါ တကယ်ချစ်တယ်။ ဒါပေမဲ့ ဒယ်ဒီ့သမီး ဒီးဒီးကတော့ အရွယ်နဲ့မမျှအောင် မောက်မာတဲ့ ကောင်မလေးပဲ မောင်"

"ဟင်…ဟုတ်လား။ ချိုလွဲ့တို့နဲ့ အတူနေကြသေးလား။ ကောင်မလေးဆိုတော့ ဘယ်အရွယ်မို့လဲ။ ချိုလွဲ့နဲ့ ရွယ်တူမဟုတ်လား"

"ဟင့်အင်း…ချိုလွဲ့ထက် (၇)နှစ် (၈)နှစ်လောက်ငယ်မယ်။ ဒီးဒီးက ဒီမှာမနေဘူး။ လန်ဒန်မှာနေတာ။ လန်ဒန်မှာ ဒယ်ဒီ့ရဲ့ အဖေ အမေတွေ ရှိတယ်လေ။ သူက အဲ့ဒီအဘိုးအဘွားတွေနဲ့နေတာ"

"ဩော်…"

"မာမီနဲ့ လက်ထပ်တုန်းက ရောက်လာတယ်ဆိုတာက သဘောထားကြီးလို့ ဖခင်ရဲ့မင်္ဂလာပွဲကို တက်လာသလိုလိုနဲ့ အနောက်တိုင်းဆန်တဲ့စိတ်ဓာတ်နဲ့ပါ မောင်။ သိတဲ့အတိုင်း ဘယ်လောက်အနောက်တိုင်းဆန်ဆန် သူက ဗမာသွေးပဲ။ ဗမာစိတ်ရှိတာပေါ့။ ဒယ်ဒီနဲ့မာမီကို တွဲတွေ့လိုက်တော့လေ…အဟင်း ရယ်ချင်လိုက်တာ မောင်ရယ်။ အဲ့ဒီကောင်မလေး ဖြစ်သွားပုံကို"

ရယ်နေသော ချို့လဲ့၏မျက်နှာမှာ ကျေနပ်ခြင်းအပြည့်နှင့် ဖြစ်သည်။ စောစောတုန်းက မခံချင်စိတ်တွေ၊ ဒေါသစိတ်တွေ ပျောက်သွားတာမို့ သူ ကျေနပ်သွားသည်။

"ပွဲတောင်မပြီးသေးဘူး…အိမ်တန်းပြန်သွားရော။ အိမ်မှာလည်း တော်တော်ကို ပေါက်ပေါက်ကွဲကွဲ ငိုသတဲ့။ ဟင်း…ဟင်း…သိပ်ရယ်ဖို့ကောင်းလိုက်တာ"

သဘောကျစွာ ရယ်နေသော ချို့လဲ့ကိုကြည့်ပြီး

"အရင်ကတည်းက သူ့အဖေနဲ့ မနေရ၊ ခဏတဖြုတ် မြင်ရတော့လည်း သူ့စိမ်းတစ်ယောက်နဲ့ အတူတူဆိုတော့ သူ့အဖေကို နှမြောလို့နေမှာပေါ့။ ဒါက သားသမီးတိုင်း မိခင်၊ ဖခင်တွေ နောက်အိမ်ထောင်ထူရင် ဖြစ်လေ့ဖြစ်ထရှိသောစိတ်လေ။ ဒါနဲ့ ချို့လဲ့ကော…ချို့လဲ့မာမီ တခြားသူနဲ့ ယူသွားတာ မနှမြောဘူးလား။ ဝမ်းမနည်းဘူးလား"

"ဟင့်အင်း"

"ဟင်"



"ဟုတ်တယ်လေ မောင်ရဲ့၊ မာမီက နောက်အိမ်ထောင် ပြုပြီး ချို့လဲ့ဘဝထဲက ထွက်သွားတာမှ မဟုတ်တာ။ ပြီးတော့ ဒယ်ဒီကလည်း သူ့သမီးအရင်းလိုချစ်တော့ ဘာလိုသေးလဲ။ ဒယ်ဒီက သူ့သမီးအတွက် ပစ္စည်းတစ်ခုခုဝယ်ပေးရင် ချို့လဲ့ အတွက်လည်း ပါအောင်ဝယ်ပေးတယ်"

"ကောင်းတာပေါ့ ချို့လဲ့ရယ်…ပထွေးတွေနဲ့ မယားပါ သားသမီးတွေဆိုတာ တည့်ကြတယ်ဆိုတာ ရှားပါတယ်။ တည့် တယ်လို့ကြားရတာလည်း ဝမ်းသာစရာသတင်းကောင်းပဲ"

ချို့လဲ့ကို သူနှင့်သဘောမတူ။ သူကတော့ ချို့လဲ့မိခင် ဖြစ်သည်။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို…

'မင်းနဲ့ ငါ့သမီးနဲ့ တူလို့လား။ တန်လို့' အစချီကာ ပြောခဲ့ ဆိုခဲ့သည်။ ရုပ်ရှင်တွေထဲကမှ အစပိုင်းတွင် ဇာတ်နာအောင် ပြုလုပ်ပြီး အဆုံးတွင် သမက်လောင်းက ဖားကန့်မှာ ကျောက် သွားတူး၊ ကျောက်အောင် သူဌေးဖြစ်၊ ကောင်မလေးကလည်း သူ့အမေ သဘောတူသည့် ယောကျ်ားက လူသာသေလျှင် သေ လေ့စေ၊ မယူဘူး…ချစ်သူကို စောင့်မည်ဆိုတာမျိုး။

လက်တွေ့ဘဝမှာတော့ သူကလည်း ဖားကန့်မော်တွင်းမှာ ကျောက်လည်းမတူးခဲ့။ မင်းသမီးကလည်း မင်းသားအလာကို သစ္စာရှိရှိ စောင့်နိုင်တဲ့အထိ သစ္စာမတင်းကျပ်။

"မောင်…မာမီကလေ ချို့လဲ့ကို သူ့မိတ်ဆွေရဲ့သားနဲ့ နေရာချပေးတော့မယ်တဲ့ မောင်။ ချို့လဲ့ မောင့်ကိုပဲ ချစ်တယ်"

လို့ စာပို့ခဲ့ပေမယ့် မောင့်ကိုပဲ ချစ်နေမယ်ဟု ကတိသစ္စာ

ပေးခဲ့ခြင်းမှ မဟုတ်ဘဲလေ။

ချိုလဲ့၏ အရက်စက်ဆုံးလုပ်ရပ်မှာ သူပြန်ရောက်သော ရက်နှင့် မင်္ဂလာဆောင်သောရက်မှာ တစ်နေ့တည်းပင် ဖြစ်သည်။

သူပြန်ရောက်မည့်ရက်ကို သူ တစ်လ၊ နှစ်လ ကြို၍ အကြောင်းကြားခဲ့သည်။ ထိုသို့ဆိုလို ဒီမင်္ဂလာပွဲမဖြစ်မြောက် အောင် ကြိုးစားလို့ရသည့်အခွင့်အရေး အများကြီး။

သို့သော်…

ချိုလဲ့ လက်ထပ်သောသူမှာ ချိုလဲ့ထက် အသက် (၁၀) နှစ်ကျော်ကြီးရုံမှအပ မြန်မာနိုင်ငံတွင် သူဌေးစာရင်းဝင်။ လူကုံထံ အသိုင်းအဝိုင်းကြားတွင် နာမည်ကြီးသောသူဌေး။

သိန်းရာထုပ်လောက်ပိုက်လာသော သူ့ကို သစ္စာမစောင့်သ နိုင်တာ ဘယ်အပြစ်တင်စရာ ရှိတော့မလဲ။

"Money made everything" ငွေဆိုတာ အရာရာကို ပြုလုပ်တယ် အဓိပ္ပာယ်ရနေမှတော့ ငွေနှင့် နှလုံးသားအသစ် တစ်ခု ပြုလုပ်နိုင်သည်။

နှလုံးသားအသစ်သည် original နှလုံးသားလောက် ထုသားပေသား မခံနိုင်ပေမယ့် ငွေကြေးနဲ့ နူးနူးညံ့ညံ့ ကိုင်သည့် အခါ အသက်ရှည်ရှည်နေနိုင်သောအရာ ဖြစ်သည်။

ဒီလိုနှင့် သူသိပ်ချစ်သောချစ်သူနှင့် သူ၏အချစ်ဇာတ်လမ်း သည် အပြီးသတ် ကခွင့်ပါမစ် ပိတ်ခဲ့လိုက်ရသော ဇာတ်ပွဲတစ်ခု ဖြစ်နေလေတော့…။





## အခန်း (၈)

"ဒေါက်…ဒေါက်"

"…………"

"ဦးညီလင်း…ဒေါက်…ဒေါက်"

"ဟင်"

စိတ်အစဉ်က အတိတ်သို့ ပြေးသွားသောအခါ တွေဝေ ငေးကျင်ခြင်းဖြစ်နေစဉ် လောကကြီးကိုလည်း တဒင်္ဂ မေ့သွား သည်။ ပတ်ဝန်းကျင်ကိုလည်း မေ့သွားသည်။ နောက်ဆုံး ကိုယ့် ကိုယ်ကိုလည်း မေ့သွားသည်။

ခေါ်သံ၊ တံခါးခေါက်သံတွေ ရောထွေးနေသဖြင့် လှည့် ကြည့်လိုက်သော ဖုန်းကို မြှောက်ပြကာ ရပ်နေသော 'မောင့်' ကို တွေ့ရသည်။

"သူ ခဏနေလာမယ်တဲ့၊ ခုပဲ ခင်ဗျားကို ခေါ်နေတုန်း ဖုန်းချသွားတာ"

"သြော်…အင်း…အင်း"

ပြင်ပြီးဆင်ပြီး ထွက်လာမည်ဟုပြောခဲ့သော သူက ခုထက်ထိ ဘာမှပြင်ဆင်ရခြင်း မရှိပေ။ မောင်က တံခါးပေါက်နားတွင် ကပ်ထားသော စားပွဲခုံပေါ်တွင် ဖုန်းကိုတင်ပြီး ပြန်ထွက်သွားသည်။

လွတ်လပ်သော ယောကျ်ားပျိုများမို့ ရေချိုး၊ အဝတ်အစားလဲခြင်းများကို တိုက်ခန်းတွင်ပြန်၍ တကူးတက မလုပ်ဖြစ်ကြဘဲ ဒီနားနေခန်းထဲမှာပဲ ပြုလုပ်ဖြစ်ကြသည်။

ထို့ကြောင့် သူတို့ (၂)ယောက်စလုံး၏ အဝတ်အစားများ ဒီအခန်းထဲတွင် ရှိသည်။ ရေချိုးဖို့ အဝတ်အစားတွေ ချွတ်ပြီးမှ

"မောင်…ဟေ့"

"…………"

"မောင် ဘယ်သွားတာလဲ…ကိုသားကြီး"

ဒီနားနှင့်ဒီနားလေး ခေါ်မကြား၊ အော်မကြား ဖြစ်နေသောကြောင့် စားဖိုဆောင်ဘက်သို့ ပြန်ထွက်လာရပြန်သည်။

"ဟို…ရှေ့ဆိုင်က အအေးနဲ့မုန့်မှာလို့ သွားပို့နေတယ် ကိုညီလင်း၊ ဘာခိုင်းစရာရှိလို့လဲ။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"နေ…နေ…သူ့ကို ခိုင်းမလို့။ ခု ကျွန်တော် ရေချိုးလိုက်ဦးမယ်။ သူလာရင်သာ နားနေခန်းထဲကို လွှတ်လိုက်ဗျာ"

"ဟုတ်ကဲ့"

မှာပြီး အခန်းထဲသို့ ပြန်ဝင်ခဲ့သည်။ ပခုံးတွင်တင်ထားသော တဘက်ကို တန်းပေါ်တင်ပြီး ရေခပ်သွက်သွက်ချိုးလိုက်





သည်။

အေးမြသောရေ၏အထိအတွေ့ကြောင့် နွမ်းကြေနေသော စိတ်သည် အနည်းငယ် လန်းဆန်းသွားသည်။ ရေချိုးပြီးထွက်လာတော့…

"ကျို"

"ဟင်"

"ဟ…ဘာဖြစ်တာလဲကွ"

ထိုင်ရာမှ ဖျတ်ခနဲ ထလိုက်သော ကောင်လေးကြောင့် သူ လှမ်းမေးလိုက်သည်။ ခါးတွင် တဘက်တစ်ထည်ပတ်ထားကာ အပေါ်ပိုင်းက ဗလာကျင်း။ ခေါင်းတွင်စိုနေသောရေများကို လက်ဖွနှင့်ခါချရင်း…

"ခဏထိုင်ဦး"

"ဗျာ"

"…………"

"ဟိုလေ…ကိုသားကြီးက ကျွန်တော့်ကို လွှတ်လိုက်တာ။ ဦးညီလင်းက ခိုင်းစရာရှိလို့ဆိုလား…ဘာ…ဘာလုပ်ပေးရမှာလဲ"

"ရော်…ဒီမှာ ငါမအားဘူးဆိုတာ မင်း မမြင်ဘူးလား"

"ဒါ…ဒါဆိုရင်လည်း ကျွန်…ကျွန်တော် ကိုသားကြီးကို သွားကူလိုက်ဦးမယ်။ ဦးညီလင်း…ပြီးရင်"

အခန်းထဲကထွက်ဖို့ ဖင်တကြွကြွဖြစ်နေသော ကောင်လေးက သူ့ကို မျက်မှောင်ကုတ်ကြည့်လိုက်သည်။

ဒီကောင်လေးနှင့်သူတို့ မတည့်ရသည့်အကြောင်းအရင်းတွေက ဒါပဲ။ ဒါလုပ်ဆိုလျှင် မလုပ်။ ဟိုဟာလုပ်ချင်သည်။

ထိုင်နေဆိုတော့ ထသွားချင်သည်။ ခိုင်းတာမလုပ် အတွန့်တက်ပုံက နွားရှေ့ထွန်ကျူး၊ ဟင်း…သူ့ကို ပြောချင်တာနဲ့ ငါတို့ပါ နွားဖြစ်ရပါရောလား။

"ဟိတ်ကောင်…မင်း စကားမများနဲ့။ ထိုင်နေဆိုထိုင်နေ ဒီအခန်းထဲမှာ မင်းကို ကိုက်စားတတ်တဲ့သတ္တဝါလည်း တစ်ကောင်မှ မရှိဘူး။ ဘာမှမခိုင်းသေးဘူး…ထိုင်"

ခပ်မာမာပြောလိုက်တော့ အသံတိတ်သွားသည်။

အမယ်…

အသံတိတ်သွားတယ်လို့သာ ထင်နေတာ။ မှန်ကြည့်ပြီး ခေါင်းရေသုတ်နေသော သူ မှန်ထဲကတစ်ဆင့် ခုံတွင် ထိုင်နေသော ကောင်လေးကို လှမ်းမြင်ရသည်။

အသံတိတ်နေတယ်လို့ သူက ထင်သည်။ ဘယ်ဟုတ်လိမ့်မတုံး။ သူ မမြင်ဘူး၊ မသိဘူးအထင်နှင့် ကောင်လေးက ပါးစပ်ကနေ အသံတိတ် ဘာတွေပြောနေသလဲ မသိ။

ရှုံ့မဲ့နေသော မျက်နှာထားကြောင့် စကားကောင်းပြောတာတော့ မဖြစ်နိုင်။ သူ့အတင်း အသံတိတ်ပြောနေခြင်းဖြစ်မည်၊ လက်တစ်ဖက်ကလည်း သူ့ကို ထိုးမလိုနှင့် လက်သီးရွယ်နေသည်။

သူ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်တော့…

"အယ်…အဟဲ"





"ဟီ"

မြှောက်တက်နေသော လက်သီးကို ဟိုလိုလို ဒီလိုလိုလုပ်ကာ မျက်နှာကို ဖျတ်ခနဲ လွှဲပစ်လိုက်ခြင်းကြောင့် သူ ပြုံးမိသွားသည်။

မှန်ရှေ့သို့ ပြန်လှည့်လိုက်တော့ ကိုယ့်ဘက်ပြန်လှည့်ကာ မျက်စောင်းထိုး၊ လျှာထုတ်ပြောင်ပြနေခြင်းကြောင့်…

တတ်လည်းတတ်နိုင်တဲ့ကောင်။

ရေသုတ်ပြီးတော့ ရေစိုတဘက်ကို အဝတ်တန်းတွင်တင်ကာ ခါးက တဘက်ကို ကိုင်လိုက်တော့…

"ဦး…ဦးညီလင်း…ခင်…ခင်ဗျား ဘာလုပ်မလို့လဲ"

ထိတ်လန့်တုန်လှုပ်နေသောအသံနှင့် ထစ်ထစ်ငေါ့ငေါ့ပြောနေခြင်းကြောင့် ဘောင်းဘီတိုကို လှမ်းယူရင်း မျက်နှာငုံ့ကြည့်လိုက်သည်။

"ဟ…အဝတ်အစား လဲမလို့ပေါ့ကွ။ ဘာတွေဖြစ်နေမှန်းမသိဘူး"

"ဘာ…ဘာတွေဖြစ်နေမှန်းမသိဘူးလဲ။ ခင်ဗျား ယောကျ်ားလေးတန်မဲ့ တော်တော်အနေအထိုင် ပက်စက်တဲ့လူပဲဗျာ"

"ဘာကွ…ငါက ဘာတွေ အနေအထိုင် ပက်စက်လို့လဲ"

"ခင်ဗျားကိုယ်ခင်ဗျား ကြည့်လေ"

ကြည့်ဆိုလို့သာ ယောင်ဝါးဝါး ကြည့်ရသည်။ သူ့ခါးတွင် တဘက်ချည်ထားသည်။ လက်တွင် ဘောင်းဘီကိုင်ထားသည်။

လွတ်နေတာဆိုလို့ အပေါ်ပိုင်းပဲလွတ်နေသည်။

ယောကျ်ားလေးအချင်းချင်း ဒါကို ရေးကြီးခွင်ကျယ်ပြော နေစရာအကြောင်းရှိလို့လား။ ဒီကောင်တော့ တော်တော်ပွကျတဲ့ ကောင်ပဲ။

ကိုယ်ကိုကိုင်း၍ ဘောင်းဘီဝတ်ဖို့ပြင်တော့-

"ဟိတ်လူကြီး"

"ဘာလဲကွ"

"ခင်...ခင်ဗျား...အဝတ်အစားလဲပြီးရင် အော်ခေါ်ဗျာ ကျွန်တော်တော့ လစ်ပြီ...ဒီလောက်ထိ အနေအထိုင်ပက်စက်တဲ့ လူမျိုး တစ်ခါမှ မကြုံဖူးဘူးဗျာ"

"ဟောဗျာ"

ရဲရဲနီနေသောမျက်နှာနှင့် အခန်းထဲက ပြေးထွက်သွား သော ကောင်လေးကြောင့် သူမှာ မင်သက်အံ့သြပြီး ကျန်ခဲ့သည်။

ဘာဖြစ်ရတာလဲ ဒီကောင်။

ယောကျ်ားတန်မဲ့ သူ့ကို အနေအထိုင် ပက်စက်သလေး ဘာလေးနှင့် စွပ်စွဲသွားသေးသည်။ တကယ်တမ်း abnormal မဖြစ်တာ သူဆိုတာကော ကိုယ့်ကိုယ်ကို ပြန်မစမ်းစစ်ကြည့်မိ ဘူးလား။

လူကြည့်တော့ ဖြူဖတ်ဖတ်၊ နွဲ့တဲ့တဲ့။ ယောကျ်ားလေး အချင်းချင်းမို့ အကျီချွတ်နှင့်နေတော့လည်း ရှက်ကိုးရှက်ကန်း။

ဘာလဲ...ဒီကောင် ခြောက်နေတာလား။

ညီလင်းညို ခေါင်းယမ်းပြီး အဝတ်အစားလဲခြင်း၊ ပြင်ဆင်





...င်းများကို ခပ်သွက်သွက် လုပ်လိုက်သည်။ ဒီကောင်နဲ့ စကား ...နေရတာနဲ့ အချိန်တွေတောင် ပုပ်ကုန်ပြီ။

"ကလင်...ကလင်"

ခါးပတ်ပတ်နေစဉ် ဖုန်းမြည်လာတော့ စားပွဲခုံပေါ်တွင် ...င်ထားသောဖုန်းကို ဖွင့်ကာ...

"ပြော...ဇေယျ"

ဟု ခါးပတ်ချိတ်ရင်း အသံပေးလိုက်သည်။ နားနေခန်း ...ခါးပေါက်ဝကနေ စားဖိုဆောင်ဘက်သို့ လှမ်းကြည့်လိုက် ...သည်။

ပူတင်းဖုတ်ထားသော ဗန်းကို အသာလေးဆွဲယူနေသော ...ောင့်ကို တွေ့ရသည်။ ကိုသားကြီးက ပန်းကန်စင်တွင် လက် ...တစ်ဖက်ထောက်၍ မောင့်ကို စကားလှမ်းပြောနေသည်။

ကျန်တဲ့လူများက ရှေ့ဘက်တွင် ရောက်နေသည်။

"ငါ နောက်ကျမယ် ညီလင်း...ဒီမှာ ဆိုင်ကို ထွက်လာ ...နီးမှာ အိမ်က ပစ္စည်းပို့လိုတဲ့၊ ဂိတ်မှာ သွားယူဖို့ဟာ"

"သွားယူမနေနဲ့ ဟေ့ကောင်၊ ဆိုင်ပဲရောက်အောင်လာ။ ...ကိုယ့်ဂျူတီနဲ့ကိုယ်လေ...ဘာလဲ။ အဲဒီလိုအချိန်ခိုးလို့ ရမယ် ...င်နေလား...ဟင်း...ဟင်း"

"မင်းကလဲ"

"မင်းကမလဲနဲ့ မောင်...ငါ ငယ်ငယ်နဲ့ ချိန်းထားတာ။ ...ောဟိုမှာ ငယ်ငယ်တောင် လာနေပြီ။ မင်းရဲ့ပစ္စည်းက ခါတိုင်း ...့နေကျဂိတ်နဲ့ပဲ ပို့လိုက်တာမဟုတ်လား။ ညနေ ဂိတ်မှာ ဝင်ယူ

ပြီး ငါ လာခဲ့မယ်''

''ဝဲစားလေး''

''ဟား…ဟား…ဟား''

မကျေမနပ် ရေရွတ်လိုက်သော ဓေယျအသံကြောင့် ညီလင်းညို တဟားဟား အော်ရယ်ကာ ဖုန်းကို ချလိုက်သည်။ နောက် ထိုဖုန်းကို လက်ကကိုင်ပြီး နားနေခန်းတံခါး ဆွဲပိတ်ပြီး

''မောင်''

''ကျွန်တော် ဒီမှာ''

စားဖိုဆောင်ဘက်ကအသံကြားတာမို့ စားဖိုဆောင်ဘက်သို့ ကိုယ်ကိုကိုင်းပြီး ကြည့်လိုက်တော့ ပူတင်းတစ်ခုချင်းကို တစ်ခါ သုံးပန်းကန်လှလှလေးတွေနှင့်ထည့်နေသော မောင့်ကို တွေ့ရသည်။

''မင်းအလုပ်က ဒီမှာမဟုတ်ဘဲ ဘာလို့ ဒီမှာရောက်နေတာလဲ''

''ရှေ့ဘက်မှာ လူရှင်းနေလို့ ကိုသားကြီးကို လာကူတာလေ''

''တော်စမ်း…အပိုတွေ ပြောမနေနဲ့။ အပေါ်က အေပရွန်ကိုချွတ်၊ ယူနီဖောင်းကို ငါးမိနစ်အတွင်းလဲပြီး ရှေ့ဘက်ထွက်ခဲ့''

''ဟား…ဘာလုပ်ဖို့လဲ၊ ကျွန်တော် ဘယ်သွားရမှာလဲ''

ကြောင်တောင်တောင်မေးသံကို နားမထောင်တော့ဘဲ…

''မင်း ငါနဲ့ အဖော်လိုက်ခဲ့၊ ငယ်ငယ်နဲ့ ကိစ္စပြီးရင် မင်းနဲ့ ငါ ဝင်စရာပွဲရှိသေးတယ်။ ကောင်းကောင်းလေး ဝတ်ခဲ့။ မြန်မြန်





ွက်သွက်လေး ပြင်ခဲ့''

''ဟာ…ဦးညီလင်း''

တစ်ခုခုပြောလိုက်လျှင်၊ နိုင်းလိုက်လျှင် အမြဲတမ်း အတွန့် က်တတ်သော ကောင်လေးအကြောင်း သိနေသဖြင့် ဘာတွေ ပြောနေသလို ဆက်နားမထောင်ဘဲ ဆိုင်ရှေ့သို့ ထွက်ခဲ့သည်။

''လာမယ် စောင့်နေဆိုလို့ စောင့်နေတာ။ မလာတော့ ယ်ပဲ ဖုန်းဆက်ရတယ်။ ဟော…ရောက်တော့လည်း ပြင်လို့ င်လို့ မပြီးသေးဘူး။ ဟွန့်…ကိုကိုတို့များ ချောပါတယ်၊ လှပါ ယ်ဆိုတာကို ပြင်ဆင်နေတာ ပြီးကိုမပြီးတော့ဘူး''

ငယ်ငယ်က သျှားရောင်ဆွဲသားဘောင်းဘီအကျပ်နှင့် ပေါ်က အဖြူအနက်၊ ဒေါင်လိုက်စင်း စပို့စ်ရှပ်လိုလို၊ အင်္ကျီ ်ထားသော သူ့ကို မဲ့ရွဲ့ပြောကာ…

''သွားမယ်လေ''

ဆိုပြီး ထိုင်နေရာမှထသည်။ သူက ငယ့်လက်ကိုဆွဲပြီး ထိုင်စေကာ…

''နေဦး…ဆိုင်ကကောင်လေးတစ်ယောက်ကို ခေါ်ရဦး ယ်။ ငယ်နဲ့ ဟိုလိုက်ပြီးရင် ကိုယ် တခြားသွားစရာကိစ္စရှိသေး ယ်''

''ဟင်…ကိုကိုကလဲ''

အလိုမကျသလိုဖြစ်သွားသော မျက်နှာလေးကိုကြည့်ပြီး ်ချောင်းတွေကို ဆုပ်ကိုင်လိုက်သည်။

## အခန်း (၉)

"ချာတိတ်"

"……….."

"ချာတိတ်"

"ဘာလဲဗျာ…ပြောစရာရှိတာ မပြောဘူး။ အာလေး လျှာလေးလုပ်မနေစမ်းနဲ့ဗျာ။ ဒီနေ့ ခင်ဗျားမှာ ပြန်ဖို့အစီအစဉ် မရှိဘူးလား။ ဘာလဲ…ဒီည ဒီမှာပဲ အိပ်ဖို့ ဆုံးဖြတ်ထားရင် ပြော…ကျွန်တော် ပြန်တော့မယ်"

"ဟာကွာ…မင်းကလဲ ပြောပုံက ငါ့ကို ဝါရင့် အရက်သမားများ မှတ်နေသလားကွ…အေ့…ဟင်"

"ကျွတ်"



လက် (၂)လုံးလောက် အရက်ကလေးသောက်ပြီး ယိုင်ထိုး ြနေသည့် 'ဦးညီလင်းညို' ကိုကြည့်ပြီး မောင် ကျွတ်ခနဲ တ်သပ်ပစ်လိုက်သည်။

ကိုယ်တိုင်ကိုယ်ကျ အရက်သောက်ဖူးသလို၊ အရက်သောက်တဲ့လူအများကြီးကိုလည်း ကြုံဖူးသည်။

တချို့က အရက်ဘယ်လောက်သောက်သောက် တော်ရုံ နှင့် မမူးတဲ့သူ ရှိသည်။ တချို့က ပါးစပ်ဖျားပေါ် အရက်ကလေး ည်းနည်းလောက်ရောက်သွားလျှင် သွေးဆိုးတော့သည်။

တချို့ကျတော့ အရက်သောက်ပြီးလျှင် ရစ်ထုပ်ကြီးဖြစ် ကာ စကားတစ်ခွန်းတည်းနှင့် ထပ်တလဲလဲ တိုင်ပတ်ကာ စ်မဆုံး ရှိနေတတ်သည်။

ဦးညီလင်းညိုက ဘာအမျိုးအစားထဲပါသလဲ မသိ။ ရစ် လည်းရစ်သည်။ စကားတွေကလည်း ထပ်တလဲလဲ ဖြစ်နေသည်။

ဒီလောက်ထိ အမူးအပြဲသောက်မယ်မှန်းသိလျှင် မောင် ီလူကြီး ဘယ်လောက်ထိခေါ်ခေါ် မလိုက်ခဲ့ပါ။

မနက်ကတော့ သူ့ကောင်မလေးနှင့် လျှောက်လည်တုန်း ကတော့ ကောင်းပြီကောင်းရဲ့။ အယ်…သူ့ကောင်မလေးဆိုလို့ ပြောရဦးမည်။

"ကိုကို"

"ဟင်"

"သူက"

ကားပေါ်တက်လာကတည်းက မိန်းမပီပီ စပ်စုတတ်သော

မျက်ဝန်းတွေနှင့် တစ်လှည့်ကြည့်ထဲ ကြည့်လာခဲ့သော်လည်း "မောင်" မမြင်ချင်ယောင်ဆောင်ခဲ့သည်။

မိန်းမတွေကို မုန်းသည်။ အထူးသဖြင့် သူ့ရည်မှန်းချက်၊ အနာဂတ်ပန်းတိုင်ကို ပျက်စီးအောင်လုပ်ခဲ့သော မိန်းမကို မုန်းသည်။ ထိုအမုန်းတရားကြောင့် မောင် ဘယ်မိန်းမနှင့်မှ ပတ်သက်ခြင်းမပြုပေ။

ကိုသားကြီးပြော၍ ဦးညီလင်းဟာလည်း မိန်းမတစ်ယောက်၏ ထားပစ်ခြင်းခံခဲ့ရကာ ထိုမိန်းမကြောင့် ရည်းစားတွေ မှိုလိုပေါက်အောင်ထားနိုင်ခြင်း ဖြစ်သည်တဲ့။

အသည်းကွဲကြတာခြင်းတူလျှင်တောင် မောင်က မိန်းမတွေနှင့် အကင်းရှင်းဆုံးလူသားဖြစ်ပြီး ဦးညီလင်းကတော့ မြာမွေသော လူသားတစ်ယောက် ဖြစ်လာသည်။

ဒါဟာ သူ့အခွင့်အရေးပဲမို့ မောင့်အတွက် ပြောစရာဘာမှ မရှိပေမယ့် သူတို့သမီးရည်းစားနှစ်ယောက် ဟိုဒင်းဟိုဟာပြုသည့်နောက် တကောက်ကောက်လိုက်ခိုင်းဖို့ ဆုံးဖြတ်တာတော့ ဒီလူကြီး တမင်ညစ်ပတ်တာဟု မောင်တော့ စွပ်စွဲပစ်လိုက်သည်။

"ကိုယ့်ဆိုင်က ကောင်လေးလေ"

"ကိုကို့ညီလား"

မောင်တို့ရဲ့ ဥပတိရုပ်က အဲ့ဒီလို အထင်ကြီးခံရခြင်းပင်ဖြစ်သည်။ လူကသာ စားပွဲထိုးလုပ်နေသည်။ ဥပတိရုပ်က ဘယ်တော့မှ မညှိုးနွမ်းပေ။

"ဆိုပါတော့ ငယ်ရယ်…ရုပ်ကြည့်ပြီး သွားအထင်ကြီး





နေနဲ့နော်။ ဒီကောင်က ထောင့်မကျိုးဘူး။ သူ့အမေက သူ့ကို နိုင်လို့ အိမ်ပေါ်က မောင်းချထားတာလေ"

"အွန်း"

"မနိုင်လည်း မနိုင်ချင်စရာ၊ အိမ်ပေါ်က မောင်းချခံရတာတောင် နည်းသေးတယ်…ငယ်ရဲ့။ စကားပြောတာ အတော်လက်ပေါက်ကတ်တဲ့ကောင်။ ကိုယ်တောင် တစ်ခါတလေ ဘီးထည့်ပစ်လိုက်ချင်တာ"

"ဟင်"

"တောက်"

သူ့ကောင်မလေးကို လုပ်ဇာတ်ခင်းပြီး ခပ်တည်တည်ပြောနေတာက အရေးမကြီး။ ကိုယ့်ကိုများ အသုံးမကျဘူးလေး၊ စကားပြောတာ ထောင့်မကျိုးဘူးလေး ဘာလေးဆိုတာကတော့ တမင်ချောက်ချမှန်း သိသာသည်။

ဦးညီလင်းညို မသိသေးတာတစ်ခု ရှိသည်။ မိန်းကလေးတွေဆိုတာ ဘာလေးမဆို ကရုဏာသက်စရာတွေ့လျှင် ချက်ချင်းစိတ်စလက်ခတ် သနားပစ်တတ်လိုက်တတ်သူမျိုး ဖြစ်သည်။

ယခုလည်း ဘာကို ဘယ်လိုအဓိပ္ပာယ်ပေါက်သွားလဲ မသိ။ ကောင်မလေးက သူ့ကို အရေးတယူ စကားပြောလာသည်။ စကားမရှိ စကားရှာပြီး ပြောသည်။

ရှုံ့မဲ့နေသော ဦးညီလင်းညိုကိုကြည့်ပြီး မောင် ကျိတ်ပြုံးလိုက်သည်။

ကဲ…ခင်ဗျား ဘာတတ်နိုင်သေးသလဲ ဦးညီလင်း။ သူများ

မကောင်းကြံ ကိုယ့်ဘေးဒဏ်ထိဆိုတဲ့စကား ကြားကောမကြား ဖူးခဲ့ဘူးလား…ဟင်း…ဟင်း။

သူကောင်မလေးအလစ်တွင် မောင့်အား လက်သီးဆုပ်ပြသော ဦးညီလင်း မခံချင်အောင် မျက်လုံးတစ်ဖက်မှိတ်ပြီး လျှာထုတ်ပြလိုက်သည်။

"ဦးညီလင်းညို"

"ဟင်"

"ဒီနေ့ ခင်ဗျားမှာ ပြန်ဖို့အစီအစဉ် မရှိဘူးလား"

"ပြန်မယ်လေ…ပြန်မယ်ပေါ့။ အိမ်က အမြဲတမ်းနေနေရတာ။ ဘယ်အချိန်ပြန်ပြန် ရရက်သားနဲ့ကွာ…မင်းကလဲ။ မင်းဆိုင်ထဲမှာ ပင်ပန်းလို့ အပန်းဖြေရအောင် ခေါ်လာတာကို ကျေးဇူးမတင် ဖင်လှန်ပြမလုပ်နဲ့ ဟော့ကောင်"

"ကျွန်တော်ကကော ခင်ဗျားကို လိုက်ပါရစေ၊ ပင်ပန်းလွန်းလို့ အပန်းဖြေပါရစေလို့များ ပြောမိလို့လား။ ဟွန့်…ကိုယ့်ဘာသာ ကိုယ့်မကောင်းမှုဒဏ်နဲ့ ကိုယ်ဒုက္ခရောက်နေတာများ…အဟား"

"ဟော့ကောင်…မင်း ပြန်ပြောစမ်း၊ မင်း ဘာပြောတာလဲ။ မင်း ငါ့ကို ဘာပြောတာလဲ။ ဒီမှာ ငါက မင်းကို တကယ့်စေတနာရှိလို့ အပြင်ခေါ်ထုတ်တာ။ ငါ့စေတနာကို မစော်ကားနဲ့ကောင်လေး။ မင်းဟာလေ…လူလေးကြည့်တော့ ပျော့တိပျော့ဖတ်၊ စကားပြောတော့ သူများကို ပိသလေးနဲ့ ဘေးပစ်၊ အိမ်ပေါ်က နှင်ချခံရတာတောင် နည်းသေး"



"တော်စမ်းပါ…ကျွန်တော့်အကြောင်း ဘာမှ ဂဃဏန မသိဘဲ ခင်ဗျား ဝေဖန်မနေနဲ့။ ဟိုမှာ အိမ်ရှင်လာပြီ။ နှုတ်ဆက်တော့…ပြန်ကြရအောင်"

"အိုခေ…အိုခေ…အောရိုက်…ယူလိုက်ခ်"

"ဟွန့်"

"ဟော့…ညီလင်း ပြန်တော့မလို့လား။ အေးဆေးပေါ့ကွ"

"အေးဆေးလို့မရဘူး သူငယ်ချင်း… ညဥ့်နက်နေပြီ။ ငါတို့ကို ပြန်ခွင့်ပြုဦး။ နောက်မှဆုံမယ်လေ"

"အိုခေ"

ဟွန့်…

သူ့သူငယ်ချင်းနဲ့ စကားပြောတော့ ရှုန်းရှုန်းကိုဝေလို့။ ကိုယ်မူးတာပဲ၊ ဘာဟန်ဆောင်စရာရှိလို့လဲ။

သူမူးပြီး ယိုင်တိယိုင်တိုင်ဖြစ်တာ သူများရိပ်မိမှာစိုးလို့ထင်သည်။ သူ့သူငယ်ချင်းဘေးသို့ရောက်လာတော့ မောင်ရဲ့ပခုံးပေါ် လက်တစ်ဖက်အားပြုပြီး သူ့ကိုယ်ကြီး ပစ်စလက်ခတ်မှီထားသည်။ သူများရှေ့မှာမို့ အမူအရာမပျက်ချင်၍ ထိန်းရသည်။ သူ့ကိုယ်ကြီးကို ဖုန်းခနဲ တွန်းချပစ်ချင်သည်။

ဆင်နှင့်ဆိတ်လောက်ကွာခြားသည့် body structure နှင့် ကိုယ်လိုအကောင်သေးသေးကို သူ့လိုဆင်ကြီးက လာမှီတာကို မနည်းတောင့်ခံထားရသည်။

"ဟော့ကောင်…မင်း ဘာလုပ်တာလဲ"

"ဘာလုပ်သလဲ…ခင်ဗျား မြင်တာပဲ။ အဝိုတွေ ပြော

မနေစမ်းပါနဲ့။ ဒီမှာ ကားသော့က ကျုပ်လက်ထဲမှာ အရက်
ကလေး မဖြစ်စလောက်သောက်ပြီး ယိုင်ထိုးပြမနေနဲ့…လာ"

"အမ်မာ…ငါ့ကိုများ လာပြောနေသေး။ ငါက
ယောကျ်ားလေးပီပီ အရက်သောက်တာ ဘာဖြစ်လဲ။ မင်းက
ယောကျ်ားလေးတန်မဲ့ အရက်မသောက်တော့ လူဖြစ်ရှုံးတယ်
မောင်…ငါပြောတာ မဟုတ်ဘူးလား…ဟင်း…ဟင်း"

ဒီလူ ဟင်း…ဟင်း…ရယ်ပြီဆိုလျှင် မောင် သေလု
အောင် ဒေါသဖြစ်ရသည်။ ဒီလူက သူများမခံချင်အောင်၊ ဒေါသ
ထွက်အောင် တစ်ခုခုပြောပြီးလျှင် တဟင်းဟင်း ရယ်တတ်သည်။

"ခင်ဗျား ကားမောင်းလို့ဖြစ်ရဲ့လား ဦးညီလင်း"

ကားနားသို့ရောက်တော့ ကားတံခါးဖွင့်ဖို့ပြင်နေသော
သူ့ကို စိတ်ပူစွာ လှမ်းမေးလိုက်သည်။ သူက မူးရီနေသော
မျက်ဝန်းမှေးမှေးနှင့် မောင် မခံချင်အောင် နှုတ်ခမ်းတွန့်ရှုံ့ပြုံးပြီး
ကားတံခါးဖွင့်ကာ ကားပေါ်ဝင်ထိုင်လိုက်သည်။

မောင် စိတ်ပူစွာ တစ်ဖက်ကနေ လျှင်မြန်စွာ ဝင်ထိုင်
လိုက်သည်။

"ငါ့ကိုများ အထင်သေးလို့ မောင်ရာ…ဒီလောက်တော့
မိုင်နာပါ။ ငါ ကားမမောင်းနိုင်တော့ကော မင်းပဲ မောင်းပေးမှာ
လား"

"ကျုပ်က ဘယ်လိုလုပ် မောင်းတတ်မှာလဲ"

"ဟုတ်လို့လား..ဟင်း…ဟင်း"

တွေ့လား…ရယ်ပြန်ပြီ။ ဘုဆတ်ဆတ် ပြောလိုက်သော





မောင် မခံချင်အောင် ရယ်နေသော ဒီလူကြီးကို မောင် အမုန်း
တကယ် ထသတ်ချင်စိတ်ပေါက်သွားသည်။

ဟိုသီချင်းထဲကလို ရင်ကိုခွဲ၊ ရေဆေးပြီး ဆားနဲ့ နယ်ချင်
စိတ် အဟုတ်တကယ် ပေါက်သွားသည်။

သူကလည်း မောင် ဒေါသဖြစ်သွားတာကို သိပုံရသည်။
ကားမောင်းရင်း ပြုံးစိစိ။

အမူးသမားနှင့် ဘက်ပြိုင်ပြီး ရန်ဖြစ်နေလည်း ဘာမှထူး
ခြည်မဟုတ်သဖြင့် မောင် ဆူပုတ်ပုတ်မျက်နှာနှင့် ငြိမ်နေလိုက်
သည်။

"ဟင်…ဦးညီလင်း ကားကို ဘယ်မောင်းနေတာလဲ။
လမ်းမှားနေပြီလေ"

လမ်းအနေအထားကို သတိထားမိတော့ မောင်
ကပျာကယာ မေးလိုက်သည်။ သူက-

"ငါ့အိမ်လေ"

ဟု ခပ်အေးအေး ဖြေသည်။ မောင့်ပုံစံက ကင်းကိုက်ခံရ
သလို ဖျပ်ဖျပ်လူးဖြစ်သွားကာ-

"ဟမ်…ခင်ဗျားအိမ်ကိုသွားလို့ မရဘူးလေ။ ကျွန်တော့်
ကို ဆိုင်အရင်ဝင်ပို့ပေးခဲ့ဦးလေ"

"ဘယ်အချိန်ရှိပြီလဲ…လက်ကနာရီလေး တစ်ချက်ကြည့်
လိုက်ဦး"

"ဘယ်အချိန်ရှိပြီလဲဆိုတာ ခင်ဗျား မေးရမှာမဟုတ်ဘူး။
ကျွန်တော် မေးရမှာ။ ဒီအချိန်၊ ဒီနာရီထိ ပေကပ်နေတာ ဘယ်သူ

လဲ။ မရဘူး…ခင်ဗျား ကျွန်တော့်ကို အရင်ဝင်ပို့ပြီးမှ အိမ်ပြန်ပါပဲ"

"အဟိုး…ဟိုး…ဒီမှာ ချာတိတ်၊ ကားက မင်း မောင်းနေတာလား။ ငါ မောင်းနေတာလား။ မပို့ဘူးကွာ…ဟော့ကောင် မပို့ဘူးဆိုတာ ငါ့ကို အပြစ်လာမတင်နဲ့။ ဒီချိန် ဆိုင်သွားရင် မင်းကို ဘယ်သူမှ တံခါးထဖွင့်ပေးကြမှာ မဟုတ်ဘူး။ အားလုံး ခလောနေကြလောက်ပြီ"

"တောက်"

သူပြောတာလည်းမှန်နေတော့ မောင့်မှာ ဘာမှအတွန့်တက်စရာစကား မရှိတော့ပေ။ အချိန်မသိ၊ အခါမသိမှပြန်သော သူ့ကိုသာ အမှန့်ဖြစ်အောင် လုပ်ပစ်လိုက်ချင်တော့သည်။

"ဝူး…"

"ကျစ်…ကျစ်"

"ဟင်"

"ဒုက္ခပဲ"

"ကား…ကား ဘာဖြစ်တာလဲ"

မောင်းနေရင်း ကားစက်သံက ပြောင်းသွားသည်။ တကျစ်ကျစ်အသံမြည်ကာ ထိုးရပ်သွားသော ကားကြောင့် မောင် အလန့်တကြားမေးတော့ ညီလင်းညို မဖြေ။ ကားပေါ်ကဆင်းပြီး ကားစက်ခေါင်းရှိရာသို့ သွားသည်။ နောက်ကားစက်ဖုံးဖွင့်ကာ ဘာတွေလုပ်နေသလဲမသိ။ တော်တော်နှင့်ရောက်မလာ။

မောင် စိတ်မရှည်တော့။ ကားပေါ်ကဆင်းပြီး ညီလင်းညို





ထံသို့ ရပ်လိုက်သည်။ သူ ဖုန်းမီးနှင့် အင်္ဂျင်တထောင်းထောင်းထနေသည့်နေရာကို ကြည့်လိုက်သည်။

"ခင်ဗျား ဟိုဘက်တိုး၊ အပေါ်ကနေ မီးပြထားပေး"

"မင်း ဘာလုပ်မလို့လဲ"

"ခင်ဗျားကား…ကားသင်္ချိုင်းရောက်အောင်တော့ မလုပ်ဘူး"

## အခန်း (၁၀)

"မိန်းမတွေ ကောင်းကိုမကောင်းဘူးအေ"

"ဟိတ်လူ"

"မင်း သိလား မောင်...မိန်းမဆိုတဲ့သတ္တဝါတွေကလေ ကောင်းကိုမကောင်းဘူး။ မပေါင်းလည်းခက် ပေါင်းလည်းခက် မရှိလည်းခက် ရှိလည်းခက်ဆိုတာ ဒင်းတို့ကို ပြောတာပေါ့"

"ဦးညီလင်း"

"ဘာလဲကွ...တိုးတိုးအော်စမ်းပါ"

သူ့တိုက်ခန်းထဲသို့ တန်းတန်းမတ်မတ် လျှောက်လာနိုင်တာကိုပဲ ငွေကျူးဖူးတင်ရမလားပင် မသိ။ တိတ်ဆိတ်သော ညသန်းခေါင်မို့ အာလေးလျှာလေးနှင့်ပြောနေသော သူ့စကားသံကို ဘေးနားကပင် အတိုင်းသားကြားနေရသည်။





မိန်းမတွေ မကောင်းဘူး၊ မိန်းမတွေ မကောင်းဘူးဆိုသော စကားကို ထပ်တလဲလဲ ရေရွတ်နေသော ချနီလူသားကို တိုက်ပေါ် အပေါ်ဆုံးလှေကားကနေ အဟုတ်ကန်ချင်စိတ်ပေါက် လာသည်။

သူ့ဘာသာ ဘယ်လိုရေရွတ်ရွတ် ကိစ္စမရှိသော်လည်း ဆင်ပြောင်ငါးစီးအားနှင့် ညီမျှသော သူ့ခန္ဓာကိုယ်ကြီးကို အပေါ် ထပ်သို့ရောက်အောင် တွဲခေါ်နေရသော မောင့်အဖြစ်က လူပေါင်း များခဲ့တာနှင့် ဘာမှမခြားပေ။

ကိုယ်မပါလျှင် ဒီလောက်ထိ မူးပြချင်မှ မူးပြမည်ဖြစ် သော်လည်း တွဲတဲ့လူပါတော့ ပိုကဲပြသည်။ တွဲတဲ့လူပါတော့ ပိုလဲပြသည်။

ကိုယ်မပါလည်း သူ့အိမ်၊ သူ့တိုက်ခန်းထဲ တန်းတန်းမတ် တော်ဝင်ကာ ရှောရှောရှူရှူ အိပ်မည်ဖြစ်သော်လည်း ကိုယ်ပါ တော့ ဟိုယိုင်ထိုးပြ၊ ဒီယိုင်ထိုးပြနှင့်ဆိုတော့ ခရီးက ရောက်သင့် သလောက်မရောက်။

(၄) လွှာမှာရှိသော သူ့တိုက်ခန်းသို့ သူတက်ရသည်မှာ ချွေးတွေပြိုက်ပြိုက်ကျလာတော့သည်။ ကိုယ်မှာ သူ့ကို ထိန်း လိုက်သူဖြစ်သော်လည်း အရွယ်အစားက မညီမျှသောကြောင့် သူ့ဘယ်ဘက်သို့ ယိုင်လျှင် ကိုယ့်မှာ သူ့ပခုံးကို ထမ်းထားရသော ကြောင့် ဘယ်ဘက်သို့ ပါသွားပြီး ညာဘက်သို့ယိုင်လျှင် ညာဘက်သို့ ယိုင်ပြီး ပါသွားလေသည်။

ပုံခိုင်းရသော လူသန်ကြီး၏လက်ထဲတွင် ဆွဲရမ်းခံနေရ သော အရုပ်တစ်ရုပ်လို ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိုင်လိုက်

နှင့် နောက်ဆုံး သူ့အခန်းသို့ရောက်မှပဲ မောင် သက်ပြင်းချနိုင်တော့သည်။

အခန်းတံခါးကို ကျောနှင့်ဖိပိတ်လိုက်ပြီး ကိုယ့်ပခုံးတွင် ပစ်စလက်ခတ်မှီထားသော သူ့ကို ဆောင့်တွန်းပစ်လိုက်သည်။

"ဟာ"

"ဟိတ်ကောင်"

"မင်း ငါ့ကို သေကြောင်းကြံတာလား ဟေ့ကောင်။ ဒါ ငါ့ပိုင်နက်နော်။ ဘာလဲ…မင်း ပိုင်နက်ကျူးလွန်မှုပြောက်ချင်နေတာလား"

"ဒီမှာ သေကြောင်းတော့ကြံမနေဘူး။ လုပ်မယ့်လုပ် ခင်ဗျားခန္ဓာကိုယ်အလေးကြီးကို ဒီအပေါ်ထိတောင် သယ်မလာဘူး။ မတော်တဆ ထိခိုက်သေဆုံးသလိုနဲ့ အောက်မှာကတည်းက အသေသတ်ပြစ်ခဲ့တယ် သိလား"

"ဟင်း…ဟင်း…မင်းက ငါ့အပေါ် အဲလောက်တောင် မေတ္တာရှိတယ်ပေါ့လေ။ မှတ်တောင်ထားရဦးမယ်"

နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် ခြေကားရားလက်ကားရား ဖြစ်လျက် မျက်လုံးက မဖွင့်နိုင်၊ ပါးစပ်က တောင်စဉ်ရေမရ လျှောက်ပြောနေသောလူကြီးကို မောင် မျက်မှောင်ကုတ်ကြည့်လိုက်သည်။

မနက်က သပ်ရပ်သားနားခဲ့သော၊ လူကြီးလူကောင်းရုပ်ပေါက်ခဲ့သော လူကြီးမှာ ယခုတော့ အမူးလွန်မှုကြောင့် စုတ်ပြတ်သပ် ရွဲပြဲလျက်ရှိနေသည်။





ဒါတောင် မောင် သက်သက်ညှာညှာ ဝေဖန်ပေးမိခြင်းဖြစ်သည်။ နောက်ထပ် သာသာလေးနှင့် နာနာလေး ဝေဖန်ရလျှင် ဒီလူကြီးမှာ ကောင်းကွက်တစ်ကွက်မှ ရှိလိမ့်မည်မဟုတ်ပေ။

"ဟိတ်လူ"

"…………"

"ဦးညီလင်း"

"ဟင်"

"ခင်ဗျား ဒီမှာ အိပ်လို့မဖြစ်ဘူးနော်"

နိုးနေတာလည်းမဟုတ်ဘဲ 'ဟင်'လို့ ထူးလိုက်သည်။

မောင် သူ့ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း လှုပ်နိုးကာမှ ခေါ်တော့ သူက ယောင်ဝါးဝါး ပြန်ထူးသည်။

"ခင်ဗျား အိပ်ယာထဲမှာ သွားအိပ်ဗျာ"

"ငါ့အိမ်ပဲ…ငါ ဘယ်မှာအိပ်အိပ် မင်းအပူပါလို့လား။ ဟိတ်ကောင်…မင်းက ငါ့ရဲ့အလုပ်သမားနော်။ ငါ့ရဲ့အလုပ်ရှင်မဟုတ်ဘူး။ နေရာတကာ ငါ့ကို ဆရာလုပ်ဖို့မစဉ်းစားနဲ့။ သေသွားမယ်…ဘာမှတ်နေလဲ"

မျက်လုံးတောင်မဖွင့်နိုင်တဲ့လူက သေသွားမယ်လို့ ဟစ်နေတော့ မောင့်မှာ ရယ်ချင်ပက်ကျိဖြစ်သွားသည်။

နောက်တော့ ကိုယ့်စိတ်ကို ကိုယ်ပြန်လျှော့လိုက်သည်။ အမူးသမားတစ်ယောက်နှင့်ပြိုင်၍ ဒေါသဖြစ်နေလျှင်လည်း ဘာမှထူး။ ဘာမှအကျိုးရှိလိမ့်မည် မဟုတ်ပေ။

ခဏနေတော့ ညီလင်းညို့မှာ ခေါ်၍လုံးဝမရတော့ဘဲ

နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ်ဖြင့် တခူးခူး တခေါခေါနှင့် အိပ်ပျော်နေတော့သည်။

အော်သံတွေကော၊ ရစ်သံတွေပါ တိတ်သွားသော မောင် သူ့ရဲ့တိုက်ခန်းကို ငေးကြည့်လိုက်သည်။

လူပျိုလူလွတ် ယောကျ်ားလေးတစ်ယောက်နေသော တိုက်ခန်းမို့ အခန်းက ရှုပ်ချင်တိုင်းရှုပ်၍ ပွချင်တိုင်းပွနေတော့ သည်။

မောင်ထိုင်နေသောခုံမှာ တစ်ယောက်ထိုင်ဆိုဖာဖြစ်သော ကြောင့် ညီလင်းညို လဲလျောင်းသလိုတော့ လဲချောင်း၍မရပေ။

နှစ်ခန်းတွဲအခန်းကို မြင်ရသဖြင့် တစ်ခန်းကတော့ သူ့ အိပ်ခန်းဖြစ်နိုင်သော်လည်း ဤအိမ်သို့ ယခုမှ ပထမဆုံးရောက် သော မောင့်အတွက် ခေါင်းထိုးဝင်အိပ်ဖို့ အဆင်မပြေပေ။

နောက်ဆုံးတော့ တစ်ယောက်ထိုင်ဆိုဖာပေါ်တွင် ဖြစ်သလို အိပ်ဖို့ပဲ မောင် ဆုံးဖြတ်လိုက်သည်။

အိပ်မပျော်ခင် အမြင့်ဆုံးဒီဂရီသို့ တင်ထားသော အဲကွန်း ကို ပြေးပိတ်လိုက်ရသေးသည်။ တော်ကြာ အရက်မူး၍ အိပ်ပျော် နေသော ဟိုလူကြီး လေဖြတ်သွားလျှင် ကိုယ့်တာဝန် ဖြစ်နေဦး မည်။

ညက အတော်နက်နေပြီမို့ မောင် ဘာမှမတွေးအားတော့ဘဲ ချက်ချင်း အိပ်ပျော်သွားသည်။

"အား…ကျွတ်…ကျွတ်"

"ဟူး…ခေါင်းကိုက်လိုက်တာ"





ညီလင်းညို ခေါင်းတွေ တဆစ်ဆစ် ထိုးကိုက်လာသဖြင့် မျက်လုံးတောင် မဖွင့်နိုင်ဘဲ ညည်းညူမိသည်။

ခေါင်းတွေ တဆစ်ဆစ် ထိုးကိုက်ကာ လေးလံသော မျက်လုံးတွေက ဖွင့်မရပေ။ ခေါင်းကိုက်မှုသက်သာလိုသက်သာ ငြား နားထင်ကို လက်နှစ်ဖက်နှင့် ဖိထောက်လိုက်၊ နှာတံရင်း၏ အလယ် မျက်လုံးနှစ်လုံး၏ အလယ်ဗဟိုသို့ လက်ညှိုး၊ လက်မ နှင့်ထောက်လိုက်ဖြင့် ဝေဒနာကို သက်သာအောင် ဖြေဖျောက် အောင် ကြိုးစားမိသည်။

နိုးနိုးချင်းတုန်းကလောက် မကိုက်ခဲတော့ပေ။

"ဟင်"

"ဟာ"

မျက်လုံးဖွင့်လိုက်စဉ် အိပ်ရာပေါ်မှာ မဟုတ်တာကို သိလိုက်ရ၍ အံ့သြရသလို တစ်ယောက်ထိုင်ဆိုဖာပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသော မောင့်ကို မြင်လိုက်ရသဖြင့် လူက ငုတ်တုတ်တောင် ထထိုင်မိသွားသည်။

မောင် သူ့အနီးသို့ မည်သို့မည်ပုံရောက်လာသနည်း။ ပြန်စဉ်းစားကြည့်သောအခါ မနေ့တုန်းကပုံရိပ်က တန်းပေါ်လာ သည်။

အမှန်ဆို သူ ဘယ်ပွဲလမ်းသဘင်သို့သွားသွား အရက် သောက်ခဲ့သည်။ ပြောရလျှင် သောက်ကိုမသောက်တာ။ သူများ တွေလို အရက်အများကြီးသောက်နိုင်းဖို့နေနေသာ အာစွတ်ရုံလေး တောင် အမူးဒဏ်ကို မခံနိုင်ဘဲ ဒေါင်ချာစိုင်းနေသော ကိုယ့်

အကြောင်းကိုလည်း သိသည်။

ပါးစပ်က ပြောချင်ရာပြောတတ်သော ကိုယ့်ကိုယ်ကို လည်း သိသည်။ ထို့ကြောင့် သူ ဘယ်ပွဲလမ်းသဘင်မှာမှ အရ မသောက်ပေ။ မနေ့ကတော့ ဘေးမှာ မောင်လည်းပါနေတော့ စိတ်ချသွားတာလား…ဘာလားတော့ မသိ။ သောက်ဖြစ်သွား သည်။

ကိုယ့်ကို ဒီအပေါ်ထပ်ထိရောက်အောင် သူ မနည်းသယ် ရမှာပဲဆိုတဲ့စိတ်နှင့် ကျေးဇူးတင်စိတ်တစ်ချက် ဖြစ်သွားသည်။

ဆိုဖာပေါ်တွင် ခြေချထိုင်ပြီး အကြည့်က မောင့်ဆီသို့ ရောက်သွားသည်။

တစ်ယောက်ထိုင်ဆိုဖာပေါ်တွင် လက်တစ်ဖက်ကို ခေါင်းအုံး၍ ဖြစ်သလိုကွေးကွေးလေး အိပ်နေပုံက နှစ်ခြိုက်စွာ။

အိပ်ချင်စိတ်ပြေသွားသောအခါ သူ့အကြည့်က 'မောင့်' မျက်နှာထက်မှာ ဝေ့ခပ်စွာ။

မည်းနက်သော ကောင်လေး၏မျက်ခုံးများသည် ဖြူဝင်း သော အသားအရေပေါ်တွင် ထင်းလင်းလှသည်။

သာမန်အားဖြင့် ယောကျ်ားတို့၏နှာတံသည် နှာတံရင်း စ၍ မြင့်မားစွာ သွယ်တတ်သောဟန်မျိုးဖြစ်ပြီး 'မောင်'၏ နှာတံ ကတော့ အမျိုးသမီးတွေရဲ့နှာတံကဲ့သို့ သွယ်သည်။

ပါးပြင်တို့သည် အစက်အပြောက်ကင်းစင်လျက် နုမွတ် ချောမွေ့လျက် ရှိသည်။ နီနီရဲရဲ နှုတ်ခမ်းနှစ်လွှာ မဟတဟနှင့် အိပ်ပျော်နေပုံ။ အားလုံးကို ခြုံငုံသုံးသပ်လိုက်သောအခါ မောင်





ည် တကယ့်ကို မိန်းမချောချောသော ကောင်လေးတစ်ယောက် ဖြစ်သည်။

ညီလင်းညို စိတ်ညှို့ခံထားရသူတစ်ယောက်လို မောင့်အနီး သို့ တိုးကပ်သွားမိသည်။ မတ်တတ်ရပ်လျက် ဒူးနှစ်ဖက်ပေါ်တွင် လက်နှစ်ဖက်ထောက်၍ မောင့်မျက်နှာကို အနီးကပ် ကြည့်မိပြန် သည်။

မောင်ကတော့ အနေအထားမပျက် စောစောတုန်းကလို လက်တစ်ဖက် ခေါင်းအုံး၍ နှုတ်ခမ်းလေး မဟတဟနှင့် အိပ်ပျော်နေဆဲ။

ဒီကောင် မိန်းကလေးလို ပြင်လိုက်လျှင် ချက်ချင်း မိန်းမ နှင့်တူသွားလောက်အောင် နဖတ်သန့်စင်လွန်းလှသည်။

ထိုသို့သာ ပြင်လိုက်လျှင် မောင် ဘယ်သူမှန်းမသိတဲ့ လူ တစ်ယောက်က မောင့်ကို မိန်းကလေးတစ်ယောက်လို တကယ့်ကို ထင်မှတ်သွားနိုင်သည်။

ယခု သူတောင် မောင့်လို ယောကျ်ားရင့်မာတစ်ယောက် ကို မိန်းကလေးတစ်ယောက်လို စိတ်က ထင်မှတ်သွားခဲ့လျှင်…

"ဟင့်အင်း"

မောင့်မျက်နှာအနီးသို့ တိုးကပ်သွားမိသော ကိုယ့်စိတ်ကို ကိုယ် လျှင်မြန်စွာ ထိန်းချုပ်ကာ ညီလင်းညို နောက်သို့ ကမျာ ကယာ ဆုတ်လိုက်မိသည်။

တဒင်္ဂအတွင်းမှာ ဖြစ်ပေါ်သွားသော ကိုယ့်ရဲ့စိတ်ကို တောင် ကိုယ် ရှက်ရွံ့သွားခဲ့မိသည်။

ယောကျ်ားလေးအချင်းချင်း ဖောက်ပြန်ချင်သောစိတ်သည် အတော်ယုတ်ညံ့သော ယောကျ်ားမဆန်သော ယောကျ်ားတွေသာ ပြုလုပ်တတ်ကြောင်း သူ တွေးခဲ့သည်။

သူ.....

သူကော....

ဘာကြောင့် ထိုသို့သောစိတ် ပေါ်လာခဲ့မိသနည်း။

မောင့်နှုတ်ခမ်းနှင့် သူ့နှုတ်ခမ်း ထိတွေ့ဖို့ တဒင်္ဂလေး အတွင်းမှာ စိတ်ရိုင်းတစ်ခု ပေါ်လာရသနည်း။

ညီလင်းညို ကိုယ့်ကိုယ်ကိုယ် ရက်ရွံ့စိတ်နှင့် ဧည့်ခန်းထဲ မှာ လျှင်မြန်စွာ ထွက်ခဲ့သည်။ မျက်နှာပူနေသလို ခံစားနေရခြင်း ကြောင့် သူ့မျက်နှာ အတော်လေး နီရဲနေမှာကို မကြည့်ဘဲ သိနေ သည်။





## အခန်း (၁၁)

"အား"

"ကျွတ်....ကျွတ်"

လှုပ်လိုက်စဉ် နာကျင်သွားသောလက်ကြောင့် မောင် မျက်လုံး ဖွင့်ကြည့်လိုက်သည်။

မျက်နှာပေါ်သို့ အရိပ်ထိုးကျနေသည့် မှန်ပြတင်းအလင်း ရောင်ကြောင့် မျက်နှာပေါ် လက်တစ်ဖက်နှင့်ကာပြီး ခေါင်းအုံး၍ အိပ်ထားသဖြင့် နာကျင်နေသော လက်တစ်ဖက်ကို ဆွဲထုတ်လိုက် သည်။

"ဟင်...၈ နာရီတောင် ရှိနေပြီပဲ"

မျက်နှာချင်းဆိုင်နံရံပေါ်တွင် ချိတ်ဆွဲထားသော တိုင်ကပ် နာရီကို မော့ကြည့်ရေရွတ်ပြီး လှဲရာမှ ကမန်းကတန်း ထထိုင် လိုက်သည်။

"ဟိုလူ ဘယ်ရောက်သွားပါလိမ့်"

တိတ်ဆိတ်ငြိမ်သက်နေသောအခန်းထဲ မျက်လုံးနှင့် ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ပြီး တွေးလိုက်သည်။

အလုပ်လုပ်တာ တစ်လခန့်ရှိပြီဖြစ်သော်လည်း ဦးညီလင်ညို၏တိုက်ခန်းသို့ မောင် ရောက်ခဲ့တာ ယခုမှ ပထမဆုံးအကြိမ် ဆိုလျှင်လည်း မမှားချေ။

ထိုအတွက်ကြောင့် တိုက်ခန်းသည် မောင့်အတွက် အစိမ်း သက်သက်ဆိုလျှင်လည်း မမှားချေ။

"သြော်...မင်း နိုးနေပြီလား။ ငါတော့ နိုးနေတာကြာပြီ မင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာနဲ့ ငါလည်း မနှိုးတော့တာ"

စကားသံနှင့်အတူ ကော်ဖီခွက်ကိုင်၍ သူနှင့် မျက်နှာချင်း ဆိုင်တွင် ဝင်ထိုင်လိုက်သောကြောင့် မောင် တွန့်ကြေနေသော အင်္ကျီများကို ခပ်သွက်သွက် ဆွဲချလိုက်သည်။

မလုံမလဲနှင့် သူ့ဆီသို့ ခေါ်၍လှမ်းကြည့်မိသည်။ သူက မောင့်ကိုမကြည့်ဘဲ ကော်ဖီကို ငုံ့သောက်နေ၍ တော်သေးသည်။

သူက ကော်ဖီသောက်၍ မောင်က ငြိမ်သက်နေသော အနေအထားမို့ ကြာလာတော့ မောင် အနေခက်လာသည်။

"အဟမ်း"

"မင်း မျက်နှာသစ်ချင် ဟိုမှာ ငါ့အိပ်ခန်းနဲ့ကပ်လျက်က ရေချိုးခန်းကို အိမ်သာပါ တွဲထားတယ်။ ရေချိုးချင်ရင်လည်း ငါ့အဝတ်အစားတွေ ယူဝတ်ပြီး ချိုးရင်ချိုး"





"ရေတော့ မချိုးတော့ဘူး"

"ဘယ်မချိုးလို့ဖြစ်မလဲ...မနေ့ညက မူးနေတဲ့ငါ့ကို တွဲထူ ခဲ့ရလို့ မင်းမှာလည်း အနံ့အသက်တွေ စွဲနေလောက်ရောပေါ့။ ချိုးစမ်းပါ...ယောကျ်ားအချင်းချင်းပဲ။ ဘာရှက်စရာရှိလို့လဲ"

ခနိုးခနဲ့စကားနှင့် ပြုံးစိစိပြောလာသူကြောင့် မောင့်မျက်နှာ အားစက်ငြိမ်သက်သွားသည်။

သူ့ကို ခပ်တည်တည် စူးစူးစိုက်စိုက် ကြည့်ပြီး...

"ဘယ်သူက ရှက်နေတယ်လို့ပြောလို့လဲ။ ကျွန်တော့် ဘာသာကျွန်တော် မချိုးချင်လို့ မချိုးတာ။ ညစ်ပတ်တယ်ထင်ရင် ခင်ဗျားကားနဲ့ ခင်ဗျားဘာသာသွား...ကျုပ် ဘတ်စ်ကားနဲ့ ဆိုင်ကို သွားခဲ့မယ်"

မောင် သံပြတ်နှင့်ပြောပြီး ထိုင်နေရာမှ ထလိုက်သည်။

မောင့်နည်းတူ တစ်ပြိုင်နက်တည်း ထလိုက်သူမှာ ညီလင်းညို ဖြစ်သည်။

မောင် စားပွဲခုံနှင့် ဆိုဖာကြားမှ ထွက်လိုက်သည်။

"ဟာ...ဟော့...ဟော့...မင်းကလဲကွာ...ဒါလေးပြောတာ စိတ်ဆိုးစရာလား...ပြေပြေလည်လည်ပေါ့"

ပခုံးတစ်ဖက်ပေါ်သို့ လက်တင်လာသော ညီလင်းညိုရဲ့ လက်တစ်ဖက်ကို မောင် ဖျတ်ခနဲကြည့်ပြီး ဆတ်ခနဲ တွန်းချပစ် လိုက်သည်။

ထိုဖြစ်အင်ကို ညီလင်းညိုက စိတ်မဆိုးဘဲ ဟက်ခရဲ ရယ်ကာ...

"မင်းကလဲ"

"ခင်ဗျားကို ကျုပ် ညကတည်းက မကျေနပ်တာနော် ဦးညီလင်း...ကျွန်တော့်ကို မဆီမဆိုင် တစ်နေကုန် ဒဏ်ေ ထားသလိုလို ဘာလိုလို၊ နောက်ဆုံးတော့ ကျွန်တော်က အနေ သမားထိန်း ဖြစ်သွားတယ်"

သုန်သုန်မှုန်မှုန်နှင့်ပြောလိုက်သော မောင့်နှုတ်ခမ်းမှာ မကျေနပ်ချက်ကြောင့် ခပ်ချွန်ချွန် ဖြစ်နေသည်။

ညီလင်းညိုသည် အကြည့်ကို ကပျာကယာလွှဲကာ ရေချိုး ခန်းထဲသို့ ညွှန်ပြကာ...

"ဟုတ်ပါပြီ...ဟုတ်ပါပြီ...ငါ့အပြစ်ပဲထားပါတော့။ ရေမချိုးချင်လည်း ခြေလက်မျက်နှာ သွားသစ်ချေကွာ။ စကား ပြောရတာ အာပုတ်နံ့ရတယ်"

"ဟွန့်..."

သူ့ကို မကျေမနပ်ကြည့်ကာ အိပ်ခန်းဘက်သို့ ထွက်သွား သော မောင့်နောက်ပိုင်းဆီမှ အကြည့်လွှဲပြီး-

"ဟေ့...မင်းမျက်နှာသစ်ပြီးရင် မီးဖိုချောင်ထဲ အုပ်ဆောင်းအောက်မှာ ကြွေခရားနဲ့ ငါ ကော်ဖီဖျော်ထားတယ် နော်။ နံရံက ဗီဒိုထဲမှာ မုန့်ဖူးတွေရှိတယ်။ စားချင်တဲ့မုန့် ယူစား"

ဘာမှတုံ့ပြန်ပြောသံ မကြားပေ။ ညီလင်းညို ပခုံးတစ်ချက် တွန့်လိုက်သည်။

မောင်က အိပ်ခန်းတန်းပေါ်တွင် တင်ထားသော မျက်နှာ သုတ်ပဝါကိုယူ၍ ရေချိုးခန်းထဲသို့ဝင်ကာ တံခါးပိတ်သွားသည်





ဒီတော့မှ ညီလင်းညိုလည်း ပြင်ဖို့ဆင်ဖို့ စတင်တော့သည်။ က်စောစော နိုးနေသဖြင့် ရေထချိုးသည်။

ဗိုက်ဆာသဖြင့် ကော်ဖီဖျော်ဖို့ ရေနွေးတည်သည်သည်။ ကော်ဖီ ျော်သော်သည်။ ရေစိုစိုဆံပင်ကိုတောင် မသုတ်ရသေးပေ။

အိပ်ခန်းထဲသို့ဝင်ခဲ့ပြီး ဗီရိုထဲက မျက်နှာသုတ်ပဝါအဖြူ သစ်တစ်ထည်ကိုထုတ်ကာ ဆံပင်တွေကို ခပ်ကြမ်းကြမ်း တ်လိုက်သည်။

ရေစိုဆံပင်တွေကိုသုတ်ရင်း မှန်ထဲတွင် ပေါ်နေသော သူ့ ကို ငေးလိုက်သည်။

ဘဝပေးအခြေအနေမကောင်းခဲ့၍ ကျိုကျိုတက်ချမ်းသာသူ ဖြစ်ခဲ့။ သာမန်လက်လုပ်လက်စားမိသားစုဘဝတွင် လူဖြစ်ခဲ့ရ သော်လည်း သူ့ရုပ်ရည်က မင်းသားထက်သာသည်။

မင်းသားတောင် အရှုံးပေးရသောရုပ်ရည်ဖြစ်သော်လည်း သူက ဘဝလက်တွဲဖော်ရွေးသောအခါ သူ့ထက် အဆပေါင်း ချမ်းသာသောသူကို ရွေးချယ်သွားသည်။

ဒီတော့ 'ငွေ' ဟာ လူတွေအတွက် ဒုတိယ ဘုရားသခင် သူ သတ်မှတ်လိုက်သည်။

ရုပ်မချောတဲ့ဘဲကြီးတွေ ရေသိပ်လျှံနေလျှင် ထိုဘဲကြီး း မဒီလေးတွေ ဝိုင်းဝိုင်းလည်နေတတ်တာကိုလည်း သူ မြင်ခဲ့ရသည်။

ဒီတော့ ငွေကို မရရအောင်ရှာဖို့ သူ ဆုံးဖြတ်ခဲ့သည်။ သော် ကိုယ့်ချွေးနဲ့စာနှင့် သမာအာဇီဝကျကျ ရှာဖွေဖို့တော့

သူ သတိမချွတ်ယွင်းပါ။

ငွေသည် လူတိုင်းအတွက် သည်းခြေကြိုက်ဖြစ်တတ်ဖြစ် နိုင်သော်လည်း ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ ဘဝ နှင့် ကိုယ်ကျင့်တရားနှင့် လဲလှယ်ရလောက်အောင်တော့ မဖြစ် သင့်။

"ဟင်"

မှန်ထဲတွင် ပေါ်လာသောအရိပ်ကြောင့် သူ အံ့ဩသွား သလို အိပ်ခန်းထဲတွင် သူ့ကို မြင်လိုက်သော မောင်ကလည်း အံ့ဩစွာ မျက်စိမျက်နှာပျက်လျက်…

"ဟာ…ဟိတ်လူ…ခင်ဗျား ဘာလုပ်နေတာလဲ"

"မင်းလေသံကလဲကွာ…မထိတ်သာမလန့်သာရှိလိုက်တာ။ လေသံကိုက ငါကပဲ ယောကျ်ားအချင်းချင်း မဟားဒယားလုပ်ဖို့ စောင့်နေတဲ့လူလိုပဲ။ ပြောပြန်ရင်လည်း ငါပဲ လွန်ဦးမယ်"

"လွန်တာပဲ…ဒီမှာ ကျွန်တော် အိမ်မှာကတည်းက ကိုယ့် ဘာသာ တစ်ခန်းသက်သက်နေတာ။ ကျွန်တော့်အခန်းထဲ ဘယ်သူဝင်တာမှ ကြိုက်တာမဟုတ်ဘူး"

"ကြီးကျယ်လို့ကွာ…ကဲ နှစ်ယောက်တစ်ခန်းတည်းရှိ တော့ကော ငါက မင်းကို ဘာလုပ်လို့ရမှာလဲ။ ဒီမှာ ချာတိတ်… ငါ့ကို မင်း ရင်ခုန်နေတယ်ဆိုရင်တော့ ဝမ်းနည်းစရာပဲ။ င ယောကျ်ားလေးအချင်းချင်း စိတ်မဝင်စားဘူး"

"ဘာဗျ…ကျွန်တော်ကတော့ စိတ်ဝင်စားနေတယ်လို့ ခင်ဗျား ပြောချင်တာလား"





မျက်နှာနီနီရဲရဲနှင့် လက်သီးလက်မောင်းတန်းကာ ရှေ့သို့ းလာသော ချာတိတ်ကြောင့် ညီလင်းညို ရယ်ချင်စိတ်ကို ဖွတ် တင်းချိုးနှိမ်လိုက်သည်။

ဒီကောင်ကလေး လူကသာ မိန်းကလေးနှင့်တူသည် ဟုတ်။ အပြုအမူ အပြောအဆိုကအစ မိန်းကလေးနှင့်တူသည်။ ည်းနည်းလေးမှ စကားအများမခံဘဲ ဖျပ်ဖျပ်လူးဖြစ်နေတော့ သူ ၍ စနောက်ချင်သည်။

မျက်နှာသုတ်ပဝါအဖြူကို ဂုတ်ပိုးကနေ သိုင်း၍ ရှေ့သို့ ချကာ ရှုပွပွမျက်နှာနှင့် ခါးထောက်ရပ်နေပုံက တကယ့် တီးဂျစ်ကန်ကောင်လေးဟန်က ပေါ်လာသည်။

"ကဲ…ကဲ…မင်းဘာသာ လိုရာဆွဲတွေးပြီး ရင်ခုန်မနေ ဆိုင်သွားရတော့မှာ…ပြင်စရာရှိတာ သွက်သွက်ပြင်ဦး။ းကလေးလို ဗိမ်ခံပြီး အလှပြင်မနေနဲ့"

"ဒီလောက်ပြောချင်တာ…ကဲ"

ကျောပြင်ကို လာမှန်သော ရေမွှေးပုလင်းကြောင့် ညီလင်းညို တခွီးခွီး ရယ်လိုက်သည်။ ကဲကဲဆတ်ကို စရတာ မှ ပျော်စရာ။

## အခန်း (၁၂)

"ဘယ်လိုလဲ…စာရင်းကိုက်တယ်မဟုတ်လား"

"ကိုက်တော့ကိုက်တယ်…ဒါပေမဲ့"

ကောင်တာရှေ့ကခုံတွင် ဘေးတစောင်း၀င်ထိုင်ရင်း မေးတော့ ကောင်တာနောက်တွင် လချုပ်စာရင်းစာအုပ်နှင့် အလုပ်ရှုပ်နေသော ဖေယျက မတင်မကျ ဖြေလေသည်။

တစ်ခုခုကို မကြည်သလိုလို၊ အလိုမကျသလိုဖြစ်နေသော ဖေယျကို ဂရုစိုက်လှမ်းကြည့်လိုက်သည်။

ဖေယျက နဖူးကြောတွေ တွန့်အောင် စဉ်းစားနေသည်။ နောက်…ဖေယျ ကြည့်နေသောစာရင်းစာအုပ်ကို ဘေးနားက လှမ်းငုံ့ကြည့်လိုက်သည်။

"တွီ…တွီ…တွီ"



စားပွဲပေါ်တွင် တင်ထားသောဖုန်းစခရင်ကို ငုံ့ကြည့်လိုက်တော့…

"ဟာ"

"ဘာဖြစ်တာလဲကွ…အလန့်တကြားနဲ့"

သူ့အာရုံနှင့်သူဖြစ်နေသော ဖေယျမှာ အလန့်တကြားနှင့် မေးသည်။ ဖုန်းကို ကောက်ယူကာ-

"လှကေရီဆီက"

"ဟေ"

စိတ်ရှုပ်နေသလိုဖြစ်နေသော ဖေယျရဲ့မျက်နှာမှာ စိတ်ဝင်စားဟန်ဖြစ်သွားသည်။ စာရင်းစာအုပ်ကို မကြည့်နိုင်တော့ဘဲ ဖုန်းကိုကြည့်နေသဖြင့် ဖုန်းကိုကိုင်ကာ ညှိသည်မရှိသော စားပွဲခုံထောင့်ဆီသို့ လျှောက်ခဲ့သည်။

"ဟယ်လို"

သူ ထူးလိုက်သော်လည်း တစ်ဖက်က ဘာစကားမှမပြောဘဲ ငြိမ်နေသဖြင့် သူလည်း အလိုက်တသိ ငြိမ်ပေးလိုက်သည်။

အိမ်ကလည်း လှကေရီနှင့်ပတ်သက်၍ ဘာမှတွန်းတွန်းတိုက်တိုက်မရှိ။ မေ့မေ့ပျောက်ပျောက်ဖြစ်လို့နေသည်။

တကယ်လည်း လှကေရီနှင့်သူ့ကြားတွင် ဆက်သွယ်စရာအကြောင်းတရားလည်း မရှိ။ ဆက်သွယ်ရအောင် လိပ်စာလည်း မရှိ။ (သူမ ပေးခဲ့သောလိပ်စာကဒ်အား အအေးခွက်ထဲတွင် သူ ပစ်ပစ်ခဲ့ခြင်း ဖြစ်သည်။)

ယခုလို ဆက်လာတော့လည်း…

"ဘယ်လိုလဲရှင်…မိန်းကလေးဘက်က စဆက်ရတာတော့ မဟုတ်သေးဘူးနော် ကိုညီလင်းညို"

ခနိုးခနဲ့စကားသံကြောင့် သူ့နှုတ်ခမ်းတွေ တွန့်သွားကာ

"အဲဒါကြောင့် ဒေါက်တာက ကျွန်တော့်ဆီ ဖုန်းခေါ်ခဲ့တာပေါ့လေ"

"……"

"ဒါဆိုရင်တော့လည်း ဝမ်းနည်းစရာပဲ ဒေါက်တာ။ ကျွန်တော့်ကြောင့် ဒေါက်တာမှာ စိတ်အနှောင့်အယှက် …စ်ခုတစ်ရာဖြစ်ရတယ်ဆိုရင် ကျွန်တော့်ဘက်ကပဲ အနူးအညွတ်တောင်းပန်ပါတယ်"

ပညာတတ်ပီပီ ဘယ်လိုလေသံနှင့်ပြောလျှင် ဘယ်လိုသက်ရောက်သလဲဆိုတာ ကောင်းကောင်းသိသော လှကေရီမှာ ညီလင်းညို၏ တောင်းပန်စကားကြောင့် ဒေါသဖြစ်သွားသော်လည်း ထိုထိ လိုက်ပြောနေလျှင် စကားသံသရာရှည်လွန်းသဖြင့်

"ကျွန်မ ရှင်နဲ့ တွေ့ဖို့လိုတယ် ညီလင်းညို"

"ကျွန်တော်နဲ့…ဟုတ်လား"

"ဟုတ်တယ်"

"တွေ့မယ်ဆိုရင် တွေ့တာပေါ့။ ရပါတယ် ဒေါက်တာ။ ဘယ်ကိုလာရမလဲ…ပြောပါ"

လှကေရီက လာဖို့နေရာကို ခပ်တွန့်တွန့်နှင့် ရွတ်ပြသည်။ ဒီတစ်ခါတော့ ကျွန်တော် ခနိုးခနဲ့မေးခွန်းတွေ မမေးဖြစ်တော့ပါ။

အရေးကိစ္စကြီးငယ်မရှိဘဲနှင့် သူမလို မိန်းကလေးက





…နှင့်တွေ့ဖို့ ပြောလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ပြောသော…ပ်စာကို သေချာမှတ်လိုက်သည်။

ပြောပြီးတော့ သူမက နှုတ်လည်းမဆက်၊ ဘာမှစကား…ဆက်တော့ဘဲ ဖုန်းကို ချသွားသဖြင့် ညီလင်းညို ပခုံးတွန့်…ပြုံးလိုက်သည်။

အပျိုကြီးရယ် ဒေါသကလည်းကြီးရန်ကော။

ဖုန်းပိတ်ပြီး ကောင်တာဘက်သို့ လျှောက်လာသည်။

ခုတော့ ကောင်တာနားတွင် ဧည့်သည်တစ်ယောက်တည်း…ဟုတ်တော့ပေ။ စားဖိုဆောင်မှာ စားဖိုမှူးကြီးနှစ်ယောက်ဖြစ်…သော ကိုခက်နှင့် သားကြီးတို့နှင့် ဧည့်ကြ အဖွဲ့ကျနေသည်။

"ဘာတွေသဘောကျနေကြတာလဲ"

ရယ်နေကြသော သူတို့အေးရှိ လွတ်နေသောခုံတွင် …ထိုင်ရင်း စားဖိုဆောင်ဘက်သို့ လှမ်းကြည့်ကာ…

"မောင်ကော"

"မောင်…မမသစ်တို့ဆိုင်မှာ လက်ဖက်ရည်ပွဲ သွားပြင်…နေတယ်"

"ဟာ…ကိုသားကြီး…ဘယ်လိုလုပ်လိုက်တာလဲ။ …သစ်သစ်ဆိုတဲ့ အမျိုးသမီးကြီးက အပျိုကြီးပီပီ ဇီဇာက…ကြောင်သေး။ ဆီလို ရေလို အပေါက်ရှာပြီး အပြစ်က တင်တတ်…သေး။ ရိုးရိုး waiter မပြောနဲ့။ ခင်ဗျားတို့လို စားဖိုမှူးကြီးတွေ…တောင် အပြစ်ကလေးနည်းနည်းလောက် ပြောလိုက်ရမှ စားဝင်…ပျော်တာကို ဘာလို့ မောင့်လိုလူသစ်ကို လွှတ်လိုက်ရတာလဲ"

သူ တကယ်စိတ်ပူသွားပါသည်။ ဒေါ်သစ်သစ်ဆိုသ အမျိုးသမီးကြီးသည် ငွေရေးကြေးရေးအရ တွန့်တိုမှုမရှိသေ လည်း ဇီဇာကြောင်သည်။ အမှားမခံ။ တစ်ခုခုကို လွဲချော်မှု လျှင် ဆီလိုရေလို အပေါက်ရှာပြီး ပြောတတ်သည်။

သူတို့ကို ပြောရုံတင်မဟုတ်။ သူမဆိုင်သို့လာသေ ဧည့်သည်များကိုပါ တစ်ဆင့်ပြန်လည်ဖောက်သည်ချတတ်သ ဒေါ်သစ်သစ်ကိုဆိုလျှင် လန့်ကိုလန့်ပါသည်။

ဖွင့်ထားသော အလှပြင်ဆိုင်သည်လည်း သာမန် က ကချွတ် အလှပြင်ဆိုင်မျိုးမဟုတ်ပေ။ တကယ့်နာမည်ကြီး အ ပညာရှင်များ၊ အနုပညာအသိုင်းအဝိုင်းကလူများ လာပြင်သေ ဆိုင် ဖြစ်သည်။

ထို့အတွက်ကြောင့် အနုပညာရှင်လေးငါးယောက်လော စုမိလျှင် မမသစ်သည် လက်ဖက်ရည်ဝိုင်း၊ ကော်ဖီဝိုင်းနှင့် ဧ တတ်ပြီး သူမဆိုင်က အလုပ်သမားတွေကို မပြင်ခိုင်း။ သူ ဆိုင်က waiter တွေကို လှမ်းခေါ်၊ ဒီ Super Sunda ပြင်သောဆိုင်နှင့်တူအောင် ပြင်ခိုင်းကာ ဧည့်ခံတတ်သည်

သူတို့ Super Sunday တွင်လည်း ထိုသို့သော ဝန်ဆေ မှုမျိုးရှိရာ လာခေါ်သူရှိလျှင် တကယ်တော်လည်း အမှား သော ဝန်ထမ်းများကိုသာ လွှတ်ပေးတတ်သည်။

ကိုသားကြီးတို့ မောင့်ကို မမသစ်ဆိုင်သို့ လွှတ်သ သည်ဆိုလျှင်တော့ တော်တော်ကို ပေါ့လျော့လွန်းသည်။ ဖြ မဖြစ်သင့်။ မနေ့တစ်နေ့ကမှရောက်လာသော ဝန်ထမ်းကို



သို့ လွှတ်သည်ဆိုတာ…

"ဟော့…ဓေယျ"

"စိတ်မပူပါနဲ့ ကိုညီလင်းရဲ့…မနက်က မမသစ် ဖုန်းဆက်တော့ ဝန်ထမ်းအသစ်ကောင်လေးကို လာပြင်ခိုင်းပေးပါတဲ့"

ဓေယျကိုခေါ်လိုက်သော သူ့ကို ကိုခက်က ဝင်ရှင်းပြသည်။

သူ မျက်မှောင်ပို၍ကုတ်သွားကာ ကိုသားကြီးနှင့်ကိုခက် နောက်…ဓေယျ ဤသုံးယောက်စလုံးကို အပြန်ပြန် အလှန်လှန် ကြည့်ရင်း…

"နေပါဦး…မမသစ်က မောင့်ကို အစကတည်းက သိနေတာလား။ မောင်နဲ့ မမသစ်က မောင် ဒီဆိုင်ကို မရောက်ခင်ကတည်းက သိနေလို့ ပြင်ပေးဖို့ခေါ်တာလား"

"မသိပါဘူး"

"မသိဘဲနဲ့ ဘာလို့ မောင့်ကို လာပြင်ပေးပါပြောရတာလဲ"

"ဪ…ဒီလိုပါ ကိုညီလင်း။ ပြီးခဲ့တဲ့လက ကျွန်တော် မမသစ်ဆိုင်မှာ သွားပြင်ပေးတုန်းက မောင် လိုက်လာကူတယ်။ အဲဒီတုန်းက မောင့်ရဲ့လုပ်ပုံကိုင်ပုံ သပ်ရပ်တာကို သဘောကျလို့ ထင်တယ်။ မမသစ်က ခေါ်တာ"

"ဟုတ်တယ်…ငါလည်း ချီးမကျူးချင်ဘဲနဲ့ ချီးကျူးရဦးမယ်…ညီလင်း၊ မောင်ဆိုတဲ့သတ္တဝါလေးက စကားပြောတာ

ဆိုတာသာ ထောင့်မကျိုးတာ။ အလုပ်လုပ်ရင်တော့ စိတ်ပါလက်ပါလုပ်တယ်။ မမြန်ပေမယ့် အမှားနည်းပြီး သပ်သပ်ရပ်ရပ်နဲ့ ပြီးတယ်''

မောင့်အပေါ် ဧယျ အမြင်တိမ်းစောင်းနေတာမျိုး မဖြစ်စေချင်သော်လည်း ယခုလို ဧယျဘက်က မောင်ကို စိတ်ပါလက်ပါ လိုက်လိုက်လဲ့လဲ့ ချီးကျူးတာမျိုးကျတော့ စိတ်ထဲ ဘယ်လိုဖြစ်သွားသလဲ မသိ။ သိပ်မကြိုက်ချင်ပေ။

အမှန်ဆို ဒီလို မကျေမနပ်ဖြစ်တာမျိုးထက်...

ဘယ်လိုလဲ မင်း အရင်တုန်းက ပြောတုန်းက တစ်မျိုးပါလား၊ ခုကျတော့ ဘယ်လိုဖြစ်တာလဲမေးဖို့တောင် မမေးနိုင်ဘဲ ဧယျကို မသိမသာ အကဲခတ်လိုက်သည်။

ဧယျပုံစံက တကယ်စိတ်ပါလက်ပါ ချီးကျူးနေတာမျိုး ဖြစ်သည်။ ဒီစိတ်ထဲ အလိုမကျစွာ...

''ဒီကောင်လေး အမြဲတမ်း ဟိုစပ်စပ် ဒီစပ်စပ်နဲ့ပါနေတာ။ တစ်ခုခုဖြစ်ရင် ကျွန်တော်တို့ဆိုင်ပဲ နာမည်ပျက်ရမှာ၊ ဧယျ...မင်းလည်း သူ့ကို အပြင်ဘက်သိပ်မလွှတ်နဲ့။ စိတ်ချရလောက်အောင် ဒီချာတိတ် မကျွမ်းကျင်သေးဘူး''

''အဲဒါတော့ မပူနဲ့ ကိုညီလင်းရေ...ဒီကောင်လေးက ပါရမီကောင်းတာလား၊ သင်လွယ်တတ်လွယ်တာပဲလားတော့ မသိဘူး။ တစ်ခုခုဆို မြင်တွေ့ပြီးပြီဆိုရင် ချက်ချင်းလုပ်တတ်သွားတာ''

ကိုသားကြီး၏ ချီးကျူးစကားကတော့ ဝမ်းသာစရာ။





…ပြည့်တော်တော့ ဆရာပန်းကောင်းပန်ရသလို ကိုယ်ခေါ်လာသော ကောင်လေးကို နဂိုက မလိုတမာဖြစ်နေသူတွေက ခုတော့ လိုက်လိုက်လဲ့လဲ့ ချီးကျူးနေသည်ဆိုတော့ ဝမ်းသာစရာပင်။

''ဒါပေမဲ့ ဒီကောင်လေးကြည့်ရတာ တစ်မျိုးတော့ တစ်မျိုးပဲ''

ဧယျစကားကြောင့် သူ့အကြည့်က ဧယျဆီသို့ ဖျတ်ခနဲ ရောက်သွားသည်။ ဒီကောင် ဘာသဘောနှင့်ပြောတာလဲဆိုသည့် …မ်းသောအကြည့်မျိုး ဖြစ်သည်။ ဧယျကတော့ သူ့အကြည့်ကို သတိမထားမိဘဲ...

''မင်းပြောလို့ ဒီချာတိတ်ပညာအရည်အချင်း ထောက်ခံချက်မပါဘဲ မင်း အလုပ်ခန့်လိုက်တယ်ဆိုတာတော့ ယုံပါတယ်။ ဒါပေမဲ့ ဒီကောင်လေးပညာအရည်အချင်းက သာမန်အရည်အချင်းတော့ လုံးဝ မဖြစ်နိုင်ဘူး''

''ဘယ်လို''

''ဟုတ်တယ်... ဟောဒီစာရင်းစာအုပ်ထဲက စာရင်း…ားတွေက ပြီးခဲ့တဲ့လကလိုမဟုတ်ဘဲ တော်တော်ကို စနစ်…ပြီး ရှင်းလင်းတိကျနေလို့ ငါတောင် တော်တော်အံ့သြနေတာ''

ဧယျလက်ထဲက စာရင်းဇယားစာအုပ်ကို ဆွဲယူကြည့်လိုက်သည်။

ဟုတ်ပါရဲ့။

အရင့်အရင်လတွေတုန်းက ခြစ်ရာတွေ၊ ဖျက်ရာတွေနှင့် …သော သူတို့ရဲ့စာရင်းစာအုပ်သည် ရှင်းလင်းသပ်ရပ်လျက်

ရှိသည်။

"သာမန်အရည်အချင်းလောက်နဲ့ဆိုရင် စာရင်းဖယား
နိုင်စရာ ဘာအကြောင်းမှမရှိဘူးလေ။ ဒါကြောင့် ဒီချာတိတ်
ဘွဲ့ရရင်တောင် ရိုးရိုးသာမန်ဘွဲ့ရ မဟုတ်ဘူးလို့ ငါ ပြော
တယ်"

ဓေယျရဲ့စကားက နားထဲတွင် ကြားတစ်ချက် မကြား
တစ်ချက်။

သူ အရက်မူးသည့်ညက ကားပျက်သွားတဲ့ဆီ အရော
ရောက်သွားသည်။ ထိုနေ့က ကားပျက်တော့ သူ မလုပ်တတ်
မကိုင်တတ်ဖြစ်နေတာကို ချာတိတ်ပဲ ပြင်ပေးခဲ့သည်။ ထိုတ
က မူးနေ၍ အမှတ်တမဲ့။

ယခု ပြန်စဉ်းစားကြည့်လိုက်တော့ ဓေယျပြောသကဲ့သို့
သာမန်အရည်အချင်းလောက်နှင့်တော့ ဤသို့သော အတတ်ပညာ
များကို မတတ်မြောက်နိုင်။ တတ်မြောက်လျှင်တောင် မကျွမ်းကျ
နိုင်။

မောင်…မင်း ဘယ်သူလဲ။





## အခန်း (၁၃)

"ဟာဗျာ…ခင်ဗျားကတော့ လုပ်ပြန်ပြီ"

"လုပ်ပြန်ပြီလုပ်မနေနဲ့ ချာတိတ်…ဟိုတစ်ခါတုန်းက
မင်းကို ငါ တမင်အမြင်ကတ်ပုဒ်မနဲ့ သွားလေရာခေါ်တာ
ဟုတ်တယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ တကယ်ခေါ်တာ လိုက်ခဲ့
စမ်းပါ"

"ကျွတ်"

ကိုယ့်အလုပ်ရှင်လိုလူက အနူးအညွတ် တောင်းပန်ပြောနေ
တော့လည်း မောင့်မှာ ငြင်းပယ်လို့မရတော့ပြန်။

အမှန်အတိုင်းပြောရလျှင် ဒီဆိုင်လေးမှာ မောင် ပျော်
သည်။ ဒီဆိုင်ပြင်ပ အခြားနေရာ ဘယ်ကိုမှ သူ မသွားချင်။
နောက်ထပ် တခြားသောအလုပ်တွေလည်း ထပ်မပြောင်းချင်တော့ပေ။

ဒီမှာ အရင်တုန်းက သူ့ကို ဓေယျက လက်မခံချင်သလို
လက်ခံထားသော ဦးညီလင်းညိုကလည်း လက်သာခံထားသည်။
ကောင်းကောင်းမွန်မွန် ကျေကျေနပ်နပ်ကြီး လက်ခံထားတာမျိုး

မဟုတ်ပေ။ ခုနောက်ပိုင်း အနေကြာလာတော့မှသာလျှင် သဘောထားတွေပြောင်းကာ အနည်းငယ် ဆက်ဆံရေးပြေပြစ်လာခြင်းဖြစ်သည်။

ထို့အတွက်ကြောင့် ဦးညီလင်းညို စိတ်ကွက်မည့်ကိစ္စတွေလည်း မလုပ်ချင်ပေ။

ထို့ကြောင့် သူနှင့် ဆေးရုံသို့ အဖော်လိုက်ပေးဖို့ ကတိပေးလိုက်ရသည်။

ဒီတော့မှ ဘိုးတော်က…

"ဒီလိုလုပ်စမ်းပါ ချာတိတ်ရာ…မင်းကိုကြည့်ရတာ ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲဘူးဆိုတဲ့အဆိုကို ကန့်ထရိုက်ဆွဲထားသလိုပဲ"

ပခုံးပုတ်၍ ပြောလိုက်တော့ ကောင်လေးက မသိမသာ လှည့်ထွက်သွားသဖြင့် ပြုံးမိရပြန်သည်။

ဒီကောင်လေးကို ယခင်တုန်းကတော့ သိပ်အကဲပိုတာပဲ၊ ခြောက်နေတာလား၊ ဘာလားနှင့် တွေးခဲ့ဖူးသော်လည်း ယခုတော့ ဒီအပြုအမူတွေကို သရုပ်ခွဲမနေတော့ပါ။

တချို့သောလူတွေက သိပ်ကို sensitive ဖြစ်လွန်းသည်။

ဆေးရုံကလည်း အမှန်အတိုင်းပြောရလျှင် သူ မသွားချင်ပါ။ သို့သော်လည်း ထိုသူငယ်ချင်း ဆေးရုံတက်နေသည်မှာ တစ်လကျော်ကြာပြီဖြစ်သော်လည်း သူ တစ်ခါမှ မရောက်ဖြစ်ပေ။

သူငယ်ချင်းအရင်းခေါက်ခေါက်ဆိုတော့လည်း မသွားလို့





ကာ မကောင်းပေ။

'အောင်သက်ပိုင်' သည် သူနှင့် အလွန်ရင်းနှီးသော သူငယ်ချင်းဖြစ်သော်လည်း ဧယျနှင့်တော့ မခင်မင်ခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် အောင်သက်ပိုင်တို့နှင့် အဆက်အသွယ်ပြတ်တောက်ပြီးသည့်နောက်ပိုင်းမှာ သူ ဧယျနှင့် ရင်းနှီးခဲ့သောကြောင့် ဖြစ်သည်။

အောင်သက်ပိုင်တို့ဟု ဆိုလိုက်သည့်အသုံးအနှုန်းတွင် သူနည်းစုသဘောကို မဆောင်၊ လူများစုကို ရည်ညွှန်းကြောင်း သိနိုင်သည်။

ဟုတ်ပါတယ်။

လူများစုသဘောကို ဆောင်နေပါသည်။ အောင်သက်ပိုင်ဆိုသည်မှာ အခြားလူမဟုတ်။ သူ၏ ငယ်ချစ်ဦးဖြစ်သော ချိုလွဲ၏ မောင်ပင် ဖြစ်သည်။

အောင်သက်ပိုင်နှင့်ခင်ပြီးမှ သူနှင့် ချို ချစ်သူတွေ ဖြစ်ခဲ့ကြခြင်း ဖြစ်သည်။ ချိုလွဲ အခြားသောသူနှင့် အိမ်ထောင်ပြုသွားသောအခါ အောင်သက်ပိုင်မှာ သူ့ကို ခေါ်ပြောရမှာ အားနာ၍လား၊ မျက်နှာပူ၍လားမသိ။ သူကိုယ်တိုင်လည်း ချို၏ အပြုအမူကြောင့် ချို၏အသိုင်းအဝိုင်းနှင့် မပတ်သက်ချင်တော့။ ဤသို့ဖြင့် သူတို့သူငယ်ချင်းနှစ်ယောက်၏ ဆက်ဆံရေးမှာ ပြတ်တောက်ခဲ့ခြင်း ဖြစ်သည်။

အောင်သက်ပိုင် ဆေးရုံတက်ရတာတောင်မသိ။ တခြားသော သူငယ်ချင်းတစ်ယောက်ဆီက ကြား၍ သူငယ်ချင်း

တစ်ယောက်၏ ဝတ္တရားအရ သူ ဖုန်းလှမ်းဆက်လိုက်သည်။

"မင်း ဘယ်လိုဖြစ်တာလဲ၊ ငါ ကျော့်စွာဆီက ကြားလို့"

"မင်း လာခဲ့လေ၊ ငါတို့သူငယ်ချင်းတွေ မတွေ့ရတာကြာပြီ၊ ဒီရောက်မှ အေးဆေးစကားပြောကြရအောင်"

"ငါ"

"မငြင်းပါနဲ့ ညီလင်းရာ...မင်း ဘယ်လိုခံစားရမလဲ၊ ဘာတွေဖြစ်နေသလဲဆိုတာကို ငါ ကိုယ်ချင်းစာတတ်ပါတယ်။ ဒါပေမဲ့ ငါတို့နှစ်ယောက်က သူငယ်ချင်းတွေလေ။ ဘယ်လိုအကြောင်းတရားကြောင့်အတွက်နဲ့မှ မပြတ်တောက်သင့်ဘူးလို့ ငါတော့ ထင်တယ်"

"အဲဒါကြောင့်လည်း မဟုတ်ပါဘူးကွာ...ဒါပေမဲ့"

"မင်း ဘာကို ဒါပေမဲ့လဲ ငါ သိတယ်။ မင်း လာသာလာခဲ့ပါ။ မမလည်း ငါ့ဆီ အမြဲတမ်း လာဖြစ်တာမဟုတ်ဘူး၊ သူ့ဘာသာသူတောင် မအားတော့...အင်းပေါ့လေ"

သူ့အိမ်ထောင်နှင့်သူဖြစ်သွားတော့ မိသားစုအရေးဆိုတာ သူမ၏ ကိုယ်ပိုင်မိသားစုလောက်တောင် ဘယ်အရေးပါနိုင်တော့မလဲ။

လေးငါးနှစ်လောက် ပြတ်တောက်ပြီးမှ ယခုသွားတွေ့မည်ဆိုတော့လည်း တစ်ယောက်တည်း ကြောင်တောင်တောင်ဖြစ်နေရမှာစိုး၍ မောင့်ကို အဖော်စပ်လိုက်ခြင်း ဖြစ်သည်။

ဒါတောင် ဘချောသားက ငြင်းချင်သေးသည်။

"မင်း ဒီကို ပြန်လာဦးမလား"





"လာမယ်လေ...မောင့်ကို အဖော်ခေါ်သွားတယ်ဆိုမှတော့ ပြန်လာပို့ရမှာပေါ့။ ဘာကိစ္စရှိလို့လဲ"

"မင်း ပြန်လာမယ်ဆိုရင်လည်း သိပ်တော့မကြာစေနဲ့ ညီလင်း...ဒီနေ့ ငါအိမ်နဲ့ မင်္ဂလာကိစ္စအတွက် လုပ်စရာလေးတွေရှိလို့"

"ဟာ...ရပါတယ် သွားလေ...ခုသွားချင်လည်း သွားလေ။ ကိုခက်တို့...ကိုသားကြီးတို့ ရှိနေတာပဲ၊ ရပါတယ်"

"နေပါစေ...မင်းလာတဲ့အချိန်ထိ ငါ စောင့်မယ်"

"အိုကေ သူငယ်ချင်း...ငါ သိပ်မကြာစေရဘူး မောင်။ ဟေ့ကောင်...ပြင်တာဆင်တာလည်း မဟုတ်ဘဲ ဘာလို့ ဒီလောက်ကြာနေတာလဲ"

ဓေယျကိုပြောရင်း မောင့်ကို ဆော်ဩလိုက်သည်။

ဓေယျက သူ့ကောင်မလေးနှင့် ဝါမဝင်ခင် စေ့စပ်ထားပြီး ဝါကျွတ်လျှင် လက်ထပ်ဖို့ စီစဉ်ထားခြင်းမို့ ယခု စေ့စပ်ဖို့ Pre-wedding ရိုက်ဖို့အတွက် အလုပ်ရှုပ်နေသည်။

"တွေ့လား...ထွက်လာတော့လည်း"

အနောက်ဘက်ကနေ အင်္ကျီလက်ကို ပင့်ခေါက်ရင်း ထွက်လာသော မောင့်ကိုကြည့်ပြီး ညီလင်း ဓေယျကို မေးဆတ်ပြလိုက်သည်။

နက်ပြာရောင်အင်္ကျီလက်ရှည်နှင့် အနက်ရောင်ဘောင်းဘီ ဝတ်ဆင်ထားသော မောင့်ပုံစံမှာ မှောင်မသွားဘဲ ဖြူဝင်းသောအသားရေကြောင့် လင်းနေသည်။

ဆံပင်တိုအုပ်အုပ်နှင့် နားရွက်တွင် ပန်ထားသော ကျောက်နားကပ်နက်တွေကလည်း ပေါ်လွင်လှသည်။

နှစ်ယောက်သား သူငယ်ချင်းတက်နေသော '.....' ဆေးရုံသို့ ထွက်ခဲ့ကြသည်။ ဆေးရုံသည် (၆) ထပ်ဆောင်မို့ အောင်သက်ပိုင်ရှိသောအဆောင်သို့ ဓာတ်လှေကားနှင့် တက်ကြသည်။

ဓာတ်လှေကားထဲတွင် သူတို့နှစ်ယောက်ရယ်၊ သားအမိနှစ်ယောက်ရယ် ပါသည်။ သားအမိနှစ်ယောက်တွင် သားဖြစ်သူမှာ တစ်နှစ်သားအရွယ်ဖြစ်ပြီး မျက်နှာမှာ အထူးရွှင်ပျလှသည်။

အမြဲတမ်း ဂျစ်တီးဂျစ်ကန်ဟု သူ သတ်မှတ်ခဲ့သော မောင်သည် ကလေးငယ်ကို ပြုံးရယ်ကျီစယ်နေခြင်းကြောင့် သူမှာ အံ့သြရသေးသည်။

ကလေးငယ်၏မိခင်မှာ သူနှင့် မတိမ်းမယိမ်းအရွယ်ဖြစ်ပြီး မောင့်ထက်တော့ အသက်ကြီးသည်။

"ဦးဆီ လိုက်မလား"

"ဟိတ်ကောင်"

ကလေးငယ်ကိုချီဖို့ လက်ကမ်းနေသဖြင့် ကလေးမိခင်ကို အားနာလှစွာ မောင့်ကို တစ်ချက် ဟန့်လိုက်သည်။

ကလေးရဲ့မိခင်မှာ အပြုံးမပျက်၊ မောင့်လက်ထဲသို့ ကလေးထည့်ပေးရင်း...

"အမှန် သားလေးက လူသိပ်ရွေးတာ မောင်လေးရဲ့။ တော်ရုံတန်ရုံ ဘယ်သူခေါ်ခေါ် လိုက်တာမဟုတ်ဘူး။ မောင်လေး





...ခါတော့ ရှောရှောရှူရှူပါပဲလား"

"ကျွန်တော်က ကလေးချစ်တတ်တယ်ဗျ။...ဟိတ် ...တိတ်လေး"

ကလေးကို မြှူ၍ ပြုံးရွှင်ရွှင်ဖြစ်နေသော မောင့်ပုံစံကို ...ကြည့်ပြီး ညီလင်းညိုမှာ အံ့သြပြီးရင်း အံ့သြနေရသည်။

"ဟော...ရောက်ပြီ၊ ကျွန်တော်တို့က ဒီအထပ်မှာ ...င်းမှာ။ အစ်မကကော"

"အစ်မက အပေါ်ထပ်တက်ဦးမှာ"

"ဟင့်အင်း...ဟင့်အင်း"

"ဟောတော့"

မောင်က ကလေးငယ်ရဲ့မိခင်ထံသို့ ကလေးငယ်ကို ...မ်းပေးသောအခါ ကလေးငယ်မှာ မိခင်ထံသို့မလိုက်ဘဲ မောင့် ...နားကို သိုင်းဖက်ပြီး ဖွတ်ခေါင်းခါနေလေတော့သည်။

(၃)ယောက်သား ဖြစ်ပျက်နေတာကိုကြည့်ပြီး ညီလင်းညို ...ခါသကျိတ်ဖြစ်နေရသည်။ ဒီကောင် ဆတ်ဆတ်ဆော့ဆော့ ...ပြောရှည်ပြီး ကလေးကိုပွေ့တာ နည်းတောင်နည်းသေးတယ်။ ...သော် အပြင်ပန်းမှာ...

"မင်း ကလေးနဲ့ ခဏနေပေးလိုက်လေ။ ခဏနေ အခန်း ...တ် (၁၀၂) ကို လာခဲ့ပေါ့။ သွားပါဦးမယ်ခင်ဗျာ"

## အခန်း (၁၄)

"မားထိုးခံရတာ ဟုတ်လား…အောင်သက်ပိုင် မ
ငါ့ကို လာနောက်နေတာလား"

"ဟ…ဒီလိုမျိုးကိစ္စဆိုတာ နောက်စရာကိစ္စမို့လား
ညီလင်းရာ"

အောင်သက်ပိုင်က ခုတင်ပေါ်ကနေ ရှုံ့ရှုံ့မဲ့မဲ့ ပြော
ညီလင်းညိုအကြည့်က အောင်သက်ပိုင်၏ ဝမ်းဗိုက်တွင်ရှိသော
ပတ်တီးရှိရာသို့ ရောက်သွားသည်။

ကျော်စွာနှင့်တွေ့တုန်းက ဆေးရုံတက်နေသည်ဟုသာ
ပြောခဲ့သည်။ ဘာရောဂါကြောင့်၊ ဘာအတွက်ကြောင့် တက်တာ
မပြောခဲ့သဖြင့် သူလည်း ခပ်ပေါ့ပေါ့ တွေးခဲ့သည်။





"ဒါနဲ့နေပါဦး…ဘယ်အဖွဲ့နဲ့ငြိလို့…နေပါဦး။ အဲဒီလို ပြောရအောင်လည်း မင်းက ရန်ဖြစ်တတ်တဲ့ကောင်လည်း မဟုတ်တော့…အဲဒါလည်းမဟုတ်ဘူး"

"ဟုတ်တယ်…ဟိုကောင်ကျော်ကလည်း ငါ့ကို အဲ့ဒီလိုပဲ ပြောတယ်။ အမှန်က အမှန်အတိုင်းပြောရရင် အဲ့ဒီကိစ္စကို ပြောဖို့တောင် ငါ ရှက်ပါတယ်"

"ဟေ…"

ထူးဆန်းသောစကားမို့ ညီလင်းညို ဟေခနဲ ဖြစ်သွားသည်။ အောင်သက်ပိုင်၏မျက်နှာမှာ ကျိတ်မနိုင်ခဲမရပုံစံလား၊ ဘာလားတော့မသိ။ ဝမ်းဗိုက်ပေါ်က ဒဏ်ရာပေါ်သို့ လက်တစ်ဖက် ဖွဖွတင်ရင်း…

"အမှန်က ဟိုကောင်မကြောင့်"

"ဘယ်ကောင်မလဲ"

ကောင်မဆိုတဲ့စကားအသုံးအနှုန်းက ရင့်သီးကောင်းရင့်သီးနေပေမယ့် အောင်သက်ပိုင်ကတော့ သူ့ရည်းစားတွေကို စိတ်တိုလျှင် တစ်ခါတလေ ထိုသို့ ရင့်ရင့်သီးသီး ခေါ်တတ်သည်။

အောင်သက်ပိုင်တွင် ရည်းစားမကျ၊ သူငယ်ချင်းမကျသော မိန်းကလေးများစွာ ရှိသည်။ ဒီကောင်ကိုယ်တိုင်ကလည်း မိန်းကလေးတွေ တရုန်းရုန်းနှင့်နေရတာ ပျော်သည်။

သူတောင် အရင်တုန်းက…

"မင်းတော့ ဘယ်နေ့ လက်သီးစာမိမလဲ မသိဘူး" ဟု

ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။

ယခုတော့ လက်သီးစာမဟုတ်ဘဲ ဓားနှင့်ထိုးခံရသည်ဆိုတော့ မိုးကုတ်သူကဲ့သို့ အချစ်ကြီးသော ကောင်မလေးတစ်ယောက်နှင့် ဒီကောင် တွေ့ခဲ့လေသလား။

သူတို့ချင်းဖြစ်သည့်ကိစ္စဆိုတော့ ညီလင်းညို သိပ်မပူတော့ပေ။

"မင်း ကောင်မလေးတစ်ယောက်ယောက်ရဲ့လက်ချက်ဆိုပါတော့...ဟုတ်လား။ မင်းကို ငါ မပြောဘူး။ ပင်မှကသည်း ရှုပ်လုပ်ပုံနဲ့ ဘယ်နေ့ ကောင်လေးတွေရဲ့ လက်သီးစာမိပလဲ မသိဘူးဆိုတာလေ"

"မင်းကလေ...ငါ ဒီလိုဖြစ်တာ တော်တော်ပျော်နေပုံရတယ်...ဟုတ်လား။ မင်းထင်တာ မှားတယ်။ ကောင်မလေးတစ်ယောက်ရဲ့လက်ချက်တော့ ဟုတ်တယ်။ ဒါပေမဲ့ ငါ့ကောင်မလေးတွေထဲက တစ်ယောက်ရဲ့လက်ချက်တော့ မဟုတ်ဘူး"

"ဟေ...ဘယ်လိုလဲ"

အံ့သြပြီးရင်း အံ့သြ။

ဒီကောင် မြန်မာစကားကို မြန်မာနားနှင့် နားလည်အောင် မပြောပြတတ်တာလား။ သူပဲ နားထူပါးထူ ဖြစ်နေသလားမသိ။

ဘာမှမမေးမြန်းတော့ဘဲ အောင်သက်ပိုင်ကိုသာ ကြည့်နေလိုက်သည်။ •

အောင်သက်ပိုင်နှင့် ချိုလှဲ့သည် မောင်နှမဟုဆိုသော်လည်း ရုပ်သိပ်မဆင်ပေ။ အောင်သက်ပိုင်နှင့်ချိုလှဲ့မှာ အမေတူအဖေကွဲ





မောင်နှမများ ဖြစ်ကြသည်။

သို့သော် တကယ့်မောင်နှမရင်းစစ်စစ်တွေလို ချစ်ခင်ညီးလုံးကြသည်။

"ငါနဲ့ စေ့စပ်မယ့် ကောင်မလေးက ထိုးတာ... အင်း... ယောကျ်ားချင်းမို့ ပွင့်ပွင့်လင်းလင်းပြောရရင် ငါ သူ့အပေါ် ကြမ်းမိတယ်ကွာ။ အဲဒါကို ကောင်မက မူပြီး ငါ့ကို ရှက်ရမ်းရမ်းသွားတာ"

"........."

"ခု ငါ့မှာ ဒီရဲ့ကိစ္စကို လူသိမခံချင်တော့ သူငယ်ချင်းတွေလာရင် သာမန်ဆေးရုံတက်တယ်လို့ပဲ ပြောနေရတာ။ မင်းက ငါ့ရဲ့ငယ်သူငယ်ချင်းမို့ ပြောရတာ"

"အင်း...ချက်ကောင်းကို မထိတာတောင် ကျေးဇူးတင်ဦးမယ်။ မင်းရော မကြာခင်ပဲ လက်ထပ်တော့မှာကို"

ဒီကောင်က ဗီဇကို သိနေတော့လည်း ညီလင်းညို သိပ်မဝေဖန်ချင်ပေ။ လူတစ်ယောက်နှင့်တစ်ယောက် ဗီဇချင်းတူကြသည်မဟုတ်ပေ။ ထို့အတွက်ကြောင့် သူများ၏အကျင့်ကို ဝေဖန်၍ ကိုယ့်ကောင်းကြောင်းပြောတတ်သောသူမျိုးကို ညီလင်းညို မုန်းသည်။

"မင်း ဘာသိလဲ...အစက ငါ သူ့ကို သဘောကျတယ်ကွာ။ သူက မာနကတော့ ခပ်ကြီးကြီးပဲ။ စေ့စပ်ဖို့သာ လူကြီးချင်းပြောထားတာ။ ငါ့ကိုတော့ တူတယ်တန်တယ် သတ်မှတ်တာမဟုတ်ဘူး။ ဒီတော့ ငါလည်း အခွင့်အခါကြုံလာတော့ အပီ

တိုင်တော့တာပေါ့''

''အသာလုပ် ဆရာ…အဲဒါ မုဒိမ်းမှုမြောက်နိုင်တယ် နော်။ တစ်ဖက်က အမှုတွေ ဘာတွေ မလုပ်ဘူးလား''

အောင်သက်ပိုင်၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ တစ်ခုခုပြောတော့မလို ပြင်ဆင်ပြီးမှ…

''အင်း…အဲလိုကြီးကြီးမားမားတော့ လူကြီးတွေကြားထဲ မှာ ဖြစ်မသွားပါဘူး။ ဒါပေမဲ့ လူငယ်တွေကြားထဲမှာတော့…''

''အဲဒါကို လက်ထပ်ဦးမှာလား''

ရွှဲ့တဲ့တဲ့ မေးတာကို ဒီကောင်က ခပ်တည်တည် ခေါင်းညိတ်ကာ…

''ဒီးဒီလို မိန်းကလေးမျိုးကို ဘယ်လိုယောကျ်ားမျိုးမှ လက်လွှတ်ခံချင်ကြမှာ မဟုတ်ဘူး''

''ဒီးဒီ…ဟုတ်လား၊ ညွှန်းလှချည်လား''

''ညွှန်းတာမဟုတ်ဘူးကွ…တကယ်ပြောတာ သူက နိုင်ငံခြားမှာ ငယ်ငယ်လေးကတည်းက နေလာခဲ့တော့ ခေတ်မီတယ်။ ထက်မြက်တယ်။ ယောကျ်ားတွေ စွဲမက်စေတဲ့ အလှနတ်သမီးပဲ။ ဒါပေမဲ့ မြွေပွေးလိုပဲ ထိတာနဲ့''

''ပေါက်ခံလိုက်ရရောလား''

''မင်းနော်''

''ဟား…ဟား…ဟား''

''ဟား…ဟား…ဟား''

အောင်သက်ပိုင်၏ အဆုံးသတ်စကားကို သူ ဖြည့်ပြော





းလိုက်တော့ အောင်သက်ပိုင်က ရှက်ကိုးရှက်ကန်းနှင့် က်သီးထောင်ပြပြီး သူနှင့်အတူ လိုက်ရယ်လေသည်။

''ကဲ…ငါ ရောက်နေတာလည်း ကြာပြီ။ တော်ကြာ ရောက်လာလိမ့်မယ်။ ငါ ပြန်တော့မယ်''

''အေးကွာ…ခုလို လာကြည့်ပေးတဲ့အတွက် ကျေးဇူးပဲ ငယ်ချင်း။ နောက်ရက်အချိန်ရရင်လည်း လာခဲ့လေ''

''အေးပါ''

''ငါ အပြင်ထိလိုက်မပို့တော့ဘူးနော်''

''အေးပါကွာ…မင်းသာ အဆင်ပြေအောင် သက်သောင့် က်သာနေ…ငါ သွားပြီ''

အောင်သက်ပိုင်ကို နှုတ်ဆက်ပြီး သူ ထွက်လာသည့်အချိန် ဒီ မောင့်ကို မတွေ့။

ဟိုကလေးသားအမိနှင့်အတူ ရှိနေတုန်းပဲလားမသိ။ အောင်သက်ပိုင်ရဲ့အခန်းမှာ စောင့်နေ၍ရနိုင်သော်လည်း ချိုလှဲ ရောက်လာတာနှင့် တိုးနေမည်စိုးသောကြောင့် မစောင့်တော့ဘဲ ထွက်လာခြင်း ဖြစ်သည်။

မောင်ဟာ ကလေးချစ်တတ်သော ကောင်လေး တစ်ယောက် ဖြစ်လိမ့်မည်ဟု သူ တစ်ခါမှ မတွေးမိပေ။

ယောကျ်ားလေးတွေ များသောအားဖြင့် ကလေးချစ်တတ် ကြသော်လည်း ခရီးသွားဟန်လွဲ ကြုံတွေ့ရတတ်သောကလေးကို မြှလည်းမမြှူတတ်ကြ၊ ချီလည်းမချီတတ်ကြပေ။

ယခု မောင်ကတော့ ထိုသို့မဟုတ်။

အမြဲတစေ ဂျစ်တီးဂျစ်ကန်လုပ်တတ်သော ကောင်လေး မဟုတ်သလို ကလေးကို မြင်တာနှင့် သူ့ဘက်က စရယ်ပြသည်။ ကျီစယ်ပြသည်။ ပွေ့ချီသည်။

ဖေယျာတို့၊ ကိုသားကြီးတို့ပြောခဲ့သောစကားတွေကြောင့် မောင်ဟာ သာမန်ကောင်လေးတစ်ယောက် မဟုတ်တာကိုတော့ သိပါရဲ့။ နောက်ထပ် ဒီကောင်လေးမှာ မည်သို့သော ထူးခြားသည့် ဝိသေသလက္ခဏာရပ်တွေ ရှိသေးသနည်း။

ဘယ်အခန်းသို့သွားသလဲမသိ။ လိုက်ရှာရအောင်ကလည်း ခပ်ကြောင်ကြောင်နိုင်တာမို့ ကားထဲက စောင့်နေဖို့ ဆုံးဖြတ်လိုက်သည်။

အကယ်၍ မောင်ပြန်ဆင်းလာကာ အောင်သက်ပိုင်အခန်းသို့ရောက်သွားလည်း သူ အောက်ထပ်သို့ ဆင်းတာသိလျှင် လိုက်ဆင်းလာလိမ့်မည်။

ထို့ကြောင့် ညီလင်းညို သိပ်စိတ်မပူလှဘဲ ဓာတ်လှေကားထဲသို့ ဝင်လိုက်သည်။ မြေညီထပ်သို့ ဓာတ်လှေကား ရောက်သောအခါ...

"ဟင်"

"ဟာ"

"မောင်"

တံခါးအပွင့် အပြင်ဘက်တွင် ရပ်နေသူကို မြင်လိုက်ရသောအခါ ညီလင်းညို၏မျက်နှာမှာ။





## အခန်း (၁၅)

"မောင်...အောင့်ကို လာတွေ့တယ်နော်"

မသက်သာလို့သာ ခေါင်းညိတ်ပြလိုက်ရသည်။ ဖြစ်နိုင်လျှင် သူမရဲ့ရှေ့ကနေ ပြေးထွက်သွားချင်သည်။ မဆုံချင်လို့ ရှောင်ပါတယ်ဆိုမှ တည့်တည့်ကိုဝင်တိုးတော့ သူ့ရဲ့ကံဟာ တော်တော်ကို ဆိုးဝါးလွန်းနေသလားမသိ။

သူမ၏နှုတ်ဖျားမှ 'မောင်'ဆိုသည့်ဝေါဟာရက ရှိနေဆဲ။ တကယ်ဆိုရင် ဤသို့သောအသုံးအနှုန်းတွေနှင့် သူတို့နှစ်ယောက်ဟာ သူစိမ်းတစ်ရံတွေဖြစ်ကြောင်း သူမ သတိထားမိသင့်သည်။

"မောင်နဲ့ စကားနည်းနည်းပြောချင်ပါတယ်"

"ကိုယ်"

"မငြင်းပါနဲ့ မောင်...အင်းလေ...ဒီလိုပဲ ခေါ်ပါရစေ။ နှုတ်က ကျိုးနေပြီဆိုတော့ ခဏပါနော်။ ဒီရဲ့အောက်ဘက်မှာ ကန်တင်းရှိပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ချို့ကို အချိန်နည်းနည်းလေးပေးပါနော်"

နောက်ဆုံးတော့ ရှေ့ကသွားသော ချိုလွဲ၏နောက်သို့ ညီလင်းညို မသက်သာစွာ လိုက်ခဲ့ရသည်။

လိုက်လာရင်း သူ့အကြည့်က ဟိုဟိုဒီဒီသို့ ရောက်သွားသည်။

'မောင်'ဆိုတဲ့ သတ္တဝါလေးကို တွေ့လိုတွေ့ငြား ဖြစ်သည်။

သို့သော် တွေ့ကိုမတွေ့။

ဒင်းတော့ ဆိုင်ရောက်ရင် ကောင်းကောင်းသိမည်ဟု ညီလင်းညိုစိတ်ထဲတွင် တေးထားလိုက်သည်။

ယခုတော့ ချိုလွဲနောက်က လိုက်ပါခဲ့ရသည်။

လေးငါးနှစ်ဆိုသည့်အချိန်ကာလသာ ပြောင်းသွားသည်။ ချိုလွဲ၏အမူအရာ၊ ရုပ်ရည်အပြင်အဆင်တို့ကတော့ မပြောင်းလဲ။ ယခင်ကထက်တောင် ပို၍ နုပျိုလှပနေသေးသည်။

ခါးအထိဖြစ်နေသော ရွှေဝါရောင်သမ်းနေသော ဆံနွယ်တို့က ဖြောင့်စင်းနေသည်။ မျက်နှာထက်တွင် ပွဲသွားပွဲလာဟန်မျိုး ကြွရွနေအောင် ပြင်ဆင်ထားပုံက ဆေးရုံတက်နေသော မိတ်ဆွေကို ဧည့်လာဆောင်လာတွေ့ဆုံတာမျိုး။

ပြောင်လက်နေသော ပိုးသားဝမ်းဆက် မော်ဒယ်စိမ်းရောင်ကို လည်ဟိုက်လက်ပြတ်ချုပ်ဝတ်ထားသည်။

ဝင်းမွတ်သော လည်တိုင်ကျော့ကျော့တို့သည်လည်းကောင်း၊ ဖြောင့်စင်းသွယ်လှသော လက်မောင်းတို့သည်လည်းကောင်း အများနှင့်မသက်ဆိုင်သောအရာများသာ ဖြစ်တော့သည်။





သူမတွင် ကာမပိုင်ယောကျ်ားရှိနေတယ်ဆိုသောအတွေးဆက် ချောင်းကိုပစ်၍ မြစ်ကိုရှာသော မိန်းမတစ်ယောက်လို့သာတွေးထားသော ညီလင်းညိုအဖို့ သူမ၏အလှအပ၌ ရင်မခုန်တတ်တော့ပေ။

ရင်မခုန်ချင်တော့ပေ။

ယခုလည်း တွေ့ကြဆုံကြချိန် နှုတ်ဆက်တာ ကိစ္စမရှိသော်လည်း စားသောက်ဆိုင်ထိုင်သည့်အခြေအနေထိကတော့ သူလိုက်လျောမှုလွန်နေသလား။

အို…ဘာဖြစ်လဲ။ သူပြောတာ ခဏတဖြုတ် နားထောင်ပြီး ထပြန်ရင်ရတာပဲ။ မနားထောင်ချင်လည်း ဒီဘက်နားကဝင်ပြီး ဟိုဘက်နားကနေ ပြန်ထွက်ပေါ့။

"မောင်ကတော့ အရင်ကထက် ပိုချော၊ ပိုစမတ်ဖြစ်လာတယ်နော်"

"ထင်လို့ပါ ချိုလွဲ…ကိုယ့်ကို ပြောစရာကိစ္စရှိလို့ ခေါ်တယ်လို့ အောက်မေ့ပါတယ်။ ဘာကိစ္စလဲဆိုတာ ကိုယ် အခုသိခွင့်ရှိမလား"

"သြော်…မောင်ရယ်"

နီရဲသော နှုတ်ခမ်းနီဆိုးထားသော သူမရဲ့နှုတ်ဖျားထက်ကနေ 'မောင်ရယ်' ဆိုတဲ့ခေါ်သံက အဖျားခတ်သွားသော်လည်း ညီလင်းညို မသိသလိုနေလိုက်သည်။

နောက်မှ…

"ဟုတ်ပါတယ်လေ…မောင့်ဘက်က ကြည့်မယ်ဆိုရင်

လည်း ချိုလှဲလို အိမ်ထောင်သည်အမျိုးသမီးတစ်ယောက်နဲ့ အတူ
တွဲထိုင်ရတာ အနေခက်မယ်ဆိုတာ ချိုလှဲ သိပါတယ်"

ညီလင်းညို အင်းလည်းမလုပ်၊ အဲလည်းမလုပ် ငြိမ်နေ
တော့ သူမက ပြုံးသည်။ ပြုံးတာမှ မချိုတရိပုံစံဖြစ်အောင်ပြုံးပြီး
ကော်ဖီခွက်ကို ငေးစိုက်ကြည့်ရင်း ငြိမ်သက်နေတာမျိုး ဖြစ်သည်။

"ဒါနဲ့ အောင့်ကိစ္စ သိပြီးရောပေါ့"

"ဘာကိုပြောတာလဲ"

"သူ ဓားထိုးခံရတယ်ဆိုတာလေ"

"အင်း…သူပြောသလောက်ပေါ့"

"အောင့်ကို ဓားနဲ့ထိုးတဲ့သူက ဘယ်သူလဲဆိုတာကော
မောင် သိလား"

"ကိုယ် ဘယ်လိုလုပ်သိမှာလဲ။ ဪ…ဒါနဲ့ သူ ပြော
ပါယ်။ ဘာတဲ့ ဒီးဒီ…ဟုတ်လား"

"ဒီးဒီဆိုတာကော ဘယ်သူလဲ မောင် သိလား"

ညီလင်းညို ဘာမှမပြောဘဲ ချိုလှဲ့ကိုကြည့်နေလိုက်သည်။
ဘာလို့ မေးခွန်းတွေ မေးနေသလဲ။ သူနှင့် မသက်ဆိုင်သောကိစ္စ
ကို ပြောနေရသလဲဆိုသော နားမလည်သည့်ဟန်မျိုးနှင့် ဖြစ်သည်။

ခုထက်ထိ အရိပ်အယောင်မတွေ့သေးသော မောင့်ကို
စိတ်တိုနေရုံသာမက လက်သီးနှင့် နှစ်ချက်သုံးချက် ဆင့်ထိုးချင်
စိတ်တောင် ပေါက်လာသည်။

အမှန်ဆို ဒီကောင်သာပါလာ အောင်သက်ပိုင်သည်လည်း
ဘာကြောင့် ဓားထိုးခံရပါသည် ပြောမည်မဟုတ်။ သူ့ဘေးနား





တွင် အဖော်ပါလာလျှင် ချိုလှဲ့သည်လည်း စကားခဏပြောရ
အောင်ဟု တောင်းဆိုလိမ့်မည်မဟုတ်။

ခုထိ အရိပ်အယောင်မမြင်ပုံထောက် ဒီကောင် ကားပေါ်
မှာ စောင့်နေလောက်ပြီ။

"ဒီးဒီဆိုတာ တခြားလူမဟုတ်ဘူး…မောင်။ အခု ချိုလှဲ့
လက်ထပ်ထားတဲ့ ချိုလှဲ့ခင်ပွန်းရဲ့ညီမဝမ်းကွဲပဲ"

"ဪ…"

"အခု အောင် လုပ်ပုံကြောင့် ကောင်မလေး ပျောက်သွား
ပြီ။ အဲဒီကောင်မလေးက ကိုကိုတို့အမျိုးထဲမှာ အချမ်းသာဆုံး
ကောင်မလေး။ ကိုကို ချမ်းသာတယ်ဆိုတာကလည်း ဒီးဒီရဲ့
ငယ်ဒီ ပေးစာကမ်းစာလောက်ပဲ ရှိတာ"

နည်းနည်းတော့ ဇာတ်ရည်လည်သလို ရှိလာသည်။

ချိုလှဲ့ခင်ပွန်းတောင် သာမန်သူဌေးထက် ပို၍ချမ်းသာသော
သူဖြစ်နေရာ ဒီးဒီဆိုသော မိန်းကလေး၏ဖခင်မှာ အတော်ကို
ကြွယ်ဝချမ်းသာသောသူဌေးကြီး ဖြစ်လိမ့်မည်။

ဤသို့သောအကွက်ကိုမြင်၍ ချိုလှဲ့က အောင်သက်ပိုင်နှင့်
ကောင်မလေးကို အတင်းသဘောတူခြင်း ဖြစ်မည်။

ငွေဆိုလျှင် ဘနဖူး သိုက်တူးတတ်သည့် ချိုလှဲ့တို့မိဘများ
၏သဘောထားကို သူ ကောင်းကောင်းကြီး နားလည်ခဲ့ပြီးပြီ။

အောင်သက်ပိုင်ပြောပုံအရ ကောင်မလေးက အနားကပ်ခံ
ရ။ ဒီကောင်ကလည်း ထိုကိစ္စမျိုးတွင် ဇီဇသေးသူမဟုတ်
တော့ နောက်ဆုံး ကိုယ်ပဲ ဓားနှင့်ထိုးခံရသည့်အဆင့်။

ဤသို့ဆိုလျှင် အောင်သက်ပိုင် ဓားနှင့်ထိုးခံရခြင်းကို သနားစိတ်မဖြစ်မိပေ။ ငွေကိုပဲမြင်ကာ ငွေရချင်စိတ်ပဲရှိသော ဒီကောင် ခံရတာတောင် နည်းသေးတယ်ဟု တွေးလိုက်ပြီး ထိုင်ရာမှထကာ...

"ဒါတွေ ကိုယ့်ကို ပြောပြနေလို့ ဘာထူးမှာလဲ။ ချိုလှဲ့... မင်း လေကုန်တာပဲ အဖတ်တင်တယ်။ ကိုယ့်တာဝန်က ဆေးရုံ တက်နေတဲ့သူငယ်ချင်းကို လာကြည့်ဖို့ပဲ။ သူဖြစ်တဲ့အမှုရဲ့ နောက်ကြောင်းရာဇဝင်တွေ ပြောနေဖို့အတွက် ကိုယ်က မှုခင်း ရဲတစ်ယောက် မဟုတ်ဘူးဆိုတာ မင်း သဘောပေါက်သင့် တယ်"

"မှန်သင့်သလောက် မှန်ပါတယ် မောင်...ဒါပေမဲ့ ချိုလှဲ့မှာလည်း တကယ်အခက်အခဲဖြစ်နေလို့ပါ။ ဒီကောင်မလေး ကို ပြန်မတွေ့မချင်း ချိုလှဲ့တို့အိမ်ထောင်ရေး အဆင်ပြေမှာမဟုတ် ဘူး"

"ဒါ ကိုယ်နဲ့မှ မဆိုင်တာ"

"မောင်...ရှင်...တော်တော်"

"ဟေး...ယူ...ယူက ဒီကို ဘယ်လိုရောက်နေတာလဲ။ ဒီကိုရောက်နေရင် အိုင့်ဆီ ဖုန်းတစ်ချက်လောက် ဆက်လိုက်တာ မဟုတ်ဘူး"

ချိုလှဲ့သည် သူ့အပေါ် အမျက်ချောင်းချောင်း ထွက်သွား သော်လည်း ရုတ်တရက် ဘေးသို့ရောက်လာသော အမျိုးသမီး ကြောင့် ဆက်မပြောဖြစ်တော့ပေ။





အရပ်မြင့်မြင့် တောင့်တောင့်ဖြောင့်ဖြောင့် အမျိုးသမီးက သူ့ရဲ့လက်မောင်းကို တရင်းတနှီးပုတ်၍ စကားပြောနေခြင်းမို့ စူးစမ်းသလို ကြည့်လိုက်သည်။

"ဪ...မိတ်ဆက်ပေးရဦးမယ်...ချိုလှဲ့။ ဒါက ကိုယ်နဲ့ မကြာခင် စေ့စပ်တော့မယ့် ဒေါက်တာလှစကေရီတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ညီမ"

"ဟုတ်ကဲ့"

"ကိုယ့်ကိုလည်း ခွင့်ပြုပါဦး...ချိုလှဲ့"

သူနှင့်လှစကေရီ ကျောခိုင်းထွက်လာတော့ ချိုလှဲ့ လိုက် ကြည့်နေမယ်ဆိုတာ နောက်မလှည့်ကြည့်ဘဲ သိနေသည်။

"ယူ...အိုင့်အပေါ် အကြွေးတင်သွားပြီနော်။ အိုင့်အလှည့် ကျရင်လည်း ယူ ကူညီဖို့ လက်မနှေးနဲ့"

"ကိုယ့်အခက်အခဲဖြစ်နေတယ်ဆိုတာ ဒေါက်တာ ဘယ်လိုသိနေတာလဲ"

သူ တအံ့တဩမေးတော့ သူမက ဟန်ဆောင်မှုမရှိ၊ ဟက်ဟက်ပက်ပက်ရယ်ရင်း...

"မိန်းကလေးတွေရဲ့ကြားမှာ ရှင့်အကြောင်းက မကြားချင် မှအဆုံးဆိုတာ ရှင် မေ့နေပြီလား။ ပျိုတိုင်းကြိုက်တဲ့ မောင်ရယ်.. ဒါပေမဲ့ အဲ့ဒီပျိုတိုင်းထဲမှာတော့ ကျွန်မ မပါဘူးနော်။

"ဟုတ်ပါပြီဗျာ"

## အခန်း (၁၆)

“ဟတ်ချိုး…ဟတ်ချိုး”

နှာတွေ ဆက်တိုက်ချေနေတော့ ခုံလွတ်တွင် စုထိုင်နေကြသော ဓေယျတို့အုပ်စုက လှည့်ကြည့်ကြသည်။ လှည့်ကြည့်ကာမှ

“ဟတ်ချိုး…ဟတ်ချိုး”

နောက်ထပ် နှာချေသံက ဆက်တိုက်ကြီး ထွက်ပေါ်လာသည်။

“ဘာလုပ်နေကြတာလဲ…မင်းတို့က”

ခုံလွတ်တွင် ဝင်ထိုင်ရင်း မေးလိုက်သည်။ ဘယ်သူကမှ ဘာမှမပြော့တော့ သူလည်း ထပ်မမေးဖြစ်တော့ပေ။

မောင်၏ Laptop တစ်လုံး၏ရှေ့တွင် ထိုင်နေပြီး မောင့်ရဲ့ ဘေးတစ်ဖက်တစ်ချက်တွင် ဓေယျနှင့် ကိုသားကြီး၊ ကိုသားကြီး၏ဘေးဘက်တွင် ကိုခက် ထိုင်နေခြင်းဖြစ်သည်။





“မင်း…Laptop က ဘာဖြစ်တာလဲ ဓေယျ”

နေဗီပြာရောင် Laptop သည် ဓေယျရဲ့လက်တော့ပ်ဆိုတာ သိသဖြင့် မေးလိုက်သည်။ ဓေယျက ခေါင်းပေါ်မှ အကြည့်ခွာပြီး ကိုယ်ကိုဆန့်ကာ…

“မသိဘူး…Power က လုံးလုံးကို ပိတ်သွားတာ။ အဲဒါ ဘယ်လိုမှ ပြန်ဖွင့်မရဖြစ်နေတုန်း မောင် လုပ်ပေးလိုက်တာ Power တော့ ပွင့်နေပြီ။ အဲဒါ Software ပိုင်းစစ်နေတာ”

“ဟုတ်မှလည်းလုပ်ပါကွာ…တော်ကြာ ပေါ့စေချင်လို့ ကြောင်ရုပ်ထိုး ဆေးကြောင့်လေး ဖြစ်နေဦးမယ်”

သူ့စကားကြောင့် ချာတိတ်က Laptop ကိုကျော်ပြီး ကျေနပ်သလို မျက်လုံးလှန်ပြီး ခပ်တည်တည် စိုက်ကြည့်သည်။

ပြီးတော့ နှုတ်သီးချွန်ချွန်ဖြင့်…

“မျက်လည်းဘာဖြစ်လဲ…ဒီ Laptop တောက်တော့ ဘယ်လုံးလောက် ပြန်ဝယ်ပေးလို့ရတယ်…နားလည်လား။ လူကို အထင်သေးတဲ့စကား လာမပြောနဲ့”

“ဟား…ဟား…လေကြီးမိုးကြီးတွေကျလာပြီ…ဟ… ဟတ်ချိုး…ဟတ်ချိုး”

ကောင်လေးက နောက်ထပ်ပြောမလို့ ဟန်ပြင်နေတုန်း သူ့ထံမှ ဟတ်ချိုး…ဟတ်ချိုး နှာချေသံကို ဆက်တိုက်ကြားနေရသဖြင့် ဘာမှမပြောတော့ပေ။

“မင်း ဆေးသောက်ထားသင့်တယ် ညီလင်း။ ရာသီဥတုက အကူးအပြောင်းနဲ့ တော်ကြာ အဖျားဝင်နေဦးမယ်”

မိုးတွေ ဆက်တိုက်ရွာနေသည်မှာ သုံးလေးရက်လောက် ရှိပြီ။ ဒီမိုး မတိုင်ခင်က နေဆက်တိုက်ပူထားသေးသည်။

ထိုပူသည့်အချိန်ကလည်း အပူဒဏ်ကို မခံနိုင်သဖြင့် လူအားလုံး စိတ်ညစ်နေကြသလို မိုးရွာချတော့ အေးမည်မကျ... သေး။ အရမ်းပူပြီးမှ မိုးအရမ်းရွာသောအခါ ဖျားတဲ့သူက ဖျား နေမကောင်းတဲ့သူကမကောင်း ဖြစ်တော့သည်။

မနေ့က သူလည်း အပြင်သွားတော့ မိုးနည်းနည်းမိသွား သေးသည်။

ဇေယျက ဖုန်းမြည်လာသဖြင့် ဖုန်းထပြောတော့ ထွက် သွားသောနေရာတွင် သူ ဝင်ထိုင်လိုက်သည်။

ကောင်လေးက လှည့်ကြည့်သော်လည်း ဘာမှတော့ မပြော။ Laptop ပေါ်က tap ကို လက်ညှိုးလေးနှင့် ကျွမ်းကျင် စွာ ထောက်ရင်း စခရင်ပေါ်တွင် အကြည့်ပို့ထားလေသည်။

စခရင်ပေါ်တွင် စူးရှသောအလင်းရောင်ကို ပူစပ်... မျက်လုံးတွေက ဒဏ်မခံနိုင်တော့ဘဲ မျက်လုံးကိုမှိတ်၍ ဆိုဖာ နောက်မှီတွင် ခေါင်းအုံးတင်မှီထားရင်း ငြိမ်နေလိုက်သည်။

"မောင့်ကိုကြည့်ရတာ စွယ်စုံတော်တဲ့ မောင်ဘဂျမ်း လိုပဲ"

ကိုသားကြီး၏ချီးကျူးသံ။

"လုပ်ပြီ··ကိုသားကြီးကတော့ အဲဒီလောက် မမြှောက် စမ်းပါနဲ့။ ကျွန်တော်က တတ်သလောက် မှတ်သလောက် ကတ် နေတာပါ။ စောစောက ကျွန်တော့်ကို ဒီလူပြောတာ မကြားဘူး





လား"

ချွန်ထွက်နေမည့်နှုတ်ခမ်းကို မြင်ယောင်မိသည်။ သူ့ကို ဘေးမှာထားပြီး သူ့အတင်းတုပ်နေသော်လည်း မျက်လုံးတွေက ဖွင့်မကြည့်ဖြစ်ပေ။

"ဒီအခု စစ်ပြီးရင်တော့ အချိန်ရမယ်ဆိုရင် ဆိုင်တော့ တစ်ချက်ပို့သင့်တယ်။ software ပိုင်းတော့ ကျွန်တော် ရတယ်။ hardware ပိုင်းတော့ check out လုပ်သင့်တယ် ကိုဇေယျ"

"အေးပါဟ···လတ်တလော laptop ပွင့်သွားတာကိုပဲ ဝမ်းသာလှပြီ။ ညနေ ဆိုင်ပိတ်ရင် သူငယ်ချင်းတစ်ယောက်ရဲ့ ဆိုင်မှာ ဝင်ထားခဲ့မယ်"

မောင်နှင့်ဇေယျတို့၏ အချီအချပြောနေသော စကားသံ တွေက မကြားတစ်ချက်၊ ကြားတစ်ချက်။ နောက်ဆုံး သူ အိပ်ပျော်သွားသည်။ ဘယ်လောက်ထိတောင် အိပ်ပျော်သွားသလဲ မသိ။

"ဦးညီလင်း"

"ညီလင်း···သူငယ်ချင်း"

"ကိုယ်တွေ တော်တော်ပူနေတာပဲ။ အဖျားဝင်နေလိမ့် မယ်လို့ သတိပေးထားတာကို ဆေးမသောက်ဘဲ အိပ်လိုက်သေး တယ်။ ခုတော့ ဖျားပြီ···ညီလင်း"

ဇေယျရဲ့ စိုးရိမ်တကြီးနှင့် ဗျစ်တောက်ဗျစ်တောက်ပြောနေ သံ၊ အခြားသောလူတွေရဲ့ ခေါ်သံကြောင့် သူ မျက်လုံးတွေကို အားယူဖွင့်လိုက်သည်။

မျက်ခွံတွေက လေးလံနေသလို မျက်လုံးတွေကလည်း ပူထူစပ်နေသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ဘေးတွင် စိုးရိမ်တကြီး ငုံ့ကြည့်နေကြသော ဓေယျ၊ မောင်နှင့် ကိုခက်တို့ကို တွေ့လိုက်ရသည်။

"ညီလင်း…မင်း ဖျားနေပြီ"

"ဟုတ်တယ်…ငါ ဖျားနေပြီ"

ကိုယ့်လက်နှင့် ကိုယ့်နဖူးကိုစမ်းပြီး ခေါင်းညိတ်ကာ ကိုယ်ကို မတ်မတ်ထိုင်ပြီး ပြောလိုက်သည်။

လူက ကိုင်ရိုက်ခံထားရသူလို နာကျင်ကိုက်ခဲနေသည်။ (၃)ယောက်စလုံးက သူဖြစ်ပျက်နေပုံကို ငြိမ်သက်စွာ ကြည့်နေကြသည်။

ညီလင်းညို လက်တွင်ပတ်ထားသောနာရီကို ငုံ့ကြည့်ပြီး

"၅ နာရီတောင် ထိုးနေပြီ၊ မင်းတို့ မပြန်ကြသေးဘူးလား"

မင်းတို့ဟုဆိုပေမယ့် အိမ်ပြန်မည့်သူမှာ ဓေယျနှင့် waitress များသာ ဖြစ်သည်။ ကျန်သည့် waiter နှင့် စားဖိုမှူးများအတွက် ဆိုင်၏အပေါ်ထပ်တွင် နေရာစီစဉ်ပေးထားသည်။

ဓေယျက…

"ပြန်မလို့ပဲ…မင်းကို စောင့်နေတာ"

"ငါလည်း ပြန်တော့မယ်"

"ဟိုး…ဟိုး…နေဦး…မင်းတစ်ယောက်တည်းတော့ ပြန်လို့ဖြစ်မှာမဟုတ်ဘူး။ ဆိုင်က တစ်ယောက်ယောက်ဆ





ကားမောင်းပြီး လိုက်ပို့ခိုင်းမှဖြစ်မယ်"

"ဟာ…ရပါတယ်ကွ…ဆိုင်ကလူတွေလည်း တစ်နေကုန် ပင်ပန်းထားတာ နားချင်ကြမှာပေါ့။ ငါလည်း အိမ်ရောက်ရင် ဆေးသောက်ပြီး အိပ်လိုက်ရင် သက်သာသွားမှာပါ"

ကိုယ့်အတွက်ကြောင့် အခြားသောသူတွေကို ဝန်မပိစေချင်သဖြင့် ညီလင်းညို လက်ကာပြပြီး ထိုင်နေရာမှ ထလိုက်သည်။

ဒါတောင် လူက ယိုင်တိုင်တိုင်ဖြစ်သွားသည်။ သူနှင့် ဘေးကပ်ရပ်တွင်ရှိသော မောင်က သူ့လက်တစ်ဖက်ကို လှမ်းထိန်းပေးလေသည်။

ဤအချင်းအရာကိုကြည့်ပြီး ဓေယျက မဲ့ရွဲ့ကာ…

"တွေ့လား…ပြောတော့ရပါတယ်ဆို…ငါကလည်း အိန္ဒိ… ချိန်းထားတာ။ ၅ နာရီကတည်းက"

"အေးလေ…သွားလေ…ခုတောင် မင့်ကောင်မလေး စိတ်တွေဆိုးနေလောက်ပြီ"

၅ နာရီကျော်နေပြီမို့ ပြောလိုက်ခြင်းဖြစ်သည်။ ဓေယျက ခေါင်းညိတ်ကာ သူ့ကို အားနာသောဟန်ဖြင့်…

"ဟုတ်တယ်…မင်းကိုစောင့်နေတုန်းက နည်းနည်း နောက်ကျမယ်လို့ ပြောထားတာ။ ခု သွားရတော့မယ်။ မဟုတ်ရင်တော့ ငါကိုယ်တိုင် မင်းကို ဆေးခန်းဝင်ပို့ပြီး အိမ်ပြန်လိုက်ပို့ပေးပါတယ် သူငယ်ချင်းရာ"

"ဟုတ်ပါတယ်ကွာ…မင်းကလဲ…ငါက သေကောင်

...ဖြစ်နေတဲ့လူနာမှ မဟုတ်တာ''

''ကိုသားကြီးကလည်း ကားမမောင်းတတ်ဘူး။ ညီလင်းတို့ လိုက်ပို့ဖို့''

အားလုံးက အကျပ်ရိုက်နေစဉ် ညီလင်းညို့ရဲ့အကြည့်က 'မောင့်'ဆီ ရောက်သွားသည်။ မောင်က သူနှင့်မဆိုင်သလို မျက်နှာကို ခပ်လွဲလွဲ လုပ်နေသည်။

ကားပြင်တတ်သူသည် ကားတော့ မမောင်းတတ်ဘူး ဆိုတာ သိပ်တော့မဖြစ်နိုင်ပေ။ ထို့ကြောင့်…

''မောင်…မင်း မောင်းတတ်တယ်မလား။ ငါ့ကို လိုက်ပို့ကွာ''

''ဟာ…မောင်က ကားမောင်းတတ်လို့လားကွ''

ဗေယျက အလန့်တကြား အော်သည်။ မောင်က အင်းမလုပ်အဲမလုပ်နှင့် သူ့ကိုကြည့်နေသည်။

သူ ခေါင်းညိတ်ကာ…

''မောင့်လို ဂျစ်တီးဂျစ်ကန်ကောင်လေးက မင်းတို့ပြောတဲ့ စွယ်စုံရ မောင်ဘဂျမ်းပဲ ဗေယျရေ့…သူက ကွန်ပျူတာ ပြင်တတ်ရုံမကဘူး။ ပျက်နေတဲ့ ကားလည်း ပြင်တတ်တယ်''

''ပျက်နေတဲ့ကားတော့ မပြင်တတ်ပါဘူးဗျာ…ပျက်နေတဲ့ ကားဆို မီးပဲရှို့တတ်တယ်''

''Brava!''

အရင်တုန်းက သူအထင်သေးခဲ့သော ဂျစ်တီးဂျစ်ကန် ကောင်လေးသည် ဘာမဆို တတ်သိနေသဖြင့် ဗေယျ နှုတ်မှ





...ချီးသံနှင့်အတူ ဝမ်းသာအားရဖြင့်…

''ဒါဆိုရင် အတော်ပဲပေါ့… မောင်… ညီလင်းညို့ကို ...ပို့ပေးလိုက်ပါကွာ။ ခုအပြန်မှာ ဆေးခန်းပို့ပေးလိုက်ဦး။ ...အိမ်ပြန်ပို့လိုက်တော့''

''ရပါတယ်ဗျာ…ကိစ္စမရှိပါဘူး''

ငြင်းမည်ဟု သူထင်နေချိန် ချာတိတ်က ခေါင်းညိတ်လိုက် ...သည်။

နောက်ဆုံး ဗေယျက အရင်ပြန်သွားပြီး သူနှင့်မောင်က ...အပြန်လမ်းတွင် ဆေးခန်းသို့ ဝင်ကြသည်။

ဘေးတွင်လိုက်ပါလာရင်း ကောင်လေး ကားမောင်းနေပုံ ...အရုံခံသုံးသပ်လိုက်သည်။ ကိုသားကြီး ချီးကျူးခဲ့သလို ...င်သည် စွယ်စုံရ မောင်ဘဂျမ်း ဖြစ်သည်။

လူကသာ ဂျစ်တီးဂျစ်ကန် ထောင့်မကျိုးသည့် မထော် ...ကောင်လေးဖြစ်သော်လည်း ကားမောင်းရာတွင် စိတ်ရှည် ...သည်။ ငြင်သာသည်။ ပြောရလျှင် သာမန်မောင်းတတ်ရုံအဆင့် ...တတ်ဘဲ ကျွမ်းကျင်အဆင့်ဟုတောင် ပြော၍ရနိုင်သည်။

တွေ့တွေ့ချင်းတုန်းကတော့ ဒီလောက် ထောင့်မကျိုးတဲ့ ...င် အိမ်ပေါ်က မောင်းချခံရတာတောင် နည်းသေးတယ်ဟု ...ချက်ချခဲ့သည်။ ယခု သူ့စဉ်းစားချက်ကို ပြန်လည်သုံးသပ် ...ဆင်ရတော့မည်။

မောင် အိမ်ပေါ်က မောင်းချခံရတာ ဟုတ်ရဲ့လား။

ဘာကြောင့် ယခုထက်ထိ အိမ်ပြန်ဖို့ကိစ္စကို မပြောရ

သေးတာလဲ။

ပုံစံကြည့်တော့လည်း ဆင်းတောင့်ဆင်းရဲထဲက မဟုတ်နိုင်ဘဲ waiter လုပ်နေရတာကိုလည်း ပျော်နေသည်။ တစ်ခါတစ်ရံ သူတို့ ငေါက်လိုက်လို့ မျက်နှာပျက်သွားရုံမှအပ တစ်ချိန်လုံး တက်ကြွရွှင်လန်းနေတတ်သည်။

မောင်…မင်းက ငါတို့ဆီ ပဟေဠိတွေနဲ့ရောက်လာတဲ့ ကောင်လေးပဲ။





## အခန်း (၁၇)

"ကဲ…ရော့ ဒီခေါက်ဆွဲပြုတ်သောက်ပြီး ဆေးသောက်လိုက်။ ကျွန်တော်လည်း မီးဖိုချောင်ထဲဝင်ကြည့်တာ ဘာမှ ချက်စရာမတွေ့လို့ တွေ့တဲ့ခေါက်ဆွဲခြောက်ပဲ ပြုတ်လိုက်ရတယ်"

မောင်က သူ့ရှေ့က စားပွဲပေါ်တွင် အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲပြုတ်ပန်းကန်ကို ချပေးရင်းပြောသည်။

မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သော ကောင်လေးကို လှမ်းကြည့်ပြီး…

"မင်းကော မစားဘူးလား"

"ကျွန်တော်က ဆိုင်မှာကတည်းက စားပြီးပြီဗျ။ ကိုယ့်ဘာသာ စားစမ်းပါဗျာ"

လေသံကတော့ အချိုးမကျ၊ ထောင့်မကျိုးသည့်လေသံကတော့ ရှိနေဆဲ။

ခေါက်ဆွဲပန်းကန်ကို လှမ်းယူဖို့ပြင်ဆင်နေစဉ် နှာက ဆက်တိုက်ချေလာပြန်သည်။ မျက်နှာကို ဘေးတိုက်လုပ်ကာ လက်နှင့်အုပ်ပြီး နှာချေရင်း အားနာသလို ကြည့်လိုက်သည်။

"ရတယ်…ဆေးလည်း ထိုးခဲ့တာပဲ။ သောက်ဆေးလည်း ပေးလိုက်တာပဲ။ ခေါက်ဆွဲစားပြီးရင် သောက်လိုက်။ အိပ်ပြီး ပြန်နိုးလာရင် ကောင်းသွားမှာပါဗျာ"

"မင်းကကော"

"ကျွန်တော်လား…ကျွန်တော် ပြန်မယ်လေဗျာ"

"ဘာ"

"ဟုတ်တယ်လေ…ကိုဇေယျပြောတဲ့စကားထဲမှာ ခင်ဗျားကို အိမ်အရောက်ပို့ပေးဖို့ပဲပါတာလေ။ ခေါက်ဆွဲပြုတ်ပေးဖို့တောင် ပါတာမဟုတ်ဘူး။ ကျွန်တော်က စေတနာနဲ့"

"ဩ…ဩ"

"ဟုတ်တယ်…ခု ကျွန်တော့်တာဝန်ပြီးသွားပြီ။ ခင်ဗျား ဆေးသောက်ပြီးရင် ပြန်မယ်။ တံခါးကို…"

"တော်စမ်း"

"ဟမ်"

ပြောချင်ရာကို တောက်လျှောက်ဖွတ်ပြောနေတာကို နားထောင်ကောင်း၍ နားထောင်နေတယ်ထင်နေသလား မသိ။ အလိုက်ကမ်းဆိုးမသိ။ ဆက်ပြောနေသော သကောင့်သားကို





ါက်ပစ်လိုက်တော့ ကောင်လေးက အံ့ဩသလို လုပ်ပြပြီး…

"နေမကောင်းတဲ့သူက အော်လည်းအော်နိုင်တယ်နော်။ ်တောင်ထားရဦးမယ်"

"ဟိတ်ကောင်…မင်း ပြောင်စပ်စပ် လာလုပ်မနေနဲ့။ ငါ ထိုးပစ်မှာနော်"

"အမ်မာ…လူကိုများ လာခြိမ်းခြောက်နေသေးတယ်။ ာ ခင်ဗျားပဲ လက်ပါတာမဟုတ်ဘူးနော်။ ကျွန်တော်လည်း က်ပါတယ်"

သူ့မျက်နှာ ရှေ့သို့ လက်သီးဝဲပြတော့ ပိုတောင်စိတ်တို းသည်။ နေမကောင်းတဲ့သူတွေဟာ အလိုလို စိတ်တိုတတ် သည်ဆိုသောစကားအတိုင်း သူ့မှာ ဒီကောင်လေး အမြဲတမ်း မခန့် ပြောတတ်တာကို သည်းမခံနိုင်ဘဲ စားပွဲခုံကို လက်နှင့် ်ကာ…

"ဒီမှာ…ဇေယျက မှာထားတာကို တသွေမတိမ်းလုပ်ရ င် ဇေယျက မင်းကို အလုပ်ခန့်ခဲ့တာလား။ ငါက မင်းကို ုပ်ခန့်ခဲ့တာလား"

"ရော်"

"မင်းအချိုးတွေ ပြင်နော်။ ဒါပဲပြောမယ်။ ခုဘယ်ချိန် ပြီလဲ။ နောက်ပြီး ငါတစ်ယောက်တည်း ဒီတိုက်ခန်းထဲမှာ သွားရင် ဘယ့်နှယ်လုပ်မလဲ"

"ဘယ့်နှယ်မှ မလုပ်ပါဘူး။ ဘာလို့လဲဆိုတော့ ခင်ဗျား း‌ရောဂါက သေလောက်တဲ့ရောဂါကြီးမှ မဟုတ်တာ"

"ငါနော်"

ဒီကောင် သူ မခံချင်အောင် တမင်ပြောနေတာကို သဘော ပေါက်လိုက်သည်။ မတ်နေသောကိုယ်ကို ပြန်ဖြေလျှော့ကာ နောက်မှီတွင် ကိုယ်ကိုလျှော့မှီကာ…

"ပြန်မနေနဲ့တော့ကွာ…အရေးရယ်အကြောင်းရယ်ရှိရင် ငါတစ်ယောက်တည်း"

ကောင်လေးက တိတ်ဆိတ်သွားသည်။ ဘာမှပြန်မပြောပဲ ထောက် သူပြောသောစကားကို လက်ခံပေးလိုက်ခြင်းဖြစ်သည်။

"ကဲပါ…ခေါက်ဆွဲပြုတ်တွေ အေးနေတော့မယ် သောက်လိုက်ဦး"

"အင်း"

ကောင်လေးက သူ့ရှေ့သို့ ခေါက်ဆွဲပန်းကန်ကို ထပ်တိုး ပေးရင်း ပြောသည်။ သူ ခေါက်ဆွဲပြုတ်စားနေတာကို ကောင်လေးက ငြိမ်သက်စွာ ကြည့်နေသည်။

ခေါက်ဆွဲပြုတ်တစ်ပန်းကန်ကို ကုန်အောင်မစားနိုင်ပါ။ ပါးစပ်ထဲတွင် နေမကောင်းသဖြင့် အရသာမတွေ့။ ဆေးသောက် ပြီးတော့ လူက အိပ်ချင်လာသည်။

"ငါ…ငါ အိပ်တော့မယ်…ကောင်လေး"

"အိပ်ရာခင်းအပိုတွေ ဘာတွေ မရှိဘူးလား"

ထူးဆန်းသောမေးခွန်းကို ကြားလိုက်ရသူလို အိပ်ခန်းထဲသို့ ဝင်လာသော ကောင်လေးကို လှည့်ကြည့်လိုက်သည်။

နောက်…မိသားစုခုတင်လို ကျယ်ကျယ်လွင့်လွင့်ဖြစ်နေ





သော ခုတင်ဆီ အကြည့်ပြန်ရောက်ကာ…

"ဘာလို့လဲ…ခုတင်က ကျယ်သားပဲကွ။ အလုပ်ရှုပ် အောင် ထပ်ခင်းမနေနဲ့တော့။ ပြန်သိမ်းရတာလည်း ရှုပ်တယ်"

"ဟာ…ကျွန်တော် သူများအိပ်ရာပေါ်မှာ မအိပ်တတ် ပါဘူးဗျာ"

"မအိပ်တတ်လည်း မတတ်နိုင်ဘူးကွာ။ ဘယ်လိုကောင် နဲ့ လာတွေ့နေလဲကို မသိဘူး။ ဓိဇာကကြောင်သေး။ ကားကြီးစကားကျယ်ကလည်း ပြောတတ်သေး။ တစ်အိမ်လုံး မွှေနှောက်ရပြီး မင်းဘာသာ လုပ်ချင်တာလုပ်တော့ပေါ့…ငါ တော့ မရတော့ဘူး"

မောင်တစ်ယောက်တည်း အိပ်ခန်းဝမှာရပ်ရင်း ဘာတွေ ပါးစပ်က ရေရွတ်နေသလဲမသိ။ သူကတော့ နူးညံ့အိစက်သော အိပ်ရာ၏အထိအတွေ့တွင် ခဏလေးအတွင်း အိပ်ပျော်သွားသည်။

ဆေးသောက်ပြီးအိပ်တာတောင် ညဉ့်နက်သောအခါ အဖျားတွေ တက်လာသည်။

"ဟီး…အီး…ချမ်းတယ်…ချမ်းတယ်"

"ချမ်းတယ်"

အိပ်ပျော်နေသောသူက သူ့ကိုယ်သူ အဖျားတက်လို့ တက်နေမှန်းမသိ။ တစ်အိမ်လုံး မွှေနှောက်သာကြည့်ဆိုလို့ ရှာကြည့်သော မောင်မှာ စောင်တွေ၊ ခေါင်းအုံးတွေ မတွေ့တော့ နောက်ဆုံး ညီလင်းညို၏ ခုတင်အစွန်းတွင် ဝင်အိပ်ရုံမှတစ်ပါး အခြားမရှိတော့ပေ။

မှေးခနဲ အိပ်ပျော်နေတုန်း အဖျားတက်သံနှင့်အသ
ညည်းညူသံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

နောက် အိပ်ရာမှ လူးလဲထပြီး ညီလင်းညို၏နဖူး
လက်နှင့်စမ်းလိုက်သည်။

"ဟာ…ကိုယ်ပူရှိန်တွေ တက်လာတာပဲ။ ဒုက္ခပဲ"

သူနှင့်ကိုယ်နှစ်ယောက်တည်း သူသာ တစ်ခုခုဖြစ်လျှင်
ကိုယ်တစ်ယောက်တည်းဆိုသောအသိနှင့် မောင် ပျာယာခတ်သွား
သည်။

ချမ်းတယ်…ချမ်းတယ်ဟုသာ အော်နေသည်။ ကိုယ်
က ခြစ်ခြစ်တောက်ပူနေသည်။

ရေခဲသေတ္တာထဲက ရေခဲတုံးတွေကို ဇလုံထဲသွန်ချလိုက်
သည်။ မျက်နှာသုတ်ပဝါအသေးလေးယူပြီး ခုတင်ပေါ် တင်ပ
ခွေထိုင်လိုက်သည်။

မောင်မင်းကြီးသားက တဟီးဟီး တဟားဟားနှင့် အဖျား
တက်နေဆဲ။

ပဝါကို ရေထဲတွင်ထည့်စိမ်ပြီး ရေတွေ ညှစ်ထုတ်လိုက်
သည်။ ပြီးတော့ ပဝါထဲကို ရေခဲတုံးတွေထည့်၊ ပဝါကိုလိပ်ပြီ
သူ့နဖူးပေါ်သို့ တင်ပေးလိုက်သည်။

သူ့လက်တွေက မောင့်ရဲ့လက်တွေကို ကယောင်ကတမ်း
ဖွတ်ဆုပ်ထားကာ…

"ချမ်းတယ်…မောင်…ငါ ချမ်းတယ် ဟော့ကောင်"

"အဲဒါ…ကျုပ် ဘာလုပ်ပေးရမလဲဗျာ…ရှိသမျှစောင်





တွေလည်း ခင်ဗျားပေါ်တင်ထားတာပဲ။ ဒီလောက်ထိ ချမ်းတတ်
နေရင်လည်း မတတ်နိုင်တော့ဘူးဗျာ"

ဘိုးတော် ကြားလားမကြားလား မသိ။ ဖျားနေသောသူကို
မောင် ခပ်ငေါက်ငေါက် အော်ပြောလိုက်သည်။

သူ့ထံမှာ ညည်းသံခဏ ရပ်သွားသော်လည်း ချမ်းတယ်··
ချမ်းတယ် ညည်းသံက ထွက်နေတုန်း။ ခြေရင်းတွင် ခေါက်ထား
သော စောင်ထူထူနှစ်ထည်ကလည်း သူ့ကိုယ်ပေါ်တွင် လွှမ်းခြုံ
ထားသည်။

နဖူးပေါ်တွင်လည်း အပူကြီးနေသဖြင့် ရေခဲဝတ်ကပ်ပေး
ထားရသည်။ ဒါတောင် ချမ်းတယ်…ချမ်းတယ်အော်နေတော့
မောင် ဘာမှမလုပ်တတ်တော့။ ကိုယ်လည်းနေမကောင်းသည့်
လူနာတွေကို တစ်ခါမှ မပြုစုဖူးသဖြင့် ဘာလုပ်ပေးရဦးမလဲ
ဆိုတာ မသိတော့။

သူ့ဘေးနားတွင် ငုတ်တုတ်ထိုင်ကာ နဖူးပေါ်က ရေခဲဝတ်
မပြုတ်ကျအောင် လက်တစ်ဖက်နှင့် ဖိထားရသည်။

စာကြည့်စားပွဲပေါ်တွင်တင်ထားသော နာရီကိုကြည့်လိုက်
တော့ ည ၁ နာရီကျော်နေပြီ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရ
မည့်အချိန်၊ အိပ်ချင်နေပါလျက်နှင့် ထိုင်နေရသဖြင့် ရေခဲဝတ်ကို
လက်နှင့်သာ ဖိထားရသည်။ လူက တစ်ချက်တစ်ချက် ငိုက်ခနဲ
ငိုက်ခနဲ ဖြစ်သွားသည်။

ကိုယ်ခြုံရမည့်စောင်ကလည်း သူ့ကိုယ်ပေါ်တွင် ရောက်ရှိ
နေသည်။

ခြေထောက်ကို သူ့စောင်ပုံကြားထဲ ထိုးထည့်ကာ လက်တစ်ဖက်က ရေခဲဝတ်ကိုကိုင်ရင်း ကျန်တစ်ဖက်က ခေါင်းအုံးပေါ်ထောက်ရင်း မောင့် ထိုင်နေလျက်နှင့် ငိုက်ကောင်းနေလေသည်။





## အခန်း (၁၈)

"အမလေးလေး..."

မျက်လုံးကို ဖွင့်ကြည့်လိုက်စဉ် မောင် အမလေးတလိုက်ပြောသည်။ မနှေ့ညက ရေခဲဝတ်ကိုင်ပေးရင်း ငိုက်နေရာမှ အိပ်ပျော်သွားတာတောင်မသိ။

နိုးလာတော့ သူ့မျက်နှာကို လက်နှင့်ဖက်ပြီး အိပ်နေသလိုဖြစ်နေသည်။ လက်ကို ကမျာကယာရုတ်ပြီး ကျုံးထလိုက်သည်။

တော်သေးသည်။

သူက နိုးမလာသေး။ မဟုတ်လျှင် မောင် ရှက်၍သေသွားနိုင်သည်။

"အင်း...ကိုယ်ပူရှိန်တော့ နည်းနည်းကျသွားပြီပဲ"

သူ့နဖူးပြင်ကို လက်ဖျားနှင့် စမ်းသပ်ပြီး ရေရွတ်လိုက်သည်။ သူနိုးမလာခင် ကိုယ်လက်သုတ်သင်ခြင်းကို ခပ်သွက်

သွက် ပြုလုပ်လိုက်သည်။ သူစိမ်းယောကျ်ားသားတစ်ယောက်၏ အခန်းအတွင်းထဲမှာရှိနေသဖြင့် မောင် အစစအရာရာ သတိထား ပါသည်။

ကိုယ်လက်သန့်ရှင်းရေးလုပ်ပြီး ပြန်ထွက်လာသည့်အချိန် ထိ ဦးညီလင်းညို မနိုးသေးပေ။ အိပ်ခန်းထဲမှထွက်ပြီး မီးဖိုဆောင် သို့ ထွက်ခဲ့သည်။

မနေ့ညကလည်း ဟိုလုန်ဒီလှော့ရှိခဲ့ပေမယ့် ခေါက်ဆွဲ ခြောက်ကလွဲလျှင် ဘာမှမရှိသော စားဖိုဆောင်ကို လှည့်ကြည့် လိုက်သည်။

ဂျင်းဘောင်းဘီအိတ်ကပ်ထဲကို လက်နှင့်စမ်းလိုက်သည်။ ဤတိုက်ခန်း၏ မြေညီထပ်တွင် အစားအသောက်ရောင်းသည့် ဆိုင်များကို မနေ့ညက မောင် တွေ့ခဲ့သည်။

ဒီမနက်စာကို သူသာမက မောင်ပါ စားရမည်ဆိုတော့ မောင် ခေါက်ဆွဲပြုတ်မကြိုက်။ အချိန်ကုန်သက်သာတယ်၊ လုပ် စားကိုင်စားရတာ လွယ်တယ်ဆိုပေမယ့် ဘယ်တော့မှလုပ်မစား။

ထို့အတွက်ကြောင့် အောက်ဘက်တွင် စားစရာတစ်ခုခု ဝယ်ဖို့ ဆုံးဖြတ်လိုက်သည်။

အောက်ဘက်သို့မဆင်းခင် အိပ်ခန်းထဲသို့ တစ်ချက် စောင်းငဲ့ကြည့်လိုက်သည်။

ပြီးတော့ ဧည့်ခန်းနံရံတွင် ချိတ်ထားသော လျှာထိုးဦးထုပ် နီညိုရောင်ကို ခေါင်းပေါ်ဆောင်းကာ တံခါးပိတ်ပြီး အောက်ဘက် သို့ ခပ်သွက်သွက် ဆင်းလာသည်။





စားသောက်ဆိုင်သို့ရောက်တော့ ကြေးအိုးပြုတ် (၂)ပွဲ ...လိုက်သည်။

ကြေးအိုးပြုတ် ပါဆယ်ကိုစောင့်နေရင်း မောင် အပေါ် ...ွင်ထပ်ထားသော ဂျာကင်ဇစ်ကို အောက်သို့ အနည်းငယ်ဆွဲချ ...ီး ထိုမှ အောက်ထပ်သို့ လက်နှင့်နှိုက်လိုက်စဉ် လက်ထဲတွင် ...ောက်ဆုံးပေါ် အိုင်ဖုန်းပါလာသည်။

ဖုန်းက အချိန်မရွေး မြည်လာနိုင်သဖြင့် ကိုယ် ဆက်သွယ် ...ိုသည့်အခါမှ စက်ဖွင့်တတ်ပြီး အမြဲတမ်း power off ...ားတတ်သည်။

ဖုန်းပါဝါဖွင့်လိုက်သောအခါ ထင်သည့်အတိုင်း ခေါ်ထား ...သည့်ဖုန်းတွေကော၊ message တွေကော တစ်တောင်တောင် ...စ်တိန့်တိန့်နှင့် ဝင်လာသည်။

ထိုအဝင်ကောလ်တွေ၊ Message တွေကို ကြည့်မနေဘဲ ...ောင် နံပါတ်တစ်ခုကို ရိုက်နှိပ်ပြီး ခေါ်လိုက်သည်။

ဖုန်းခေါ်ပြီး မကြာခင် ချက်ချင်းပင် လူတစ်ယောက် ...န်းလာကိုင်သည်။

"ငါပြောထားတဲ့ကိစ္စ လုပ်ပြီးပြီလား"

"........."

"မလိုအပ်တာတွေ လျှောက်မေးမနေနဲ့ သူဇာ၊ ငါ အဆင် ...ပြေနေလို့ နင့်ဆီကို ဖုန်းခေါ်လို့ရနေတာပေါ့"

"..........."

"အေး...အစီအစဉ် တိကျပါစေနော်။ ဒယ်ဒီနဲ့ငါကိစ္စကို

တော့ ငါ့ဘာသာပဲ ကြည့်ရှင်းမယ်။ အခြေအနေလုံးလုံးအဆင်မပြေ ရင် ငါ့ဆီ စာပို့ထား။ ငါ ဖုန်းပြန်ဆက်မယ်''

''...........''

''ဟော...တွေ့လား...ပြောပြန်ပြီ၊ ငါ ဘယ်မှာဖြစ်ဖြစ် မပြောဘူး။ နင်ဆိုတဲ့မိန်းမက နှုတ်က သိပ်လုံရာတာဆိုတော့ နှစ်ခါတောင် စစ်ဆေးလိုက်ရမှာ မဟုတ်ဘူး...ဟွန်း''

''............''

''အေးပါ...အေးပါ...ဒါပဲ...ဒါပဲ''

ဖုန်းကိုချပြီး ဝင်လာသော Message များကို ဖွင့်ကြည့် ရင်း မောင့်ရဲ့မျက်နှာမှာ အနေအထားအမျိုးမျိုး ပြောင်းသွား သည်။

''အစ်ကို...ဒီမှာ ကြေးအိုးပါဆယ် ၂ ပွဲ ရပြီ''

''ဩော်...ဟုတ်ကဲ့...ရော့''

စားပွဲထိုးလေးလက်ထဲက ပါဆယ်ထုပ်နှစ်ထုပ်ကို လှမ်း ယူပြီး ပိုက်ဆံကမ်းပေးလိုက်သည်။

ဖုန်းကို စက်ပိတ်ကာ နဂိုအတိုင်း အတွင်းဘက်အိတ်ကပ် ထဲသို့ထည့်ကာ အပေါ်ဂျာကင်ကို ဇစ်ဆွဲလိုက်သည်။

အပေါ်ထပ်သို့ ခပ်သွက်သွက် တက်လာခဲ့ချိန် ဦးညီလင်း ညိုက အဆွေးထည်ထူထူဝတ်၍ ဧည့်ခံထဲတွင် ထိုင်နေသဖြင့် မောင် တစ်ချက်တော့ မလုံမလဲ ဖြစ်သွားသည်။

ထို့ကြောင့် ဦးညီလင်းညိုကို အကဲခတ်သလို ကြည့်လိုက် သည်။ သူက မောင့်ကိုမကြည့်ဘဲ မောင့်လက်ထဲက ကြေးအိုး





ထုပ်ကိုကြည့်ပြီး...

''ငါက မင်းကို မတွေ့လို့ စိတ်ပူသွားတာ။ မင်းက ကြေးအိုးသွားဝယ်တာကိုး...အတော်ပဲ ငါလည်း ဗိုက်ဆာ နေတာနဲ့''

''ခင်ဗျား...အိပ်ခန်းထဲပြန်ဝင်နေလိုက်ပါလား။ ဒီမှာက ရာသီဥတုကအေး လေတွေလည်း တိုက်နေတော့''

''အိပ်ခန်းထဲရောက်ရင် လူက အပူတွေကြီးပြီး ပြန်သတိ ရနေမှာစိုးလို့...ဟား...ဟား''

သူ့ရဲ့အရွှန်းဖောက်စကားကို မောင် မည်သို့မှ မတုံ့ပြန်ဘဲ ဖိုဆောင်ဘက်သို့ ကြေးအိုးထုပ်ကိုင်ပြီး လျှောက်ဝင်ခဲ့သည်။

''မနေ့ညက ငါ တော်တော်လေး အဖျားကြီးခဲ့ပုံရတယ်။ ခဲဇလုံတွေနဲ့ စောင်ထူထူကြီး ထပ်ခြုံထားတော့''

သူက မီးဖိုခန်းထဲထိ လိုက်ဝင်လာရင်း ပြောလေသည်။

မောင် ကြေးအိုးကို ပန်းကန်လုံးကြီးထဲသို့ မဖိတ်စင်အောင် သတိထားထည့်ရင်း...

''ဟုတ်တယ်...ခု မနေ့ကလောက်နေရတာ မဆိုးတော့ ဘူး မဟုတ်လား။ မနက်စာစားပြီးရင် ဆေးသောက်ပြီး ပြန်အိပ် လိုက်လေ။ ကျွန်တော် ခင်ဗျားရဲ့ကားယူပြီး ဆိုင်ပြန်သွားမယ်။ ညနေခင်းမှာ ခင်ဗျားနဲ့ သင့်တော်မယ့်အစားအစာ တစ်ခုခုဝယ်ပြီး ကျွန်တော် ပြန်လာပို့မယ်''

မော့မကြည့်ဘဲ ပြောနေသော မောင်မှာ သူ့ကို စိုက်ကြည့် နေသော ညီလင်းညို၏အကြည့်ကို ပထမပိုင်း သတိမထားမိ

သေးပေ။

"ကဲ…ရပြီ…ထိုင်လေ၊ မျက်နှာတော့ သစ်ပြီးပြီမလား၊ ကျွန်တော်တော့ ဗိုက်ဆာပြီ"

ကြေးအိုးပန်းကန်လုံးကို အလယ်ကချပြီး တူ၊ ဇွန်း ပန်းကန်လုံးသေးတစ်စုံ သူ့ရှေ့သို့ချပြီး ထိုင်ခုံပေါ်တွင်ထိုင်၍ ညွှန်ပြီး…

ညီလင်းညိုကိုပြောသလို ကိုယ်တိုင်လည်း စားပွဲရှေ့ ခုံတွင် ဝင်ထိုင်လိုက်သည့်အချိန်ထိ ညီလင်းညိုက မထိုင်သေး သဖြင့်…

"ဟင်"

မော့ကြည့်လိုက်တော့ ကိုယ့်ကိုပဲ တစ်စိုက်မတ်မတ် ကြည့် နေသောအကြည့်ကြောင့် မောင် မျက်နှာတစ်ချက် ပျက်သွား သည်။

သို့သော် ချက်ချင်းပင် ပြန်ထိန်းကာ တူကိုကောက်ကိုင် ပြီး

"ထိုင်လေဗျ…ဘာရပ်လုပ်နေတာလဲ"

ညီလင်းညိုက ဘာမှမပြောဘဲ ထိုင်ချလိုက်သည်။ ထို့ နောက် မောင့်နည်းတူ တူကို ကောက်ကိုင်ပြီး ပန်းကန်လုံးသေး ထဲသို့ ကြာဇံအချို့ကို တူနှင့်ညှပ်ထည့်လိုက်၊ အရည်တွေကို ဇွန်းနှင့် ခပ်ထည့်လိုက် ရှိနေသည်။

သူက တစ်ဇွန်းချင်း အေးဆေးခပ်ထည့်နေချိန် မောင်က တရှူးရှူးနှင့် စားသောက်ကာ ပန်းကန်လုံးသေးလေးတစ်ခု





ပြိုက်ခနဲ ကုန်သွားသည်။

"မောင်…မင်း ဘယ်သူလဲ"

"ဟင်"

နောက်ထပ် ထပ်ထည့်ဖို့ လက်လှမ်းနေသော မောင်မှာ ညီလင်းညို၏မေးခွန်းကြောင့် အံ့ဩတုန်လှုပ်သွားသည်။ ထင်မှတ်ထားသော မေးခွန်းမို့ ထိတ်လန့်စွာ လှမ်းကြည့်လိုက် တော့ သူသည် မောင့်အား စူးစူးစိုက်စိုက် ကြည့်နေသည်။

သူ ပန်းကန်လုံးထဲတွင် ခပ်ထည့်ထားသော ကြေးအိုးများ မှာ မတို့မထိရသေးပေ။

တုန်ယင်နေသောလက်ကို သူ သတိမထားမိစေရန် မောင် တူနှင့်ဇွန်းကိုချကာ စားပွဲခုံအောက်တွင် လက်နှစ်ဖက်နှင့် ခပ်တင်းတင်း ဆုပ်ကိုင်ထားမိသည်။

သူ…

မောင် နောက်ကလိုက်ချောင်းနေခဲ့တာလား။ ဒါမှမဟုတ် မောင့်ကို အိပ်ခန်းထဲမှာ မတွေ့လို့ လိုက်လာရင်း မောင် ဖုန်း ပြောနေတာကို တွေ့သွားခဲ့တာလား။

ဤသို့ဆိုလျှင်တော့…

"ဖေယျပြောသလို မင်းဟာ အဘက်ဘက်က တော်တဲ့ ကောင်လေးပဲ။ ကိုသားကြီးပြောတဲ့ စွယ်စုံရတဲ့ မောင်ဘဂျမ်းပဲ။ ဒီလိုတော်တဲ့ကောင်လေး အိမ်ပေါ်က မောင်းချခံရတယ်ဆိုတော့ မင်း တော်တော်ကြီးလေးတဲ့အပြစ်ကို ကျူးလွန်ထားတာပဲဖြစ်ရ မယ်။ ဘယ့်နှယ်လဲ…မှန်လား"

ဟင်…

ကိုယ်ထင်ထားသလိုမဟုတ်ဘဲ သူထင်နေတာက တစ်မျိုး မို့ သက်ပြင်းကို ကျိတ်ချပြီး တူကို ပြန်ကောက်ကိုင်လိုက်သည်။





## အခန်း (၁၉)

(၂) ရက်လောက် အဖျားကြီးပြီး (၃) (၄) ရက်လောက် ကြာတော့ ညီလင်းညို အဖျားရှင်းရှင်းပျောက်သွားသည်။

ဒါလည်း မောင့်ရဲ့ကျေးဇူးကြောင့်ဆိုလျှင်လည်း မမှားချေ။

မောင်သည် သူနှင့် ညဘက်အဖော်ရအောင် လာအိပ်ပြီး နက်တွင် စားစရာတစ်ခုခု စီစဉ်ပေးခဲ့ပြီး ဆိုင်သို့သွားသည်။

နေ့လယ်နေ့ခင်းကျလျှင် နေ့လယ်စာတစ်ခုခုဝယ်ပြီးရောက် လာကာ ကျွေးမွေးပြီး ဆေးသောက်စေသည်။

ပြီးလျှင် ဆိုင်သို့ပြန်သွား၊ ညနေဘက် ဆိုင်သိမ်းချိန်တွင် စားစရာတစ်ခုခုနှင့် ရောက်လာတတ်လေသည်။

ဖေယျာကတောင်…

"ဒီကောင်လေး တော်တော်အသုံးကျတဲ့ကောင်လေးပဲ ညီလင်း"

"အင်း"

"စကားပြောရတာ ထောင့်မကျိုးတာရယ်၊ လူပုံကြည့်တော့ ဂျစ်တီးဂျစ်ကန်နိုင်တာကလွဲရင် အကုန်လုပ်တတ်ကိုင်တတ်တယ်ကွ။ ဩော်…သူ့ကိုသဘောကျနေတဲ့ နောက်တစ်ယောက်ရှိသေးတယ် မောင်"

"မောင့်ကို သဘောကျနေတဲ့ နောက်တစ်ယောက်…ဟုတ်လား။ ဘယ်သူလဲ ဖေယျ"

ညီလင်းညို အလန့်တကြား မေးလိုက်သည်။ မောင့်ကို သူတို့နည်းတူ သဘောကျတဲ့သူ နောက်တစ်ယောက်ရှိသေးတယ်တဲ့။ အဲဒီလူက ဘယ်သူလဲ။

ဟင်…သူကကော မောင့်ကိုသဘောကျနေတဲ့လူထဲက တစ်ယောက်လား။

မဟုတ်ဘူး…မဟုတ်ဘူး။

ညီလင်းညို ခေါင်းကို ခပ်သွက်သွက်ယမ်းလိုက်သည်။

သူ့လိုယောကျ်ားရင့်မာကြီးက မောင့်လိုကောင်လေးချောချောကို သဘောကျနေသည်ဆိုတာ ဘုရား…ဘုရား…မိုးကြိုးပစ်ကိန်းပါလား။

ညီလင်းညို ကတုန်ကယင် ဖြစ်နေသည်။

ယခု အခြားသောနိုင်ငံများတွင်သာမက သူတို့မြန်မာနိုင်ငံထဲမှာပါ boy to boy၊ girl to girl ဇာတ်လမ်းတွေ အတိအလင်းရှိနေပြီ။

'Homosexuality' ဆိုသည့်စိတ်ဓာတ်ဟာ အောက်တန်း





ကျခြင်း၊ အင်မတန်မှ ရွံရှာဖွယ်ကောင်းသောစိတ်ဓာတ်ဟု သူခံယူထားလေရာ မောင့်အပေါ် ထိုသို့စိတ်မျိုး သူဖြစ်နေတယ်ဆိုလျှင် သူ့ကိုယ်သူ သတ်သေရတော့မည့်အဖြစ်မျိုး။

သူလို အတောင် (၂၀) ဝတ်မင်းယောကျ်ားက ကိုယ်လိုဘဝတူ ယောကျ်ားသားတစ်ယောက်အပေါ်မှာ စိတ်ဝင်စားနေခြင်းဆိုတာ ရှက်ဖွယ်လိလိ။

ဒီကောင်ကလေးကို မြင်နေတွေ့နေရရင် ပျော်ရွှင်ကျေနပ်သည်။ ဒီကောင်လေး သူ့အနားမှာရှိနေလျှင် စိတ်ထဲတွင် သာယာစိတ်တွေ ဖြစ်နေသည်။

ဒါဟာ 'Homosexuality' ဆိုတာကို ဦးတည်နေတာလား။

ဘုရား…ဘုရား။

ညီလင်းညို ကိုယ့်နားနှစ်ဖက်ကို လက်နှင့်အုပ်ကိုင်လိုက်တာ ကယောင်ကတန်းဆန်စွာ။ သူ နေမကောင်းစဉ် သူ့ကိုကိုယ်ဖိရင်ဖိ သေချာစွာ ပြုစုပေးခဲ့သော မောင့်ရဲ့အထိအတွေ့၊ အယုအယအပေါ်မှာ သာယာခဲ့ခြင်းတွေကကော အပြစ်ဖြစ်သွားစေနိုင်တယ်လား။

"မောင်…မောင့်ကို စိတ်ဝင်စားနေတဲ့သူက ဘယ်သူလဲ"

ဖေယျအား ကတုန်ကယင် မေးလိုက်သည်။ ဖေယျက သူဖြစ်ပျက်နေပုံကို သတိမထားမိဘဲ ပြောမည့်စကားကို သဘောကျနေပုံနှင့် တဟားဟား ရယ်ရင်း…

"ဘယ်သူရှိရမှာလဲကွ…အဖျိုကြီးမမ ဒေါ်သစ်သစ်ပဲ

ပေါ့''

''ဟင်''

အသက် (၄၀) နားကပ်နေသည့် မမသစ်က အသက် (၂၀) စွန်းစ ချာတိတ်လေးတစ်ယောက်ကို စိတ်ဝင်စားနေသည်။ သဘောကျနေသည်ဆိုတဲ့ကိစ္စကလည်း မထော်မနန်းကိစ္စပါလား။

အရင်တုန်းက နှစ်ပတ်တစ်ခါလောက်မှာ လက်ဖက်ရည်ပွဲ ပြင်နိုင်းတတ်သော မမသစ်က ခု တစ်ပတ်မှာ (၂)ခါလောက် လက်ဖက်ရည်ပွဲ ပြင်နိုင်းတာ ဘာသဘောလဲ။

သူတို့ရဲ့ အိမ်တိုင်ရာရောက်ဝန်ဆောင်မှုသည် ဈေးနှုန်း မြင့်မားသဖြင့် တကယ့်တကယ် အရေးကြီးတဲ့လူကြီးမလာဘဲ မပြင်နိုင်းနိုင်ပေ။

ယခု ထိုမျှများပြားသော ငွေကြေးကို မမှုစွာ ခေါ်ပြင်နိုင်းသည်ဆိုတော့ စဉ်းစားစရာ။ မမသစ်၏ ရင်းနှီးမြှုပ်နှံမှုမှာ တော်ရုံ တန်ရုံ ရင်းနှီးမြှုပ်နှံမှုမဟုတ်ပေ။

''ကောင်လေးကလည်း လူပါးပဲ ဟေ့ကောင်…ဒါတော့ ကြိုက်ပုံရတယ်''

ဖေယျက လက်ညှိုးနှင့်လက်မကို ကွေးပြပြီး…

''ဟိုမှာ သွားပြင်ပေးရင် မမသစ်က သူ့ကို ဘောက်ဆူး တော်တော်ပေးပုံရတယ်။ မမသစ်က လက်ဖက်ရည်ပွဲလာပြင်ပေး ပါဆိုရင် ဒီကောင်က တက်ကြွချက်''

''ဟုတ်လား''

''ဟုတ်တယ်ကွ…မင်း ကြည့်နေ…ဒီကောင် သိပ်မကြာ





င် လှုပ်ရှားလိမ့်မယ်။ အသက်အရွယ်ခြင်း ဘယ်လောက်ကွာ ကွာ သူတို့ချင်း ကြည်ဖြူရင်တော့ ကောင်းတာပေါ့ကွာ''

''ငါ ပြန်တော့မယ်…ဖေယျ''

''ဟာ…ဘယ်လိုဖြစ်တာလဲ''

ဖေယျ၏စကားကို ဆက်နားမထောင်ချင်တော့သဖြင့် ညီလင်းညို အိမ်သို့ ထပြန်ခဲ့သည်။ အဆင်မပြေချင်တော့ အရာရာ တိုင်းသည် သူ့အတွက် အဆင်မပြေစရာတွေပဲ စုပုံနေတော့သည်။

ကောင်မလေးတွေနှင့် စကားပြောရ၊ သွားရလာရတာကို လည်း စိတ်ထဲမှာ ကျေနပ်မှုမရှိ၊ အလိုမကျမှုများဖြင့် ပြည့်နေ တတ်သည်။

မောင့်အကြောင်း စဉ်းစားလိုက်ရင် စိုးရွံ့ထိတ်လန့်မှုနှင့် အတူ အရိုးအကြောထဲထိစိမ့်သော ကျေနပ်နှစ်သိမ့်သည့် ခံစား ချက်များဖြင့် လူကို တငြိမ့်ငြိမ့် ဖြစ်စေသည်။

ဤသို့သော ခံစားချက်ကို မသိစိတ်က ကျေနပ်သာယာ နေသော်လည်း သိစိတ်ထဲတွင် ဒါဟာ မဖြစ်သင့်ဘူးဆိုသော အသိတရားက လူကို တုပ်နှောင်ထားသည်။

ထို့ကြောင့် ယခုနောက်ပိုင်း ညီလင်းညို မောင့်ကို တတ်နိုင် သမျှ ရှောင်နေသည်။ ဆိုင်မှာရှိနေလျှင်လည်း မောင့်ကို အခေါ် အပြော မလုပ်မိအောင်ထိန်းသည်။

နှောင်မှ ကျော်မကောင်း ကြားမကောင်းဖြစ်ရလျှင် သူ သာမက သူ့မိဘတွေပါ ရှက်ရွံ့ကြရလိမ့်မည်။

မောင့်ဆီမှာ တပ်မက်စိတ်ဖြစ်နေခြင်းကို လမ်းလွဲသည့်

အနေနှင့် ကောင်မလေးတွေဆီ စိတ်ပါလည်းသွား၊ စိတ်မပါလည်း သွားသည်။

မောင်ဆိုတဲ့ သတ္တဝါလေးကတော့ ဒါတွေကို သိပုံမရ၊ အရင်တုန်းက တမင်ပညာပြ၍ ဟိုခေါ်ဒီခေါ် ခေါ်နေသလောက် ယခု ဘယ်မှမခေါ်တော့ သဘောကျတာလား ဘာလားမသိ။ ဒါမှ မဟုတ် ဖေယျ ပြောသကဲ့သို့ပင် မမသစ်နှင့် အဆင်ပြေနေသလား မသိ။ အမြဲတမ်း ပြုံးချိုနေသည်။

"ယူ့ကို ခုတလော နေရာစိပ်စိပ်မှာ ပုံစံအမျိုးမျိုးနဲ့ တွေ့ရ ရပါလား ယူရဲ့"

ဒီကြားထဲတွင် ဒေါက်တာလှကေရီနှင့် တွေ့ကြသည်။ လှကေရီက ထိုသို့ မှတ်ချက်ချတော့ သူ ပမာမခန့်ဟန်နှင့် ပခုံး တွန့်ပြီး-

"ဒါက ကိုယ့်ဘဝအမှန်ပဲ ဒေါက်တာရဲ့"

"အဟင်း…ဟင်း…ဟုတ်ပါပြီ၊ ဒါနဲ့ ယူက အိမ်ထောင် ရေးကို ဘယ်တော့မှ မစဉ်းစားတော့ဘူးလား။ အင်း…ဒါတော့ သိပ်မဖြစ်နိုင်ဘူး။ ဒီလောက်ထိ ပေါ်ပြူလာဖြစ်နေတဲ့ ... တစ်ယောက်က အိမ်ထောင်မပြုဘဲ တစ်သက်လုံး လူပျိုကြီးဘ... နဲ့ အရိုးထုတ်သွားဖို့ဆိုတာ နားရှိလို့သာကြားရတယ်"

"ကိုယ်ကလည်း အိမ်ထောင် ဘယ်တော့မှ မပြုဘူးလို့ မပြောရပါလား ဒေါက်တာ…ကိုယ့်ကိုပဲ ပြောမနေနဲ့ဦးဒေါ ကိုယ်က ယောကျ်ားလေး၊ ဘယ်အချိန်ကောက်ယူယူ ရတယ် ဒေါက်တာကကော"





သူ့မေးခွန်းကြောင့် သူမက လှလှပပ ရယ်လေသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိသော မိန်းကလေးမို့ ကြည့်လိုက် ချင် အမြဲတမ်း ရွှင်လန်းတက်ကြွနေသည်။

"ကျွန်မအတွက်တော့ အိမ်ထောင်ပြုခြင်းဆိုတာ မဖြစ် ...နေ ဆောင်ရွက်ရမယ့်တာဝန်မှ မဟုတ်ဘဲရှင့်။ ဒီလောက်ထိ ...ပန်ပန် ဖြစ်နေစရာအကြောင်းရှိလို့လား။ Give and Take ...တဲ့စကားကလည်း ရှိတယ်လေ။ ကိုယ့်ဘက်က ပေးဆပ်မှုမရှိ ...ဲ ကျွန်မက ဘာကိုရယူလိုစိတ် ရှိနေရမှာလဲ။ ကိုယ့်ရဲ့လွတ်လပ် ...ကို အဆုံးရှုံးမခံနိုင်တဲ့ မိန်းမတစ်ယောက်အတွက် တုပ်နှောင် ...ကို စွန့်လွှတ်သင့်ရင်လည်း စွန့်လွှတ်ရမှာပဲလေ။ ဒီအတွက် ...ကြောင့် ကျွန်မ မပေးနိုင်တဲ့အရာအတွက် ကျွန်မမှာ ရယူခွင့်မရှိ ...ဆိုတာ ကျွန်မ သဘောပေါက်ပြီးသားပါ။ ဒါပေမဲ့ ကိုယ့် ...ချယ်မှုကို ကိုယ်ကျေနပ်တယ်။ ဘယ်တော့မှလည်း နောင်တ ...မဟုတ်ဘူး"

ပညာတတ်မိန်းမသားတစ်ယောက်၏စကားတွင် မာန်မာန ...လည်းပါနေသည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိမှုတွေ ...ည်းပါနေသည်။

ဘာပဲဖြစ်ဖြစ် စေ့စပ်ပွဲ မဖြစ်မြောက်ရေးကိုတော့ ...ယောက်သား ပူးပေါင်းတော်လှန်ကြမှာမို့ ရဲဘော်ရဲဘက် နှစ်ဦး ...နိုင်းလျှင်လည်း မမှားချေ။

## အခန်း (၂၀)

"မောင့်ကို မင်း ဘာတွေ မကျေနပ်ချက်ရှိနေတာလဲ ညီလင်း"

"ဟင်…ဘာမှမရှိပါဘူး မင်းကလဲ"

"မရှိလို့ပဲ တော်တော့တယ်။ မင်းပုံစံက ဒီကောင်နဲ့ အကြီးအကျယ် ကွိုင်ထားတဲ့ပုံစံနဲ့"

ဇေယျရဲ့မှတ်ချက်စကားကို ညီလင်းညို ဘာမှမတုံ့ပြန်ပေ။

Blue moon ဖျော်ရည်ကို စိတ်ရှည်လက်ရှည် ဖျော်နေသည်။ မောင်လည်း စားဖိုဆောင်မှာ ရှိနေသော်လည်း သူ့ဘေးသို့ ရောက်မလာ။ ကိုခက်၏နားတွင် ကူညီနေသည်။

စတိုင်လ်ဘောင်းဘီအနက်နှင့် တီရှပ်အဖြူကို ဝတ်ထားသော မောင့်ပုံစံမှာ ပို၍ပင် နုနေသေးသည်။





"ဒါနဲ့ မင်းနဲ့ ဒေါက်တာရဲ့ကိစ္စကကော ဘယ်လိုလဲ"

"ဘာကိစ္စလဲ"

"စေ့စပ်ဖို့ကိစ္စ"

"ဆက်ရန်မရှိတဲ့ကိစ္စပဲ"

"ဒါတော့ ဒါပေါ့ကွ…နှမြောစရာကြီး…အဟီး"

မချိုမချဉ်ဖြစ်နေသော ဇေယျ ပခုံးကို တိုက်ထုတ်လိုက်သည်။

"နှမြောရင် မင်း ကြိုးစားလိုက်လေ"

တဟားဟား အော်ရယ်နေသော သူတို့နှစ်ယောက်ကို ကိုသားကြီးတို့က လှမ်းကြည့်သည်။

"ငါ့မှာက အိမ် ရှိပြီးသား။ အိမ်ဆိုလို့ ပြောရဦးမယ်"

"အင်း"

"မနေ့က မင်း ပြန်သွားပြီး မကြာခင် ဆိုင်ကို ဧည့်သည် တစ်ယောက် ရောက်လာတယ်"

"customer လား"

ဇေယျက နောက်မှီပါ၍ လက်တန်းမပါသောခုံတွင် ပြောင်းပြန်ခွထိုင်သည်။ နောက်မှီတွင် လက်နှစ်ဖက် စုံတင်ရင်း

"customer ဆိုရင် မင်းကို ငါက ရေးကြီးခွင်ကျယ် လုပ်ပြီး ပြောစရာလားကွ။ customer တော့ မဟုတ်ဘူး။ မင်း နာမည်ကိုမေးပြီး လာရှာတာ"

"ဟုတ်လား…ယောကျ်ားလေးလား၊ မိန်းကလေးလား။ ငါနဲ့သိတဲ့သူဆိုရင်လည်း ငါ့ကို ဖုန်းဆက်ကြမှာပါ"

"မင်းဆီ ဖုန်းဆက်လား…မဆက်လားတော့ မသိဘူး။ လာတဲ့သူကတော့ မင်း သိတယ်တဲ့။ ဘာတဲ့…ချိုလဲ့ဆိုလားပဲ။ ငါတို့အရွယ် အမျိုးသားတစ်ယောက်လည်းပါတယ်"

"ဟင်"

ချိုလဲ့လာသွားသည်ဆိုသောစကားကြောင့် ညီလင်းညို မျက်ခုံးအစုံ ပင့်တင်ကာ အံ့ဩရသည်။ ချိုလဲ့နှင့်အတူ အောင်သက်ပိုင်ပါ ပါသည်ဆိုတာကလည်း အံ့ဩစရာ။

သူနှင့်ချိုလဲ့တို့မောင်နှမကြားတွင် နောက်ထပ် ဆက်သက် စရာအကြောင်းတရားလည်း မရှိ။ အမှန်အတိုင်းပြောရလျှင် ပတ်လည်းမပတ်သက်ချင်တော့ပေ။

ညီလင်းညိုလက်တွင် စိုနေသောရေများကို ပဝါနှင့်သုတ် ပြီး ဓေယျဘေးသို့ လျှောက်သွားလိုက်သည်။

"ငါ မရှိတော့ မင်း ဘယ်လိုပြောလိုက်လဲ။ ငါ့အိမ်ဘက် ညွှန်လိုက်သေးလား"

ဓေယျက သူ့ကို မော့ကြည့်ခေါင်းယမ်းပြပြီး…

"မင်း ကြိုက်လား…မကြိုက်လားမသိတော့ မပြောလိုက် ဘူး။ ဖုန်းဆက်ကြည့်လိုက်လို့တော့ ပြောလိုက်တယ်"

"အဲဒါနဲ့ ဖုန်းနံပါတ်ပေးလိုက်ရောလား"

"အေးပေါ့ကွ…အတူတူအလုပ်လုပ်နေပြီး မင်းဖုန်းနံပါတ် မသိဘူးလို့ ပြောလိုက်ရင်လည်း မကောင်းဘူးလေ။ အဲဒါ ကြောင့်"

"ရပါတယ်…ကိစ္စမရှိပါဘူး။ ငါ စဉ်းစားနေတာက …လဲ့တို့နဲ့ ငါနဲ့ ပတ်သက်စရာကိစ္စမရှိတော့ဘဲ ရောက်လာတာ … စိတ်တိုင်းမကျတာ"

"ငါလည်း အဲဒါသိထားတယ်လေ။ အဲဒါကြောင့် သူတို့ …သမျှကို ဘာမှမလွှန်အောင် ဖြေလိုက်တယ်"

"အေးကွာ…ကျေးဇူးပဲ"

"တွီ..တွီ…တွီ"

"ဦးညီလင်း ဖုန်းလာနေတယ်"

မောင်က မြည်နေသော သူ့ရဲ့ဖုန်းကို ယူလာပေးသည်။ …င့်လက်ထဲကဖုန်းကို ယူပြီးကြည့်လိုက်တော့…

"ဟာ…ဟော့ကောင်…ငါ့ဖားသားကြီးဆီကပဲ။ ကြည့်ရ … ဟိုကိစ္စကို ဆော်ဩဦးမယ် ထင်ပါရဲ့ကွာ"

"ဟား…ဟား…ဟား"

"မင်းက ရယ်နိုင်သေးတယ်နော်"

လှောင်သလိုလို ပြောင်သလိုလို ရယ်နေသော ဓေယျ …းကို လက်သီးနှင့်ထိုးပြီး ဖုန်းကို နားနားကပ်လိုက်သည်။

"ဟယ်လို ဖေဖေ"

"ဟေ့…မင်းတို့ တစ်ယောက်နဲ့တစ်ယောက် ခုထက်ထိ …လာလို့ မပြီးကြသေးဘူးလား…ဟမ်"

ထုံးစံအတိုင်း ဖေဖေ့ထံက ဆူပူကြိမ်းမောင်းသံက အရင် …က်လာသည်။

ညီလင်းညို ကိုယ်ပေါ်တွင်ဝတ်ထားသော Apron ကို …းပြောနေရင်း လက်တစ်ဖက်နှင့်ချွတ်ကာ အနီးအနားတွင်

ရပ်နေသော မောင့်ရဲ့လက်ထဲ ထည့်ပေးလိုက်ရင်း…

"ဖေဖေကလဲဗျာ…အိမ်ထောင်ပြုတယ်ဆိုတာ ဒီလောက်ထိ လွယ်လို့လားဗျာ။ နှစ်လဆိုတာ ဘာကြာလို့လဲ။ ဟိုခေတ်ကဆို သုံးနှစ်သုံးမိုးတောင် စောင့်ကြရသေးတာပဲမဟုတ်လား"

"ဟိတ်ကောင်…မင်း စကားတတ်တိုင်း လျှောက်ပြောမနေနဲ့။ သုံးနှစ်သုံးမိုး စောင့်ရတဲ့ခေတ်လည်း မဟုတ်တော့ဘူး။ ခုခေတ်က မြန်လေကောင်းလေပဲ။ ပြီးတော့ သုံးနှစ်သုံးမိုးစောင့်ရအောင် မင်းကို မင်းမြီးကောင်ပေါက်လူငယ်များ ‥‥‥နေ နေသလား…ဟင်"

ရှုံ့မဲ့နေသော သူ့မျက်နှာကို ကြည့်ပြီး ဖေယျတို့က ရယ်မဆုံး ရှိနေကြသည်။

ဒီကောင်တွေ ရယ်နေတာကိုပဲ ပိုဒေါသဖြစ်ကာ နားနေခန်းဘက်သို့ လျှောက်လာလိုက်သည်။

"ဒါတွေထားပါတော့…မင်းတို့ကိစ္စ ငါတို့ အကောင်အထည်ဖော်တော့မယ်"

"ဟာ…ဟာ…ဖေဖေနော်…ဖေဖေတို့ သဘောဆန္ဒတွေနဲ့ ကျွန်တော်တို့လူငယ်တွေကို အသိမပေးဘဲနဲ့ ဘာမှမလုပ်ပါနဲ့။ မဟုတ်လို့ကတော့ ကျွန်တော်နဲ့ဒေါက်တာပဲ မျက်နှာပျက်ရမှာ။ မပြောမရှိနဲ့"

"အမ်မာ…မင်းက ငါ့ကို လာခြိမ်းခြောက်နေတယ်…ဟုတ်လား"

အောင်မလေးလေ…





နားနားတွင် ကပ်အော်လိုက်သောအသံကြောင့် ဖုန်းခွက်ကို ‥းနှင့်ဝေးရာသို့ ခွာလိုက်ရသည်။

ဖခမည်းတော်ကြီးသည် အင်မတန်မှ ဒေါသကြီးသောသူ။ ‥တ်မြန်လက်မြန်ရှိကာ တစ်ခုခုဆို အလိုမကျတာနှင့် ချက်ချင်း ဒေါသဖြစ်ရော။

"မင်းနဲ့တော့…ဟင်း…ဟင်း…အနီးအနားမှာရှိရင် ငါ့ လက်သီးစာမိတော့မယ်။ ဟေ့…မယ်တင်…နင့်သားနဲ့ နင်ပဲ ပြောတော့။ ဒီကောင်နဲ့ ကြာကြာပြောရင် ငါ့အသံ ရန်ကုန်ထိ ကြားသွားလိမ့်မယ်"

ဖေဖေက ကျိန်းကျိန်းမောင်းမောင်းပြောရင်း မေမေ့ လက်ထဲ ဖုန်းပြောင်းပေးလိုက်လို့ တော်သေးသည်။

မဟုတ်လျှင် ဖခင်ပြောသလိုပင် ဖေဖေ့အသံကို ရန်ကုန် ကနေတောင် အတိုင်းသားကြားနိုင်သည်။

"ဟယ်လို…သား"

"ဟုတ်ကဲ့…မေမေ"

"မင်းအဖေကို ဒေါသဖြစ်အောင် မစစမ်းနဲ့ကွယ်။ ‥ကောင်မလေးနဲ့က အခြေအနေဘယ်လိုလဲ။ မေမေတို့လူကြီးချင်း စကားမြန်းလို့ရပြီလား"

"ဟိုး…ဟိုး…မေမေနော်။ လျှောက်မလုပ်နဲ့။ ကျွန်တော်တို့လူငယ်ချင်း အိုကေတာနဲ့ မေမေရေ အိုကေပါပြီလို့ အသိပေးမှာပေါ့ဗျာ။ သန်းခေါင်ထက် ညဥ့်မနက်တော့တဲ့ကိစ္စ ဘာလို့ ဒီလောက်ထိ လောနေကြသလဲ…မစဉ်းစားတတ်တော့ဘူး"

မေမေက ဖေဖေလို မဟုတ်သဖြင့် ညီလင်းညို့မှာ မိကျောင်းမင်းရေခင်းပြမဆုံး…နောက်ဆုံး မိခင်ကပဲ သူ့တာ နာပြီး ဖုန်းချလိုက်ရတော့သည်။

မိခင် ဖုန်းချသွားတော့ ဒေါက်တာလုဇကေရီဆီ ဖုန်း ချက်ချင်း ကောက်ဆက်လိုက်ရတော့သည်။ ဒီတိုင်း အချိန်ဆွဲ လျှင် လူကြီးတွေဘက်မှာ အတင်းအဓမ္မ စီစဉ်လာနိုင်သဖြ အခြေအနေကို ပြောပြလိုက်သည်။ သူပြောသလိုပင် သူမ လက်ခံ၍တော်သေးသည်။

"ဖြစ်ပါ့မလားရှင်"

"မတတ်နိုင်တော့ဘူး ဒေါက်တာရယ်၊ ဖြစ်အောင်လုပ် တော့မှာပေါ့"

စိုးရိမ်နေသော သူမကို အားပေးပြီး ဖုန်းကို ချလိုက် သည်။

မိုးတွင်းမို့ မိုးရွာတာ အဆန်းတကြယ်မဟုတ်သော်လည်း ရန်ကုန်မိုးက အစိုးရသည်မဟုတ်။ ရွာတော့လည်း နည်းနည်း မဟုတ်။ လမ်းတွေပေါ် ရေတွေလျှံအောင် ရွာတာများသည်။

လူတွေမှာ ပူတော့လည်း ပူလွန်းလို့ စိတ်ညစ်ရသည်။ မိုးရွာတော့လည်း လမ်းတွေ ရေကျော်ကာ water bus ပြောင်းစီး ရတော့မလောက် ရွာနေသောမိုးကြောင့် စိတ်ညစ်ကြရသည်။

ခုလည်း မိုးတွေက တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ရွာလို့ ကောင်းနေသည်။





## အခန်း (၂၁)

တီဗွီထဲတွင် မုန်တိုင်းသတင်းကြေငြာချက်က မနားတမ်း လာနေသည်။ ပြင်ပတွင်လည်း မိုးတွေမှာ တဝုန်းဝုန်း တဒိုင်းဒိုင်း နှင့် ရွာမဆုံးရှိနေသည်။

ည (၆) နာရီဆိုသော်လည်း (၆) နာရီနှင့်မတူဘဲ မိုးကောင်းကင်ကြီးတစ်ခုလုံး မည်းမှောင်နေသော တိမ်သားတိမ် လိပ်တို့၏ ဖုံးလွှမ်းခြင်းကိုခံရကာ တစ်လောကလုံး မည်းမှောင် နေသည်။

တိမ်တိုက်တွေကြားမှ လျှပ်စီးများက တဖျပ်ဖျပ် လက်နေ သလို တစ်ခါတစ်ရံ မိုးကြိုးပစ်သံအကျယ်ကြီးကိုလည်း ကြားနေ ရသည်။

ပြင်ပတွင် မိုးကြိုးမုန်တိုင်းတွေ ဆင်နေသလို ညီလင်းညို၏ရင်ထဲတွင်လည်း စိုးရိမ်သောက မုန်တိုင်းတွင် ထန်နေသည်။

စိုးရိမ်ပူပန်စိတ်နှင့် ဖုန်းခေါ်သော်လည်း လူကြီးမင်းခေါ်သောဖုန်းမှာ စက်ပိတ်ထားသည်ဟုပဲ အော်ပရေတာက အော်နေသည်။

မိုးတွေ သည်းကြီးမည်းကြီးရွာနေခြင်းကြောင့် ဆိုင်က လူတွေ ဖုန်းစက်ပိတ်ထားကြခြင်း ဖြစ်မည်။

တကယ်တော့ ဤသို့ စိုးရိမ်သောကဖြစ်အောင် ကိုယ်တိုင် ဖန်တီးခဲ့ခြင်း ဖြစ်သည်။

"ဒီညနေ စာရင်းချုပ်ရင်း စာရင်းစာအုပ် ငါ့ဆီယူလာ ပေး…မောင်"

ဟု သူ မလိုအပ်ဘဲ မောင့်ကို အလုပ်တာဝန်တစ်ခု ပေးခဲ့ သည်။

အမှန်ဆို ကိုယ်နှင့်တစ်ပါတည်းဖြစ်အောင် တစ်ခါတည်း ယူလာ၍ရသော်လည်း မောင့်ကို ယူလာခိုင်းသည်။

နောက်တော့ ဓေယျဆီ ဖုန်းဆက်ကြည့်သည်။ ဓေယျက

"ခုလောက်ဆိုရင် လာနေလောက်ပြီ…ဆက်မနေနဲ့တော့ ဖုန်းပိတ်ထားဦး…အရဲကိုးပြီး ဖုန်းဖွင့်ထားလို့ မသာပေါ်နေဦး မယ်"

ဟုပြောကာ ဖုန်းချသွားသည်။

ဓေယျပြောသလို ဖုန်းစက်မပိတ်နိုင်ဘဲ ဆိုင်သို့ နောက် တစ်ခေါက် ခေါ်မိပြန်သည်။ ဘာမှမထူး။





ဝရံတာတွင် ဖက်မိုးကြောင့် ဝရံတာတစ်ခုလုံး စိုရွှဲနေ သည်။ အခန်းထဲသို့ ရေများဝင်လာမည်စိုးသောကြောင့် တံခါး မဖွင့်နိုင်ပေ။

"ဒေါက်…ဒေါက်"

"ဒေါက်…ဒေါက်"

"ဦးညီလင်း…ဦးညီလင်းညို"

"ဟော…"

တံခါးခေါက်သံနှင့် ခေါ်သံက သဲသဲမည်းမည်း ရွာနေ သော မိုးသံလေသံကြားတွင် ခပ်သဲ့သဲ့ ထွက်ပေါ်လာလေသည်။

ညီလင်းညို ဝမ်းသာအားရဖြင့် တံခါးကို ပြေးဖွင့်လိုက် သည်။ အခန်းပြင်တွင် တစ်ကိုယ်လုံး မိုးရေတွေ စိုးရွှဲနေသော မောင့်ကို တွေ့လိုက်ရသည်။ မိုးကာနှင့်ထီးပါသော်လည်း ဒီလောက် သဲကြီးမဲကြီးရွာနေသော မိုးရေတွေကို အံတုနိုင်ပုံ မပေါ်။

"လာ…လာ…ဝင်…မြန်မြန်"

"ကျွန်တော် မဝင်တော့ဘူး။ ဒီမှာ ခင်ဗျားယူလာခိုင်းတဲ့ စာရင်းစာအုပ်…အဲဒါလာပေးတာ"

မောင် ကမ်းပေးသော စာရင်းစာအုပ်ကို တစ်ချက်ကြည့် လိုက်သည်။ မိုးရေမစိုအောင် ကျွတ်ကျွတ်အိတ်တွေ အထပ်ထပ် နှင့် ထည့်ထားသော စာရင်းစာအုပ်ကို မယူဘဲ…

"ဒီလောက်ထိ မိုးရွာနေတာကို ဘယ်လိုလုပ်ပြန်မှာလဲ။ ခဏ မိုးခိုဦး"

"ဟင့်အင်း…ကျွန်တော် စိုလက်စနဲ့ မထူးတော့ဘူး။ ရော့…စာအုပ်ယူဗျာ"

စာအုပ်ကမ်းပေးသောလက်မှာ ရေတွေ နှံ့းပွနေသည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတာတောင် မဝင်ဘူးပြောနေသော ကောင်လေးကို စိတ်မရှည်ချင်တော့။

"စကားများတာကွာ…ငါက မင်းရဲ့အလုပ်ရှင်၊ ဝင်ဆိုရင် ဝင်ပေါ့"

"မဝင်ဘူးဗျာ"

"ဒိန်း…ဒလိန်း…လိန်း"

"အောင်မလေး"

ကျယ်လောင်စွာ ထွက်ပေါ်လာသော မိုးကြိုးပစ်သံကြောင့် ရန့်စွာနေသော ကောင်လေးမှာ ဘယ်လိုဖြစ်ပြီး အခန်းထဲသို့ ရောက်လာသည်မသိ။ သူ့ လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသော လက်ချောင်းတွေကို သူ ကြည့်လိုက်သည်။

ဒါကို မောင်က သတိပြုမိပုံမပေါ်။ နှစ်ယောက်သား တံခါးပေါက်ဝတွင် ငြိမ်သက်စွာ ရပ်တန့်နေကြသည်။

တော်တော်ကြာမှ မောင်တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေတာကို သတိရလိုက်သည်။ တံခါးဆွဲပိတ်ဖို့ပြင်တော့ မောင်က သူ့လက်ကို ကိုင်ထားသောလက်ကို ဖယ်ရှားကာ ခပ်တည်တည် ရပ်နေသည်။

တံခါးချက်ချပြီး လှည့်လိုက်တော့…

"တစ်ကိုယ်လုံး စိုရွှဲနေတာ…ဒါပေမဲ့ အားမနာတော့ဘူး။





ဒီတိုင်း ရေချိုးခန်းဘက်သွားလို့ရတယ်မဟုတ်လား"

ကောဇောခင်းထားသောဧည့်ခန်းကို လှမ်းကြည့်ပြီး ပြောလေသည်။ မိုးရေတွေ ဘယ်လောက်ထိ စိုရွှဲလဲ၊ မစိုရွှဲလဲမသိ။ တစ်ကိုယ်လုံး မိုးရေတွေ စိုနေတာမို့ ရပ်နေသည့်နေရာ၌ ရေတွေ ခဏလေး ရွှဲသွားသည်။

စာရင်းစာအုပ်ကို လှမ်းယူ၊ ခေါင်းညိတ်ပြလိုက်ပြီး-

"သွားပါ…ရပါတယ်၊ ဒါတွေက ပြန်ခြောက်လွယ်တာပဲဟာ"

"ဪ…တစ်ခါတည်း ကျွန်တော့်ကို အဝတ်အစား တစ်စုံလောက် ငှားစမ်းပါ။ ထူထူထဲထဲ နွေးနွေးထွေးထွေးဝတ်လို့ရမယ့် အနွေးထည်တစ်ထည်ကော"

"ရပါတယ်…ငါ လာပေးမယ်။ မင်း သွားတော့လေ"

ကောင်လေးက ရေချိုးခန်းထဲသို့ ခပ်သွက်သွက် ဝင်သွားသည်။

ညီလင်းညို အဝတ်ဗီရိုကို ဖွင့်လိုက်သည်။ မောင်က ခပ်သွက်သွက်မို့ သူ့အဝတ်အစားတွေနှင့် ဘယ်လိုမှ တော်မည်မဟုတ်ပေ။ သူက အရပ်မြင့်မြင့်၊ ထွားထွားကျိုင်းကျိုင်း။ မောင်က ခပ်သွယ်သွယ်နှင့် ကိုယ်လုံးကိုယ်ပေါက်ကလည်း ကိုရီးယားမင်းသားတွေလို လူဗလလေး။

နောက်ဆုံး ရှာရင်းရှာရင်း သူနှင့်မတော်တော့၍ ဖယ်ထားသည့်အဝတ်အစားများထဲက တစ်စုံထုတ်လိုက်သည်။

နောက် အတွင်းတွင် ဖွမ်းသားပါသည့် ဝတ်လုံအင်္ကျီ

နွေးထွေးသွားသော အနွေးထည်တစ်ထည်ကို ယူလိုက်သည်။

"ဒေါက်…ဒေါက်"

"ဂျောက်"

"ဟင်…မင်း ခုထိ အဝတ်အစားအစိုတွေ မချွတ်ရသေးဘူး…ဟုတ်လား"

ခေါင်းလေးပြူ၍ တံခါးဖွင့်ပေးသော မောင့်ကို စောစောကအတိုင်း တွေ့လိုက်ရသဖြင့် သူ တအံ့တသြ ပြောလိုက်သည်။

မောင်က သူကမ်းပေးသော အဝတ်အစားတွေကို လှမ်းယူပြီး တံခါးကို ဂျောက်ခနဲ ပိတ်သွားသည်။

ဘာမှမပြောသဖြင့် သူလည်း လှည့်ထွက်ခဲ့သည်။ အပြင်သို့ လှမ်းကြည့်လိုက်တော့ မိုးတွေက သည်းသည်းမည်းမည်း ရွာနေဆဲပင်။ ဒီပုံစံအတိုင်းဆိုလျှင် တစ်ညလုံး မစဲစတမ်း ရွာနေမည့်ဟန်။

"ကျွီ"

တံခါးဖွင့်သံကြောင့် လှည့်ကြည့်လိုက်သည်။ သူ့ရဲ့ ဆိုက်အသေးဆုံးအဝတ်အစားတောင် မောင့်ခန္ဓာကိုယ်ပေါ်တွင် ကိုးရိုးကိုးရား ဖြစ်နေသေးသည်။

တန်းပေါ်တွင် တင်ထားသော သဘက်စောင် ကမ်းပေးလိုက်ပြီး…

"ခေါင်းက ဆံပင်တွေ စိုနေတယ်။ ရေတွေပြောင်အောင် သုတ်လိုက်ဦး"

"အင်း"





သူ့လက်ထဲက သဘက်ကိုယူပြီး ဆံပင်တွေ ရေပြောင်စင်အောင်သုတ်နေသော မောင့်ကို ဘာရယ်မဟုတ် သူ ရပ်ကြည့်နေမိသည်။

မောင်ဟာ တကယ့်ကို မိန်းမချောချောသူမို့ ဆုတောင်းကောင်းသူလို့ဆိုမလား။ ဆုတောင်းမှားသူလို့ ဆိုရမလား မသိတော့။

သူ့အပေါ် ယောကျ်ားအချင်းချင်း ပြစ်မှားချင်စိတ်ဝင်အောင်ကို ဒီကောင် ချောသည်။ ညီလင်းညို ကိုယ့်ရဲ့အတွေးဟောင်းကြီးဝင်လာသဖြင့် ခေါင်းကို ခပ်သွက်သွက် ခါယမ်းပြီး အာရုံလွှဲသည့်အနေနှင့်…

"ဒီလောက်အေးနေတာ အချမ်းပြေအောင် မင်း ကော်ဖီပူပူ မသောက်ချင်ဘူးလား။ ငါ သွားဖျော်လိုက်ဦးမယ်"

ဟုဆိုကာ မီးဖိုချောင်ဘက်သို့ ခပ်သွက်သွက် ထွက်ခဲ့သည်။ သူ ကော်ဖီဖျော်ပြီး ထွက်လာတော့ မောင်က ခေါင်းသုတ်ပြီးသော သဘက်ကို ပခုံးပေါ်တွင်တင်ကာ ဧည့်ခန်းထဲတွင် ထိုင်နေသည်။

"ရော့…ကော်ဖီပူပူ သောက်လိုက်ဦး"

သူ့လက်ထဲက ကော်ဖီခွက်ကို လှမ်းယူသည်။ ညီလင်းညို မောင် ကော်ဖီငုံသောက်နေတာကို ငြိမ်သက်စွာ ကြည့်နေချိန် မော့ကြည့်လာသော မောင့်ရဲ့အကြည့်နှင့် ဆုံသွားသည်။

"ဘာကြည့်နေတာလဲ"

ခပ်ဆတ်ဆတ် ရန်တွေ့ခံလိုက်ရသဖြင့် ညီလင်းညို

မျက်နှာထားစရာနေရာမရှိတော့အောင် ဖြစ်သွားသည်။ မျက်နှာကို တစ်ဖက်သို့လွှဲပြီး…

"ဆံပင်တွေကြည့်ရတာ ရေပြောင်ပုံမရသေးဘူး။ ပြောင်အောင် သုတ်လိုက်ဦး။ ခဏနေ အိပ်တော့မှာနဲ့ ခေါင်းကိုက်ပြီး ဖျားနေဦးမယ်"

"မိန်းမကြီးကျနေတာပဲ"

ချာတိတ်ဆီက တီးတိုးရေရွတ်သံကြောင့် ထိုနေရာတွင်သူ ကြာကြာမထိုင်ရဲတော့ပေ။





## အခန်း (၂၂)

"အချစ်ဆိုတာ မင်း ဘယ်လိုယူဆသလဲ ချာတိတ်"

"ဘာဗျ"

ခုတင်အစွန်းတစ်ဖက်တစ်ချက်တွင် စောင်ခြုံ၍ ပက်လက်ငြိမ်နေစဉ် သူ့ထံမှ ထွက်ပေါ်လာသော မေးခွန်းကို ကောင်လေး က ခပ်ဆတ်ဆတ် တုန့်ပြန်ပုံက သူလိုချင်သောအဖြေမဟုတ်။

အပြင်တွင် မိုးသံလေသံကို ကြားနေရဆဲ။ ပြတင်းပေါက်တွင် လင်းသွားလိုက်၊ မည်းသွားလိုက်။ အခန်းထဲတွင် မီးပိတ်ထားသဖြင့် တိတ်ဆိတ်မည်းမှောင်နေသည်။

ညီလင်းညို၏ ရင်ခုန်သံသည် မမှန်ချင်။ ယခုနေ မိုးကြိုးများ ဤပတ်ဝန်းကျင်တွင် ပစ်ချခံရလျှင် သူ့ကြောင့်များ ပစ်ချခံရမလား။

ယောကျ်ားအချင်းချင်း ချစ်ကြိုက်ဖို့ ဘယ်ဥပဒေနှင့်မှ တားမြစ်ထားခြင်း မရှိသော်လည်း ချစ်ကြိုက်ခြင်းကို ရှုတ်ချဖို့အတွက် ကဲ့ရဲ့ပြစ်တင် ဝေဖန်ဖို့ စောင့်နေကြသည့် လူဘောင်

အဖွဲ့အစည်းက စောင့်ကြိုနေသည်။

သူကတော့ သူ့မိသားစုအသိုင်းအဝိုင်း၊ သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို ရင်ဆိုင်နိုင်သည့် သတ္တိရှိလို့ မောင့်ကို ချစ်ကြိုက်ဖို့ စဉ်းစားနေသလား။

ခေါင်းကို အသာယမ်းလိုက်သည်။ သူ ဘာကိုမှ မစဉ်းစားချင်တော့။ ဖွတ်ချစ်ချင်စိတ်သာ ရှိနေသည်။ ထိုစိတ်သာဖြစ်လာလျှင် ကျားပဲကိုက်ကိုက်၊ မိုးကြိုးပဲပွတ်ပွတ်။

"ခင်ဗျား ဘာတွေလာမေးနေတာလဲ။ စကားဆက်အစမရှိဘဲ"

သူ့ဘက်က တိတ်ဆိတ်ငြိမ်သက်နေလို့ထင်၊ တစ်ဘက်မှ နောက်ထပ်မေးခွန်းတစ်ခု ထွက်လာသည်။

သူ အိပ်ရာထက်မှ မောင်ရှိရာဘက်သို့ ကိုယ်မလှည့်ဘဲ ခေါင်းမသိမသာ စောင်းလိုက်သည်။

မောင်သည် သူ့ကို ကြည့်ခြင်းလုံးဝမရှိ။ ပက်လက် ငြိမ်သက်နေခြင်း ဖြစ်သည်။ ယခုအချိန် မောင့်ရဲ့စိတ်ထဲတွင် မည်သို့သော ခံစားချက်ရှိနေမလဲ သူ သိချင်သည်။

ယောကျ်ားတန်မယ့် ခိုင်မာသော လက်ချောင်းတွေအစား ပျော့ပျောင်းသောလက်ချောင်းတွေရှိသည့်ကောင်လေး။

မိန်းမချောချောနေရသည့်အထဲ ရယ်လိုက်တိုင်း တစ်ဖက်လူ၏ခံစားချက်ကို သိမ်းကျုံးယူတတ်သော ဤချာတိတ်၏အပြုအမူ၊အပြောအဆို၊ အပြုံးကို သူလိုယောကျ်ားရင့်မာကြီးတောင် တပ်မက်မှုဖြစ်နေလျှင် မမသစ်လို အပျိုကြီးအတွက် ရင်ခုန်သံတွေ





ဖြုတ်ဖြုတ် ကြွေဆင်းသွားတာလည်း အပြစ်မဆိုသာ။

မမသစ်ရဲ့အပြစ်နှင့် သူ့ရဲ့အပြစ် ဘယ်သူ့အပြစ်က ပိုကြီးသလဲ၊ သူ မစဉ်းစားရဲ။ ခုချိန်မှာ သူ ဘာဆိုဘာမှ မစဉ်းစားရဲ။ င်တွေ တဒုတ်ဒုတ် ခုန်နေတာပဲသိသည်။

"ဒီလိုပဲ မေးကြည့်တာလေ။ မင်း ရည်းစားထားဖူးလား။ ါမှမဟုတ် ချစ်သူထားဖူးလား"

"ဩော်...အင်း...သိပြီ"

"........."

"ကျွန်တော် ရည်းစားတော့ မထားဖူးဘူး။ ချစ်သူတော့ ားဖူးတယ်။ ဒါပေမဲ့ ကျွန်တော့်ကောင်မလေးက သစ္စာမရှိဘူး။ မှန်အတိုင်းပြောရရင် ကျွန်တော် ဒီရဲ့အကြောင်းတွေကို ပြန် တွေးချင်ဘူး။ ကျွန်တော် ခုလို အိမ်ပေါ်က ဆင်းခဲ့ရတဲ့ကိစ္စက ည်း သူ့ကြောင့်ပဲလေ"

"ဟင်...ဟုတ်လား...စိတ်ဝင်စားသွားပြီ...လုပ်စမ်းပါ ီး...သူ့ကြောင့် မင်း ဘာလို့ အိမ်ပေါ်က ဆင်းလာရတာလဲ"

စိတ်ဝင်စားသဖြင့် ပက်လက်အနေအထားမှ သူ မောင့် က်သို့ ကိုယ့်ကို စောင်းလှည့်လိုက်သည်။

မောင်သည် သူ့ဘာသာသူ မလှုပ်မယှက် ငြိမ်သက်နေရာမှ သူ့ဘက်သို့ တစ်ချက် စွေကြည့်သည်။ ဘာမှတော့ မပြောပေ။

"ကျွန်တော်နဲ့သူက ငယ်ငယ်တုန်းကတည်းက အချစ်ဆုံး ယ်သူငယ်ချင်းတွေပဲ။ အရွယ်ရောက်လာတော့ ကျွန်တော့်ဘက် ဘဲ တစ်ဖက်သတ် ဖြစ်ရတယ်။ သူက ကျွန်တော့်အပေါ်

သူငယ်ချင်းထက်ကလွဲရင် ပိုမချစ်နိုင်ဘူးတဲ့''

''ဩော်''

''ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်ဆိုတဲ့ကောင်က ဂျစ်တီး ဂျစ်ကန်ကောင်ဆိုတော့ ကျွန်တော့်ကို မချစ်ဘူးလို့ ပြောထွက်တဲ့ သူနဲ့ အကြီးအကျယ် စကားများတာပေါ့''

ကောင်လေး၏လေသံမှာ ပုံမှန်နှုန်းနှင့်ပြောနေရာမှ တဖြည်း ဖြည်း အရှိန်ပါလာပုံရသည်။ လေသံတို့က တဖြည်းဖြည်း ပို၍ ပို၍ ကျယ်လာသလို၊ ပို၍ပို၍လည်း မာလာသည်။

''နောက်တော့ သူ အိမ်ထောင်ပြုသွားတယ်။ ကျွန်တော် ဘယ်လောက်ထိ ခံစားရမလဲ…ခင်ဗျား စဉ်းစားကြည့်။ အဲဒါနဲ့ အိမ်ကလူတွေက တမျောင့်၊ သူ့ကြောင့် ကျွန်တော် ဝေလေနေ တာကို အနှယ်တိုင်သွားအောင်ဆိုပြီး ကျွန်တော့်ကို အိမ်ထောင်ပြု ဖို့ ဖွတ်အတင်းစီစဉ်ပြန်တယ်။ ခင်ဗျားနဲ့ ပထမဆုံးစတွေ့တဲ့နေ့ က ကျွန်တော် အိမ်ပေါ်က ဆင်းလာတဲ့နေ့ပေါ့''

''ဩော်…''

ကောင်လေး၏စကားက အဆုံးသတ်သွားသည်။ သူ့ရဲ့ အတွေးကတော့ အဆုံးမသတ်ပေ။

မောင်သည်လည်း သူ လက်မထပ်ချင်တဲ့လူနှင့် အိမ်က လူကြီးတွေရဲ့ဖွတ်စီစဉ်ခြင်းကို ကြုံတွေ့ရသည်။

သူကကော ဘာထူးသနည်း။ စိတ်ဝင်စား၍မရသော ဒေါက်တာလှဇေကရီနှင့် ဖွတ်အတင်း လက်ထပ်ဖို့ ကြိုးစားချင်နေ ကြသည်။





''ဒီတိုင်း ကျွန်မတို့တတွေ အချိန်ဆွဲထားရင်တော့ …ပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ဖြစ်ရတော့မယ် ကိုညီလင်း …''

''ဟုတ်တယ်…ဒေါက်တာ…အိမ်က ဘိုးတော်ကလည်း …တ်စီစဉ်မယ့်သဘော ဖြစ်နေတယ်။ ကျွန်တော်ကတော့ ဘယ်လို … လက်မခံနိုင်ပါဘူးဗျာ''

''အမလေးရှင်…ကျွန်မကကော လက်ခံနိုင်တယ်လို့ …င်က ထင်နေသလား။ နိုးပါ''

အရေးထဲ ဒေါက်တာလှဇေကရီက သူ့စကားအကျအတွက် …ထအနေ ကောက်ပြီး လှလှပပကြီး ဒေါသထွက်နေတော့သည်။

''မနက်ဖြန် ကျွန်မ ဒီကိစ္စကို လုံးဝလုံးဝ လက်မခံနိုင် …ါဘူးလို့ အိမ်ကို ဖုန်းလှမ်းဆက်မယ်။ ရှင်လည်းဆက်ပေါ့။ …ာယက်ရှင်နှစ်ဦးစလုံးက သဘောမတူရင်တော့ ဒီမင်္ဂလာပွဲက …ယ်လိုမှ အထမမြောက်နိုင်ဘူးလေ။ အကယ်၍ ရှင့်ဘက်က …ျွန်မကို စိတ်ဝင်စားပြီး မငြင်းဘူးဆိုရင်တော့ အခြေအနေက …သွားပြီ''

''ဖြစ်ရတယ်နော်''

အဆုံးသတ်မှာ ဒေါက်တာလှဇေကရီက ညှော်သွားသေး …သည်။

ဒါပေမဲ့ သူမ ပြောသလို မနက်ဖြန်ရောက်လျှင်တော့ …သူတို့နှစ်ယောက်စလုံး အတိအလင်း ငြင်းကြမည်။ လူကြီးတွေရဲ့ …သဘောထားတွေ၊ ဆန္ဒတွေကို ဆန့်ကျင်ကြမည်။

ထိုလက်ထပ်ရေးကိစ္စသည် အဆင်ပြေကောင်းပြေနိုင်သည်။

ဒါပေမဲ့ သူ့ဘက်တွင် အကြီးမားဆုံးသော အခက်အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည်။

ဒေါက်တာလှကေရီကို လက်မထပ်နိုင်လျှင် သူ့မှာ လက်ဆုပ်လက်ကိုင်ပြနိုင်မည့် ရည်းစားတစ်ယောက်တော့ ရှိရမည်။ ထိုတစ်ယောက်နဲ့လည်း သေချာပေါက် လက်ထပ်ရကိန်းမြင်သဖြင့် သူ ဒါဟာ ကျွန်တော့်ချစ်သူပါ၊ သူဟာ ကျွန်တော့်ရည်းစားပါဆိုပြီး ဘယ်မိန်းကလေးကိုမှ ဖေဖေတို့နှင့် မိတ်မဆက်ရဲပေ။

အမှန်တကယ် လက်ထပ်ပေးမည်စိုးသောကြောင့်။ ယခုတော့ တစ်ယောက်ယောက်ကို မျက်စိစုံမှိတ် လက်ညှိုးထိုးပြကာ ဒါ ကျွန်တော့်ချစ်သူပါဟု ပြောပြရတော့မလား။

မဟုတ်လို့ကတော့ သူ သူ့ကိုယ်သူ အာမမခံရဲပေ။ မောင့်အပေါ် သူ ရင်ခုန်နေသော်လည်း ပတ်ဝန်းကျင်အသိုင်းအဝိုင်းတစ်ခုလုံးက ကဲ့ရဲ့ပြစ်တင်မှာကို သူ ခံနိုင်သည့်သတ္တိရှိပါ့မလား။

မောင့်ကျက်သရေခေါင်းပေါင်းကိုယ်စီနှင့် မင်္ဂလာဆောင်တော့ ပေါ်ပြူလာဖြစ်အောင် လူမှုကွန်ရက်ပေါ်တွင်တင်တုန်းခဏ Homo လိုလား သူတို့က ချီးကျူးလိမ့်မည်။

ဤနေ့ခေတ်ကွယ်တွင် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ ပြစ်တင်ရှုတ်ချမှု၊ ဝေဖန်မှုများကို ခံနိုင်ရည်ရှိဖို့ဆိုတာ တကယ့်တကယ်တော့ မလွယ်လှ။





ယောက်ျားစစ်စစ်ဖြစ်ပါလျက်နှင့် ယောက်ျားအချင်းချင်း ပြန်လည်သဘောကျခြင်းကို ယုတ်ညံ့သည့်အလုပ်ဟု သူ ယုံကြည်သည်။

သူ ယုံကြည်ထားသော ယုတ်ညံ့သည့်အလုပ်အတွက် သူကိုယ်တိုင် ဖောက်ထွက်ဖို့ဆိုတာ…

"ဟင်း…"

ညီလင်းညို သက်ပြင်းချပြီး အသက်ရှူသံမှန်မှန်နှင့် အိပ်ပျော်နေသော မောင့်ထံ အကြည့်ရောက်သွားသည်။

မောင်သည် ရင်ဘတ်ပေါ်တွင် လက်နှစ်ဖက်ယှက်တင်၍ ပက်လက်ကလေး အိပ်ပျော်နေသည်။ အသက်ရှူသံမှန်မှန်ဖြင့် အိပ်ပျော်နေသောကြောင့် ရင်ဘတ်သည် နိမ့်လိုက်မြင့်လိုက်ဖြစ်နေသည်။

တစ်မှောင်းအနေအထားဖြင့် မောင်၏မျက်နှာကောက်ကြောင်းကို အလင်းရောင်တချို့နှင့် မြင်နေရသည်။ ပြေပြစ်သော နှုး၊ သွယ်သော နှာတံ၊ ချွန်သော နှုတ်ခမ်းတို့က ခပ်တင်းတင်း စေ့ပိတ်နေသည်။ မျက်တောင်တို့က စင်းကျမနေဘဲ ယောက်ျားတန်မယ့် ကော့နေသည်။

"ဟူး"

ညီလင်းညို အိပ်မပျော်နိုင်ဘဲ ပက်လက်အနေအထားသို့ ပြန်ပြောင်းလိုက်တော့သည်။

## အခန်း (၂၃)

"အင်း…ရာသီဥတုကလည်း မနေ့တုန်းက သူမဟုတ…
ခဲ့သလိုပဲ"

ခုတင်ထက်ကနေ မှန်ပြတင်းပေါက်မှတစ်ဆင့် မြင်နေ… သော ကြည်လင်နေသည့် မိုးကောင်းကင်ကြီးကို ကြည့်၍ ညီလင်းညို မှတ်ချက်ပြုလိုက်သည်။

ဒီနေ့သည် သူ့အတွက် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်… မည့်နေ့ဆိုလျှင်လည်း မမှားချေ။

ပက်လက်အိပ်နေရာမှ ဘေးနားဆီသို့ မျက်လုံးစွေကြည့် လိုက်သည်။

မောင်သည် သူ့ဘက်သို့ ခပ်စောင်းစောင်းလှည့်၍ ကွေးကွေးလေး အိပ်နေခြင်းဖြစ်သည်။ လက်နှစ်ဖက်ဖြင့် စောင…





ကို ပခုံးအထက်ထိရောက်အောင် စုဆွဲ၍ ကွေးနေခြင်းမို့ မျက်နှာက မပေါ်တပေါ်။

မနေ့က ဒီကောင် မိုးတွေ တစ်ကိုယ်လုံး စိုရွှဲခဲ့တာ သတိရ၍ ညီလင်းညို၏လက်များသည် မောင့်နဖူးပြင်ဆီ လှမ်းထိလိုက်သည်။

"ဟော့…မောင် မင်း ဖျားနေတာပဲ။ ကိုယ်တွေပူနေတယ် ဟော့ကောင်"

လက်ဖျားမှတစ်ဆင့် ပူနွေးသောအထိအတွေ့ကြောင့် ညီလင်းညို၏ခန္ဓာကိုယ် အိပ်ရာထက်မှ ကြွသွားသည်။

"မောင်…မင်း ဖျားနေတယ်"

"အင်း…ဟုတ်လား"

နှစ်ခါလောက်ပြောမှ မောင်သည် မျက်လုံးလည်းမဖွင့်၊ ညည်းလည်းမညည်းဘဲ ခပ်တိုးတိုး ပြောသည်။

သူကသာ ဒီကောင် ဖျားနေတယ်ဆိုပြီး ပူပန်စိတ်ဖြစ်နေရသည်။ ဒီကောင်က တော်တော့်ကို ပေတေသည့်ကောင်၊ လုံးဝကို ညည်းညူခြင်းမရှိပေ။

"မောင်"

"………"

"ဟော့ကောင်…မောင်"

"အင်း…ဘာလဲဗျ၊ ဆိုင်သွားရတော့မှာလား"

"ဘာတွေလျှောက်ပြောနေတာလဲ…ဒီလောက်ဖျားနေတာကို ဆိုင်ဘယ်လိုလုပ်သွားမှာလဲ။ မင်း ဖျားနေတယ်။ ငါ ဆရာဝန်

ခေါ်လိုက်မယ်လို့"

"ဟင်…ဆရာဝန်ခေါ်မလို့…ဟုတ်လား။ နေ…နေပါစေ။ မခေါ်နဲ့…ကျွန်တော် ဆေးမထိုးချင်ဘူး။ ဒီအဖျားလောက်ဆိုရင် မိုင်နာပဲ။ ဆေးသောက်လိုက်ရင် ပျောက်သွားမှာ"

မျက်လုံးကို မဖွင့်ဘဲ ဆရာဝန်ခေါ်လိုက်မယ်ဆိုတော့ သူ့နဖူး သူ့ဘာသာစမ်းကာ လူတတ်ကြီးလုပ်နေသည်။

"မင်း ရတယ်ဆိုတာ…သေချာရဲ့လား"

"အင်း…ဆိုင်မသွားရဘူးဆိုရင် ကျွန်တော် ခဏလောက်အိပ်ပါရစေဗျာ"

မျက်လုံးပွင့်၍ ပြောလာသည်။ ညီလင်းညို ထိုင်နေရာမှ လက်တစ်ဖပ်ထောက်၍ မောင့်ဘက်သို့ ကိုယ်တစောင်းထိုင်နေခြင်း ဖြစ်သည်။

မောင့်အကြည့်နှင့် သူ့အကြည့် အတန်ကြာဆုံနေသည်။

ဖျားနေသည့်အခါ လူတွေဟာ အားငယ်တတ်ကြသည် ဆိုသောစကားမှာ မှန်လှသည်။ အမြဲတမ်း ဂျစ်တီးဂျစ်ကန် ပေကတ်ကတ်ကောင်လေးသည် ယခုတော့ သိုးငယ်လေးတစ်ယောက်လို ဖြူစင်လွန်းလှသည်။

ဖျော့တော့သော မျက်ဝန်းတွေကို အတန်ကြာအောင် စိုက်ကြည့်ပြီး သူ့လက်ဖဝါးဖြင့် မောင့်နဖူးပြင်ပေါ်တွင် ဖြိုကျနေသည့် ဆံနွယ်များကို လက်ဖဝါးဖြင့်သပ်၊ ခပ်နွေးနွေး နဖူးကိုလက်ဖဝါးနှင့် အုပ်ကိုင်ထားကာ…

"ဆေးမထိုးချင်ပေမယ့် မင်း ဆေးသောက်ရလိမ့်မယ်





မောင်"

"အင်း"

"တော်ကြာ ဖျားတာရှည်သွားရင် မင်းပဲ ခံရမှာ။ ငါပြောတာ မင်း သဘောပေါက်လား"

"အင်း"

"ကဲ…ဟုတ်ပါပြီ၊ မင်းကြည့်ရတာ စကားတောင်မပြောနိုင်တော့တဲ့ပုံပဲ။ အိပ်လိုက်ဦး…ဩော်…မေးပဲမေးနေလိုက်။ ငါ စားစရာတစ်ခုခု စီစဉ်လိုက်မယ်။ စားပြီး စားသောက်ပြီးမှ အိပ်ပေါ့"

ဘာမှမပြောတော့ဘဲ မျက်လုံးမှိတ်သွားသည်။ မောင့်နဖူးပြင်ပေါ်တွင် တင်ထားသော လက်ဖဝါးကို မဖယ်ချင်ဖယ်ချင်နှင့် ဖယ်လိုက်ရသည်။

နွမ်းဖတ်ဖတ် မျက်နှာလေးနှင့် ဖျော့တော့သော မျက်ဝန်းဒဏ်ကို သူ့နှလုံးသားက ခံနိုင်ရည်စွမ်းအား မရှိပေ။

ကိုယ်ချစ်မြတ်နိုးတဲ့သူ အားငယ်နေလျှင် ဖေးမချင်သည့်လူ့သဘာဝအတိုင်း သူ့ရှေ့မှာရပ်၍ မားမားမတ်မတ် ရပ်တည်လိုက်ချင်သည်။

ဘယ်လောက်ပဲ ခွန်အားကြီးတဲ့ယောကျ်ားလေးပင်ဖြစ်ဖြစ်နေမကောင်းသည့်အခါ အားငယ်တတ်၊ ညှိုးလျော့တတ်သည်မှာသဘာဝပင်။

တကယ်ပဲ နားချင်နေ၍လား၊ သူပဲ စကားများနေ၍လားသိ။ မောင့်ဘက်က လုံးလုံးလျားလျား တိတ်ဆိတ်ငြိမ်သက်

သွားတော့ မောင် ခုတင်ပေါ်က ဆင်းလိုက်သည်။

မနှေညက မောင်ရောက်လာတော့မှ ဖုန်းကို ပိတ်ကာ စိတ်ချလက်ချ အိပ်နိုင်တော့သည်။

ဧယျဆီသို့ ဖုန်းခေါ်လိုက်သည်။

မောင် ဖျားနေလျှင် ဆိုင်သို့သွားနိုင်မည်မဟုတ်။ မောင့်ကို အိမ်မှာထားပြီး သူတစ်ယောက်တည်း ဆိုင်သို့သွားဖို့ကျတော့လည်း မသွားချင်။

ခဏကြာတော့ ဧယျ ဖုန်းကိုင်လာသည်။

"ဟယ်လို…ပြော…ညီလင်း"

"ဒီမှာ မောင်လေ…မနှေညက မိုးတွေမိပြီး ငါ့ဆီရောက်လာတာ…အဲဒါ ခု ဖျားနေပြီ"

"ဟုတ်လား"

"အေး…အဲဒါ ဒီကောင့်ကို ငါ့ဆိုင်မလွှတ်တော့ဘူး။ မင်းဖြစ်ရဲ့လား"

"ဖြစ်တာက ဖြစ်ပါတယ်။ မင့်ပိုးဟတ်ဖြူကိုလည်း သေချာကြည့်ကျက်လုပ်ဦး။ ဒီကောင်လေးက နဂိုကတည်းက လူဗလံလေးရယ်"

ဧယျရဲ့ မင့်ပိုးဟတ်ဖြူဆိုသောစကားကြောင့် ညီလင်းညို ပြုံးလိုက်သည်။

ဧယျရဲ့ ဥပမာပေးအသုံးအနှုန်းက ထိရောက်သည်။

ဟုတ်ပါ့။

မောင်သည် တကယ်ပိုးဟတ်ဖြူနှင့်တူသည့် ကောင်လေး





ဖြစ်သည်။

ဧယျကို ဖုန်းဆက်ပြီးတော့ လုပ်စရာရှိတာတွေ စဉ်းစားသည်။

အရင်ဦးဆုံး မျက်နှာသစ်၊ သွားတိုက်မည်။ ပြီးမှ မောင်နှင့်သူ့အတွက် စားစရာတစ်ခုခု ပြင်မည်။ သူ့အတွက် တိုက်စရာဆေးကတော့ ဘိုင်အိုဂျက်စစ်လောက်ပဲ ရှိသည်။ ဒီလောက်နှင့်လည်း အလုပ်မဖြစ်။

အင်း…မောင် စားနေသောက်နေတဲ့အချိန် မောင် မရိပ်မိအောင် ဟိုဘက်လမ်းက ဒေါက်တာမင်းသူကို ခဏသွားပင့်မှ။

တွီ…တွီ။

အတွေးနှင့်အတူ မနက်ခင်းရဲ့လုပ်ခင်းဆောင်တာတွေကို လုပ်ကိုင်ဖို့ပြင်စဉ် စားပွဲပေါ်တွင်တင်ထားသောဖုန်းက မြည်လာသည်။

ဖုန်းစခရင်ကို သွားငုံ့ကြည့်လိုက်တော့ ကိုယ်မမြင်ဖူးတဲ့ ဖုန်းနံပါတ် ဖြစ်နေသည်။

"ဟယ်လို…အမိန့်ရှိပါခင်ဗျာ"

ထူးလိုက်တော့ တစ်ဖက်မှ ငြိမ်နေသည်။ အတန်ကြာမှ

"မောင်"

"ဟင်"

ညီလင်းညိုလက်ထဲက ဖုန်းကို ကမန်းကတန်း ကြည့်လိုက်သည်။ ချိုလဲ့ဆီက ဖုန်းပဲ။ ဘာကိစ္စဆက်လာတာလဲ။ သူနှင့် ချိုလဲ့ရဲ့ကြားမှာ အရေးတကြီးပြောစရာ မည်သည့်ကိစ္စမှ မရှိပေ။

အမှန်အတိုင်းပြောရလျှင် ချိုလှဲ့နှင့်သူ အရင်တုန်းက ပတ်သက်ခဲ့ဖူးတာ မှန်ကောင်းမှန်ပေမယ့် သူမ လုပ်သွားသည့် ဖြစ်ရပ်တစ်ခုကြောင့် သူ မပတ်သက်ချင်။

အလွယ်တကူ ခွင့်မလွှတ်တတ်သောသူ မဟုတ်ပေမယ့် ရည်းစားဦး အချစ်ဦးကပေးသည့်ဒဏ်ရာသည် တစ်သက်လုံး သေရာပါနာကျင်ရသည်။ ဒဏ်ရာဖြစ်ရသည်။

"ချိုအသံကြားတာနဲ့ မောင် စကားပြောစရာ မရှိတော့ဘူးလား မောင်ရယ်"

"ဒီလိုအသုံးအနှုန်းတွေ မသုံးနှုန်းသင့်တော့ဘူးဆိုတာ မင်းသဘောပေါက်သင့်တယ် ချိုလှဲ့"

"ဟုတ်ပါတယ် မောင်ရယ်...ဒါပေမဲ့"

"အရေးကိစ္စကြီးငယ် မရှိဘူးဆိုရင် ကျွန်တော် ဖုန်းချလိုက်တော့မယ်"

တမ်းတသလို ဆွေးဆွေးမြေ့မြေ့ပြောလာခြင်းကို သူ့နား တွေက လက်မခံချင်ပေ။ ထို့အတွက် ဖုန်းချဖို့ပြင်တော့ ချိုလှဲ့ ထံမှ အလောတကြီး တားမြစ်သံကြောင့် မချဖြစ်။

ကြည်လင်နေတယ်ထင်သော မနက်ခင်းသည် မှုန်မှိုင်းလာ သည်။ ကြည်လင်နေသော စိတ်သည်လည်း မှုန်မှိုင်းသွားရသည်။

ချိုလှဲ့နှင့်အောင်သက်ပိုင်ဆိုတာ သူနှင့်အဆက်အသွယ် ပြတ်တာ ကြာလှပြီ။ ဒါကို ခု ဘာကြောင့်...

"ချိုလှဲ့ပြောတာလေးကို ကျေးဇူးပြုပြီး နားထောင်ပေးပါ မောင်...ချိုလှဲ့တို့မိသားစု ပျော်ရွှင်ခြင်းဆိုတာ မောင့်ပေါ်မှာ





အများကြီး မူတည်ပါတယ်"

"အဟွန်း"

မဆီမဆိုင်ပြောလိုက်သောစကားကို ညီလင်းညို ခနိုးခနဲ့ ပြုံးလိုက်သည်။

"အခုလေ...ဒီးဒီကို ရှာတွေ့ပြီ မောင်"

ဒီးဒီဆိုတာ အောင်သက်ပိုင်နှင့် စေ့စပ်ဖို့ဖြစ်ခဲ့သည့် ကောင်မလေးဆိုတာ သူတို့ပြော၍ သိရပြီ။

"အခု အဲဒီးဒီကလေ"

"ဒီမှာ ချိုလှဲ့တို့က ကိုယ်နှင့်မသက်ဆိုင်တဲ့အကြောင်းကို အချိန်ကုန်ခံပြီး နားထောင်ပေးရအောင် အချိန်တွေ သိပ်အားနေတဲ့ သူ မဟုတ်ဘူး။ မင်းတို့ဘာသာမင်းတို့ ရှာတွေ့ခြင်း၊ မတွေ့ ခြင်းဆိုတာ ကိုယ်နဲ့မဆိုင်ဘူး"

ညီလင်းညို ပြောပြောဆိုဆိုနှင့် ဖုန်းကို ပိတ်ပစ်လိုက် သည်။

ဒီပြဿနာ သူနှင့်မဆိုင်ဘဲ ဘာကြောင့် သူ့ကိုလာပြောနေ သလဲ စဉ်းစား၍မရပေ။

ဖုန်းထပ်ခေါ်လာလျှင် အပြတ်ပြောပစ်မည်တေးထားသော် လည်း တစ်ဖက်က ထပ်မခေါ်လာတော့ပေ။

ဧည့်ခန်းထဲတွင် ဖုန်းထွက်ပြောနေခြင်းမို့ အိပ်ခန်းထဲတွင် အိပ်ပျော်နေသော မောင့်ကို ခေါင်းပြူပြီး ကြည့်လိုက်သည်။

ဖုန်းကို ခုတင်ခေါင်းရင်းဘက်တွင် တင်လိုက်သည်။ မျက်လုံးမဖွင့်ဘဲ နှစ်ခြိုက်စွာ အိပ်ပျော်နေသော မောင့်ကို

အနှောင့်အယှက် မပေးချင်တာနှင့် စကားမဆိုတော့ပေ။

ခြေလက်မျက်နှာသစ်ဖို့အတွက် အရင်ဦးဆုံး ရေချိုးခန်းထဲသို့ ဝင်လာခဲ့လိုက်သည်။





## အခန်း (၂၄)

"ဟာ"

"ဒါ...ဒါ..."

ရေချိုးခန်းထဲကိုဝင်လာသော ညီလင်းညိုမှာ မျက်နှာသစ်နေရင်း အကြည့်က ရေချိုးခန်းထောင့်က အဝတ်ခြင်းထဲတွင် ထည့်ထားသော မောင့်ရဲ့အဝတ်အစားများဆီ အကြည့်ရောက်သွားသည်။

သွားတိုက် မျက်နှာသစ်ပြီး အမြင်မတော်သော ရေစိုအဝတ်များကို ဆပ်ပြာရေစိမ်ရန် ဇလုံထဲထည့်လိုက်စဉ် မြင်လိုက်ရသော အဝတ်အစားတစ်ခုကြောင့် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။

ထိုအဝတ်အစားကို ကိုင်ထားရမှာ အဆိပ်ရှိသောသတ္တဝါကို ကိုင်မိသလို ဇလုံပြင်သို့ ကမန်းကတန်း ပစ်ချလိုက်သည်။

ပစ်ချလိုက်ရုံနှင့် အားမရ။ ထိုပစ္စည်းကို အံ့သြတုန်လှုပ်မှု မပြယ်သောအကြည့်ဖြင့် ကြည့်နေမိသည်မှာ မယုံကြည်နိုင်မှု အံ့သြမှုတွေနှင့်ပါ။

ထိုအဝတ်သည်ကား အခြားမဟုတ်။ အမျိုးသမီးဝတ် underwear များဖြစ်နေခြင်းကြောင့်ပင်။

ဒါတွေဟာ ဘယ်လိုလုပ် မောင့်အဝတ်အစားတွေကြားထဲမှာရှိနေလဲ အထူးပြောစရာ။ ပြေးကြည့်နေစရာမလို။

မောင့်ရဲ့ပစ္စည်းတွေကလွဲလို့ ဘယ်သူ့ပစ္စည်းတွေ ဖြစ်နိုင်မည်နည်း။ မောင်သည် သူထင်သော မိန်းမချောချောသည့် ကောင်လေးမဟုတ်ဘဲ မိန်းမချောချောသည့် ယောကျ်ားလေးပုံစံဖမ်းထားသော ကောင်မလေးသာ ဖြစ်ပေသည်။

အစပိုင်းက ထိုပစ္စည်းတွေကို ထိတ်လန့်အံ့သြဖွယ်ရာပစ္စည်းကို တွေ့ရသလို ကြည့်နေရာမှ ညီလင်းညို၏အကြည့်တို့မှာ ပုံစံအမျိုးမျိုး ပြောင်းလဲသည်။

အံ့သြမှုကနေ ဒေါသဆီသို့ ဦးတည်သွားခဲ့သည်။

သူ ဘယ်လောက်ထိ ညံ့ဖျင်းခဲ့သလဲ။ ကိုယ်စီးသောမြင်းအထီးမှန်းမသိ၊ အမမှန်းမသိ။

သူ အမြဲတမ်း ယောကျ်ားလေးတစ်ယောက်ဟုထင်နေသောသူသည် မိန်းကလေးစစ်စစ်တဲ့။ ထိုမိန်းကလေးကကောလိမ်ညာသည့်နေရာတွင် ဘယ်လောက်ပိရိခဲ့သလဲ။

ရည်းစားထားဖူးတယ်၊ အရက်သောက်ဖူးတယ်လေးနှင့် သူ့ကို ယုံကြည်အောင် လိမ်ညာခဲ့သည်။





ညီလင်းညို မခံချင်စိတ်နှင့် ဖြစ်ပေါ်လာသော ဒေါသစိတ်ကို မထိန်းချုပ်နိုင်တော့ပေ။

လူကို တမင်သက်သက် အရူးလုပ်ခြင်း၊ စော်ကားခြင်းဟုသတ်မှတ်လိုက်သည်။

သူ့မှာတော့ ယောကျ်ားလေးအချင်းချင်း Homosexuality စိတ်ဖြစ်နေပြီဆိုပြီး ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမသန့်ဖြစ်ရသည်။

ညဆိုလျှင်လည်း ဒီစိတ်ဖိစီးကာ အိပ်မပျော်။ ဒီမနက်မှာတောင် မောင့်ကို ဖွင့်ပြောဖို့အထိ စိတ်က အဆုံးစွန် ဆုံးဖြတ်ခဲ့တာ။

ယခု ထိုအတွေးက လူကို သေစေနိုင်လောက်တဲ့အတွေး။ ဘယ်သူ့မျက်နှာကိုမှ မကြည့်ဝံ့သောအတွေး။

မောင် ဖျားရတာ သူ့ကြောင့်ဆိုတဲ့ သနားကရုဏာစိတ်ဖြစ်နေခဲ့သည်။ ယခုတော့ ထိုစိတ်ထက် ငါ့အပေါ် လိမ်ညာရက်လေခြင်းဆိုသည့်စိတ်က ပိုနေသည်။

ညီလင်းညို ရက်စွံ့စိတ်တွေကြောင့် ကိုယ်တွေ တရှိန်ရှိန်ဖြစ်လာသည်။ နားအတွင်းသို့ လေများဝင်ရောက်နေသလို တဟူးဟူး ဖြစ်နေသည်။

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ရေချိုးခန်းထဲမှာ ချာခနဲ လှည့်ထွက်လိုက်သည်။

"ဟင်"

သူ၏ကျောနောက်ဘက်တွင် ငြိမ်သက်စွာ ရပ်ကြည့်နေသူ

နှင့် အကြည့်ချင်းဆုံသွားသည်။ မောင်ဟု သူသိထားခဲ့သော မိန်းကလေးသည် သူ့ကို စိုက်ကြည့်နေသည်။

စိုက်ကြည့်နေသည်မှာလည်း ရိုးရိုးတန်းတန်း စိုက်ကြည့် ခြင်းမဟုတ်။ မျက်နှာတစ်ခုလုံး နီရဲတင်းမာစွာ လက်နှစ်ဖက် ကိုယ်တွေဘေးကပ်ချထားသည်။ အောက်သို့ချထားသော လက်ချောင်းများမှာ လက်သီးကျစ်နေအောင် ဆုပ်ထားသော လက်ချောင်းများနှင့် ဖြစ်သည်။

ငါးဖယ်က ပြောင်းပြန်။

တစ်လျှောက်လုံး လိမ်ညာခံခဲ့ရသည့်သူက ဒေါသမဖြ ဘဲ သူမက ဒေါသထွက်သောဟန်၊ ဒေါသထွက်သောအကြည့် နှင့်။

ဘယ်ကိုမှ အကြည့်မလွှဲ။ သူ့ကို တည့်တည့်စိုက်ကြည့်

"ခင်ဗျား ဘာကြောင့် ကျွန်တော့်အဝတ်အစားတွေ ကိုင်တာလဲ"

"အဟော…မင်းက အဲဒါကို စိတ်ဆိုးတယ်ပေါ့။ အဟွ ဒီလောက်ကိစ္စကို စိတ်ဆိုးစရာထင်နေရင် နှစ်လနီးပါး ပိ ဟန်ဆောင်လိမ်ညာခံနေရတဲ့ ငါက ဒီထက်မက စိတ်ဆိုးသ တယ်လို့ မင်း မထင်ဘူးလား"

"ဘာဆိုင်လို့လဲ…လူဆိုတာ ကိုယ့်အကျိုးနဲ့ကိုယ် ရှ တာပဲ။ ကျွန်မလည်း ကျွန်မအတွက် လုံခြုံစိတ်ချရအော ကာကွယ်ထားတာ။ ဘယ်သူ့ကိုမှ ထိခိုက်လိုစိတ်၊ လိမ်ညာ စိတ် မရှိဘူး"





"ဩော်…အဟွန်း…လိမ်ညာလိုစိတ် မရှိဘူး…ဟုတ် လား"

ညီလင်းညို မဲ့ပြုံးပြုံး၍ ခနဲ့ခနဲ့ မေးလိုက်သည်။

ဘယ်သူ့ကိုမှ လိမ်ညာလိုစိတ်မရှိသူက သူ့ရဲ့ချစ်တတ် သောနှလုံးသားတစ်စုံကို လိမ်ညာလှည့်ဖြားသွားတာကိုကော သိမှသိပါလေစ။

နာကျင်သောအတွေးနှင့် ညီလင်းညို ရှေ့သို့ တစ်လှမ်း တိုးတော့…

"ခင်ဗျား ရပ်နေ…ရှေ့မတိုးလာနဲ့"

"…………"

"ခင်ဗျား…ကျွန်မပြောနေတာ မကြားဘူးလား။ ပြီးမှ ကျွန်မကို အဆိုးမဆိုနဲ့"

"အဟွန်း…လုပ်စမ်းပါ…ကျွန်တော်ကနေ ကျွန်မ အလွယ်တကူ အထစ်အငေါ့မရှိ ပြောင်းယူနိုင်တဲ့ မင်းက (၁၂) ကြိုးကဝေဆိုတော့"

ညီလင်းညို အပြောမပျက် ရှေ့တိုးသွားသလို သူမက လည်း လက်သီးတပြင်ပြင်နှင့် နောက်သို့ တဆုတ်ဆုတ်။

"ခင်ဗျား ပြောနေတာ မရဘူးလား"

ကိုယ်ကအတိုး၊ သူကအဆုတ်နှင့် ကိုယ်တိုးသူဆုတ်၊ ကြာတော့ သူမ၏နောက်တွင် ခုတင်တိုင်နှင့်အထိတွင် ညီလင်းညို ထင်မှတ်ထားသောလုပ်ရပ်ကို သူမက ပြုမူလိုက်ပါသည်။

"ကဲကွာ"

"ဖြောင်း"

"ဒုန်း"

"အ"

မိန်းကလေးတစ်ယောက်၏ လက်သီးဆိုပေမယ့် ရမ်းသ မှန်းသိမ်းထိုးလိုက်တော့ လက်သီးတော့မဟုတ်။

စနစ်တကျ လေ့ကျင့်သားပြည့်ဝနေသူတစ်ယောက် လက်သီးများမို့ မေးရိုးကနေ ပင့်ထိုးခံလိုက်ရချိန် မေး ရိုက်ခတ်သွားသည်။ ပါးစောင်းထဲ၌ ငန်ကျိကျိအရသာကို လိုက်ရသည်။

ယောကျ်ားလေးတစ်ယောက်မို့ ကိုယ့်အသားနာကျင်သ သောအခါ အလိုအလျောက် လုပ်ဆောင်မိသည်က သူမ လက်တုံ့ပြန်ဖို့ ဖြစ်သွားသည်။

လက်မောင်းနှစ်ဖက်ကို ဖမ်းချုပ်လိုက်စဉ်…

"ခင်…ခင်ဗျား…ကျွန်မအသားကို မထိနဲ့။ ဒီထ နာအောင် မလုပ်ရဲဘူးမထင်နဲ့။ ဒါ အကင်းပဲရှိသေးတယ်"

"ဟုတ်လား…ကြည့်ရသေးတာပေါ့"

သူဟာ လက်သီးထိုးခြင်းကို စနစ်တကျ လေ့ကျင့်ထား ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော် ယောကျ်ားလေးတစ်ယော သည် လက်သီးထိုးပညာကို စနစ်တကျ မလေ့ကျင့်ထားလည် အရေးကြုံလျှင် လက်သီးကို မည်သို့မည်ပုံ ထိုးရမလဲ အ အလျောက်သိနေသည်ဆိုတာကို သူမ သတိပြုမိပုံမပေါ်။

နောက်တစ်ချက်က ယောကျ်ားလေးတစ်ယောက်





ကလေးတစ်ယောက် လက်သီးချင်းယှဉ်ထိုးနိုင်တယ် အသာ ဦး။ ယောကျ်ားလေးနှင့်မိန်းကလေး ဘယ်တော့မှ အင်အား ဘူးဆိုတာကော သူမ သတိပြုမိပါရဲ့လား။

ပထမပိုင်းတွင် ကိုယ့်အသားကိုနာအောင်လုပ်သော သူမ မှတ်လောက်သားလောက်အောင် ပညာပေးရန်ဖြစ်သည်။

သူကဆွဲ၊ သူမက ဖွတ်ရန်း၊ တစ်ချက်တစ်ချက် လွတ် က်သည့်အခါတွင် သူ့မျက်နှာ၊ ရင်ဘတ်၊ လက်မောင်းပေါ်သို့ က်သီးချက်များ ရောက်လာသည်။

နောက်ကျ ဒီလောက်အရုန်းသန်လှသည့် ကောင်မလေး မရအောင် တုပ်နှောင်မယ်ဟဲ့ဆိုသည့်အတွေးနှင့် လက်နှစ်ဖက် း မရ၊ လှုပ်မရအောင် ဖွတ်တိုးချုပ်သောအခါ သူမသည် ရင်ခွင်ထဲသို့ လုံးလုံးလျားလျား ကျရောက်နေသည်။

ဒီအချိန်ထိ သူမဟာ မိန်းကလေးဆိုသည့်အတွေး သူ့ဆီ၌ လုံးလုံးလျားလျား မဝင်ရောက်သေးပေ။ သူသိနေသည်က သူမ သည် မောင်။

"ခင်ဗျား…ယောကျ်ားလေးဆိုပြီး ဗလအားကိုးနဲ့ အနိုင် ကျင့်နဲ့။ တကယ်သတ္တိရှိရင် အခုလွှတ်ပေးလိုက်၊ ခင်ဗျားနဲ့ က်သီးချင်းယှဉ်ထိုးမယ်။ ကျွန်မကို အခုလွှတ်ပေး"

ရုန်းမရအောင် စုန်းစုန်းမြုပ်နေသော သူ့ရင်ခွင်ထဲမှ သူမ သည် မျက်နှာကိုမော့၍ အံကြိတ်စိမ်ခေါ်သည်။

ညီလင်းညို မော့လာသော သူမမျက်နှာကို ငုံ့ကြည့်လိုက် သည်။

မည်းနက်သော မျက်ခုံးတန်း၊ ခပ်သွယ်သွယ်နှာတံ
မိန်းကလေးတွေမှာသာရှိတတ်သော နှုတ်ခမ်းဖူးဖူး၊ ဒါတွေကို
အနီးကပ် တွေ့မြင်ခဲ့ပါရဲ့နှင့် ဘာကြောင့် မိန်းကလေးတစ်ယောက်
ဖြစ်နေမယ်ထင်တယ်ဟု သံသယမဝင်ခဲ့ရသနည်း။

ဒါ့အပြင် ချောတော့ငေါ၍ မိန်းမချောချောသော
ကောင်လေးကို boy to boy အနေနှင့် ရင်ခုန်စိတ်လှုပ်ရှားနေ
သည်။ ထိုစိတ်ကိုပင် သူမှာ ရှုံ့ရှာနေခဲ့ရသည်။ ခုတော့ ထိုသူ
သည် ကောင်မလေးတဲ့လား။

နဝိုရင်ခုန်ဓာတ်ခံရှိနေသော ညီလင်းညိုသည် ရင်ခွင်ထဲ၌
ရှိသူ သည်မိန်းမချော မိန်းမလှတစ်ယောက်ပါလားအသိနှင့်…

"အို"

"ဦးညီလင်းညို"

"ခင်ဗျား အဲဒီလိုယောကျ်ားမဆန်တဲ့အပြုအမူ မလုပ်နဲ့၊
ခင်ဗျားကို ကျွန်မ မုန်းမိမယ်"

သူမ၏ခြိမ်းခြောက်သံသည် သူ့နားထဲသို့မဝင်။ သူ သိတာ
က ဒီလောကထိ လိမ်ညာတော်သော သူမကို အချစ်နှင့်
ဖြားယောင်းဖို့။

ယခုလောလောဆယ် သူက ဖြားယောင်းတတ်သူ။

## အခန်း (၂၅)

"မင်း ဘယ်သူလဲ"

"………."

"ဟော့…မေးနေတယ်လေ"

"မပြောဘူးလား"

မေးတာကို မဖြေဘဲ ရင်ခွင်ထဲကနေ ခပ်တည်တည်
…ကြည့်နေသူကို အသည်းယားစွာပြောတော့ သူမက တစ်ဖက်
…သို့ ကိုယ်ကိုလှိမ့်လိုက်ကာ…

"မပြောဘူးဆိုရင် ခင်ဗျား ဘာတတ်နိုင်လဲ။ ပြောမိရင်
…အသေသတ်"

ကျောခိုင်းနေသော သူမကို လှမ်းပွေ့ကာ…

"သတ်စရာလားကွာ…ဒီအခုမှ စချစ်ရတာကို"

"တော်စမ်းပါ…ဒီမှာ ဦးညီလင်းညို…ခင်ဖျားကို ကျွန်မ ကျေနပ်နေတယ်ထင်ပြီး ပိုင်စိုးပိုင်နင်းစကား လာမပြောနဲ့"

"သဘောကတော့ မကျေနပ်ဘူးပေါ့"

"ဟုတ်တယ်…မကျေနပ်ဘူး"

"မကျေနပ်ရင် ကိုယ့်အရိပ်အောက်ကို မင်း ဘာလို့ရောက်လာတာလဲ"

"ဟင်…ခင်ဖျား…ခင်ဖျား"

သူမက ခုတင်ထက်မှ ဖွတ်အတင်းထကာ သူ့ကို လက်သီးနှင့်လိုက်ထိုးသည်။

မျက်နှာတစ်ခုလုံး နီရဲနေပုံက သူမတွင်ဖြစ်နေသော ဒေါသပမာဏကို ပြနေသည့်အတိုင်း။

ညီလင်းညို ခုတင်ထက်မှာ ဟိုဘက်လူးလိုက်၊ ဒီဘက်လိမ့်လိုက်နှင့် သူမရဲ့လက်သီးဒဏ်တွေ ရှောင်ရင်း…

"မင်းနော်…မင်း ကိုယ်ပြောတာတွေက အမှန်တရားတွေပဲ၊ ဘာမှနာစရာအကြောင်း မရှိဘူး။ မင်းကို ယောကျ်ားလေး စစ်စစ်ထင်ပြီး ချစ်ရေးဆိုဖို့ ဆုံးဖြတ်ထားတဲ့ကောင်ကွ"

"ဘာ"

"ဟုတ်တယ်"

သူမ၏လက်သီးတွေ လေထဲတွင် မြောက်တက်နေသည်။

သူ့ကို မျိုးကျယ်ပိုင်းစက်သော မျက်လုံးကြီးနှင့် စိုက်ကြည့်နေသောကြောင့် ညီလင်းညို ခုတင်ထက်မှာ လူးလဲထလိုက်သည်။





သူမနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ဒူးထောက်ထိုင်သည်။

နီရဲသောမျက်နှာကို သူမ မမြင်တွေ့စေရန် မျက်နှာကို ခပ်လွဲလွဲပြုရင်း…

"ဟုတ်တယ်…ဒီနေ့ မင်းရဲ့ဟိုပစ္စည်းတွေကိုသာ မတွေ့ရင်…"

"ခင်ဖျားနော်"

"အဲ့ဒီလိုပဲ ပြောရမှာပဲ…မတတ်နိုင်ဘူး။ အဲဒီဟာတွေသာမတွေ့ရင် ငါ မင်းကို ယောကျ်ားလေးလို့ ထင်နေဦးမှာ။ မင်းကို ယောကျ်ားအချင်းချင်း ရင်ခုန်မိတဲ့ငါ့ကို…"

"………"

"ငါ့ကိုယ်ငါလည်း ရှုံ့မိပါတယ်။ ဒါပေမဲ့ ခု မင်းဟာ ငါထင်သလို ယောကျ်ားလေးမဟုတ်ဘဲ မိန်းကလေးဖြစ်နေတော့ ငါလေ ကိုယ်လေ ဘယ်လိုဝမ်းသာမိမှန်း မသိဘူး။ ပြောရရင် မင်းကို ကိုယ်က ဘယ်လိုအခြေအနေမျိုးမှာမဆို ရင်ခုန်နိုင်တဲ့သူဆိုတာ မင်း အသိအမှတ်ပြုသင့်တယ်"

မျက်နှာလွဲပြီးပြောနေရာမှ သူမဘက်သို့ မျက်လုံးဝေ့ကြည့်လိုက်သည်။

သူမသည် အနေရခက်သလိုနှင့် ခပ်တိုတိုဆံပင်တွေ ပိပြားသွားအောင် လက်တစ်ဖက်နှင့် ထပ်ခါထပ်ခါ ဖိနေသည်။

"နောက်တော့ ခုတင်ပေါ်က ဘာမှမပြောဘဲ ဆင်းလိုက်သည်။

"မင်း"

"တကယ်ဆိုရင် ရှင်နဲ့ကျွန်မ အဲဒီလိုပြောဖို့ ဒါမှမဟုတ် အဲဒီကိစ္စကို ဆွေးနွေးဖို့ဆိုတာ သိပ်ကိုစောလွန်းပါတယ်"

"ဘယ်လိုစောလွန်းတယ်...ဟုတ်လား"

ရင်ဘတ်ကြီးတစ်ခုလုံး ပေါက်ထွက်တော့မတတ်သော ရင်ခုန်သံကြီးနှင့် သူ ဖွင့်ပြောနေချိန် သူမဘက်က စောလွန်းသည်ဟုဆိုလိုက်ခြင်းကြောင့် သူမနည်းတူ သူလည်း ခုတင်ထက်မှ ဆင်းလိုက်သည်။

သူ့ကို ကျောခိုင်း၍ရပ်နေသော သူမနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင်သွားရပ်ကာ

"ကိုယ့်ရင်ခုန်သံတွေကို မယုံဘူးလို့ မင်း ပြောလိုက်တာလား"

သူမက ယောကျ်ားလေးတစ်ယောက်လို လက်နှစ်ဖက်ကို ခါးပေါ်သို့ထောက်ကာ သူ့ကို ဖျတ်ခနဲ မော့ကြည့်ပြီး

"ယုံတယ်မယုံဘူးလို့ ကျွန်မ မပြောသေးဘူးနော်။ အမှန်အတိုင်းဝန်ခံရရင် ရှင် ကျွန်မရဲ့စကားကို စိတ်ဆိုးကောင်း စိတ်ဆိုးနိုင်တယ်"

"..........."

"ကျွန်မ ဘယ်သူမှန်းမသိ၊ ဘယ်ဝါမှန်းမသိဘဲ ရင်ခုန်နေပါတယ်ပြောတဲ့ ရှင့်ကို မိန်းမသားတစ်ယောက်ဖြစ်တဲ့ ကျွန်မက မယုံပါဘူးပြောရင် ရှင် စိတ်ဆိုးလို့မရဘူး ကိုညီလင်းညို။ ဘာကြောင့်လဲဆိုတော့ မိန်းကလေးတွေဆိုတာ သူတို့ ဘယ်သူ





ဘယ်ဝါပဲဖြစ်ဖြစ် အသိအမှတ်ပြုခံချင်ကြတယ်။ ဘယ်သူမှန်းမသိ ဘယ်ဝါမှန်းမသိတဲ့လူတစ်ယောက်ကို ဖွတ်ရွတ်ရင်ခုန်လိုက်တာထက် သူမှသူ တန်းတန်းစွဲရင်ခုန်တာကိုပဲ လိုချင်ကြတာ"

"အခု ကိုယ်ကကော မင်းကလွဲရင် ဘယ်သူ့အပေါ် ချစ်မိနေလို့လဲ။ မောင်လို့ ငါသိခဲ့တဲ့သူကကော မင်း မဟုတ်လို့လား"

"ခု ကျွန်မ ဘယ်သူဆိုတာကော ရှင် သိလို့လား"

အေးစက်စက်မေးလိုက်သော သူမနှင့် သူ့အကြည့်တွေ အတန်ကြာအောင် စစ်အေးတိုက်ပွဲ ဆင်နွှဲနေသည်။

"တွီ...တွီ"

"ကျွတ်"

ဖုန်းမြည်သံကြောင့် သူ ကျွတ်ခနဲ စုတ်သပ်တော့ သူမက မိန်းကလေးတစ်ယောက်လို ခပ်မဲ့မဲ့ပြုံးကာ ခုတင်ဘေးက စားပွဲပေါ်တွင်တင်ထားသော ဖုန်းကို လှမ်းကြည့်လိုက်သည်။

ပြီးတော့ သူ့ကို မေးဆတ်ပြကာ...

"အခုလာတဲ့ဖုန်းက ရှင့်ရဲ့ရည်းစားဦး ချိုလဲ့ဆီကဖုန်းလေ။ ကိုင်လိုက်ပါ"

"ဟင်"

သူမ၏နှုတ်မှ ချိုလဲ့ဆိုသောအသုံးအနှုန်းကြောင့် သူ တုန်လှုပ်သွားသည်။ ချိုလဲ့သည် သူ့ရဲ့ရည်းစားဦးဆိုတာ သူမ ဘယ်လိုသိတာလဲ။

ချိုလဲ့ဆက်နေတာပါဆိုတာကော သူမ ဘာကြောင့် အတပ်ပြောရဲရတာလဲ။

"မယုံဘူးလား"

သူမက မျက်ခုံးတစ်ဖက်ပင့်၍ မေးသည်။ သူ ဘာမှ မပြောဘဲ ဖုန်းကိုဖွင့်ကာ…

"ဟယ်လို…"

"ဟယ်လို…မောင်"

သူ့အကြည့်က မျက်နှာချင်းဆိုင်တွင် သူ့ကို လက်ပိုက်ရပ်ကြည့်နေသော သူမထံ အကြည့်ရောက်သွားသည်။

သူမပြောသည့်အတိုင်းပင် ယခုဆက်သောသူမှာ ချိုလွဲ့ပင် ဖြစ်သည်။

"မောင်…ချိုလွဲ့ရဲ့အသံကြားလို့ မောင် ဖုန်းမချလိုက်ပါနဲ့။ ချိုလွဲ့ မောင့်ကို သတိပေးချင်တာပါ။ မောင် ဓားခုတ်ရာကို လက်မလျှိုးမိပါစေနဲ့။ ခု မောင့်ဘေးနားမှာရှိတဲ့သူက ချိုလွဲ့တို့ လိုက်ရှာနေတဲ့ ဒီးဒီပါ မောင်…ခု ချိုလွဲ့တို့ကော ဒီးဒီရဲ့ဒယ်ဒီပါ မောင့်တိုက်ခန်းဆီ မကြာခင် ရောက်လာကြတော့မှာပါ"





## အခန်း (၂၆)

"ဒီးဒီ အိမ်ထောင်ပြုချင်သေးဘူး ဒယ်ဒီ…အိမ်ထောင်ပြုချင်လာရင်တောင် ဒယ်ဒီပေးစားတဲ့လူကို အဆင်သင့်ထိုင်ကြည့် ခေါင်းမညိတ်နိုင်ဘူး ဒယ်ဒီ"

"ဒီးဒီ"

ဖုန်းထဲမှတစ်ဆင့် ဒယ်ဒီ၏အော်သံကို ဟိန်းထွက်လာသည်။ သို့သော် ဒီးဒီ မဖြုံပါ။ ဦးသီဟမောင်၏သမီး 'ဒီပါမောင်' ဆိုသည့် ဒီးဒီကလည်း အဖေတူသမီးပဲလေ။

ဖအေလို ထက်မြက်သော သူတစ်ယောက်ဖြစ်ရုံမက အဖေလို ဒေါသကြီးတတ်သူပဲလေ။ ဒယ်ဒီမှာ ယခုတော့ သူတင်တဲ့စစ်ကဲ သူမနိုင်သလို ဖြစ်နေသည်။

သမီးဖြစ်သူကို နိုင်ငံခြားသို့ ပို့ထားကာ အင်တာနေရှင်နယ်လ်ကျောင်းသို့ပို့ကာ ပညာသင်ကြားစေသည်။

သက်လုံကောင်းဖို့သာမက ကိုယ်လုံပညာကော ကိုယ်ခံပညာပါ တတ်အောင်သင်စေသည်။ လိုချင်ခဲ့တာက သားယောကျ်ားလေး။ မွေးလာတော့ သမီးလေးဖြစ်ပေမယ့် တခြားသော ဖခင်တွေလို ဒယ်ဒီက စိတ်မညစ်သွားပေ။

သမီးဖြစ်သူကို သားယောကျ်ားလေးလို ပုံသွင်းသည်။ ယောကျ်ားလေးတစ်ယောက်လို ဝတ်စားဆင်ယင်စေသည်။ ပြောဆိုနေထိုင်စေသည်။

လွတ်လပ်မှုကိုကြိုက်သော ဒီးဒီအတွက် ဤသို့ နေရထိုင်ရတာကို အပြစ်မမြင်ပါ။ ကိုယ်တိုင်ကလည်း ယောကျ်ားလေးတစ်ယောက်လို ဝတ်စားဆင်ယင်ရတာကို သဘောကျသည်။

မိန်းကလေးတစ်ယောက်လို ဆံပင်အရှည်ထား၊ မျက်နှာကို ကာလာအမျိုးမျိုးခြယ်၊ နှုတ်ခမ်းထက် ဆေးရောင်စုံတင်ရတာကိုလည်း မနှစ်သက်။

နောက် အတိုအပြတ်၊ အဟိုက်အကျပ်တွေ ဝတ်၍ ဟန်ရေးတပြပြ လုပ်ရတာကိုလည်း မနှစ်သက်။ ထဘီရှည်ရှည်ဝတ် ရင်ဖုံးအင်္ကျီလက်ရှည်ဝတ်၍ ဣန္ဒြေသိက္ခာနှင့်ရယ်၊ ဣန္ဒြေသိက္ခာနှင့်ပြောရတာကိုလည်း ကျဉ်းကျပ်သည်။

ထို့ကြောင့် ဒယ်ဒီ၏ ပုံသွင်းမှုအောက်တွင် ဒီးဒီသည် အလိုက်သင့်ပုံစံကျနေသည်။

စင်ကာပူတွင် ဦးလေးဖြစ်သူနှင့် အတူနေသည်။ ငယ်စဉ်ကတည်းက မိခင်ဆုံးခဲ့သူမို့ မိခင်တစ်ယောက်၏ အုပ်ထိန်းမှုနှင့် ဝေးခဲ့သည်။ ဖခင်ဖြစ်သူကလည်း စင်ကာပူနှင့် မြန်မာနိုင်ငံကို





ဟိုဘက်အိမ်နှင့် ဒီဘက်အိမ်လို သဘောထားကာ စီးပွားရေးလုပ်နေသူ။ ထိုစီးပွားရေးတွင်သာ အချိန်ပြည့်မြုပ်နှံထားသူ။ ဦးလေးဖြစ်သူကကော ဘာထူးသနည်း။ စင်ကာပူမှာ တစ်စီးပွားသက်သက်ထောင်ကာ သူလည်း သူ့အလုပ်နှင့်သူ မအားသူ။

ဤကဲ့သို့ လူကြီးသူမတို့၏ အုပ်ထိန်းမှုအောက်နှင့် ကင်းလွတ်နေသော ဒီးဒီမှာ ပုံမှန်အားဖြင့်ဆိုလျှင် ပျက်စီးခြင်းလမ်းစပေါ် ရောက်သွားမည်ဟု ထင်ချင်စရာ။

ဒါပေမဲ့ သန္ဓေကောင်းလှသော ဒီးဒီမှာ ပျက်စီးခြင်းလမ်းစပေါ်သို့ မရောက်သွားပါ။ သူ့အလုပ်နှင့်သူ ပျော်မွေ့နေသော ဖခင်နှင့်ဦးလေးဖြစ်သူကို စကားနာမထိုး။ သူလည်း သူပျော်သလိုနေသည်။

သူပျော်သည့်အလုပ်များမှာ သူဌေးသားသမီးတွေလုပ်လေ့ရှိသည့် ကလပ်တက်ခြင်း၊ ပါတီတက်ခြင်း၊ သောက်စားမူးယစ်ခြင်းများ မဟုတ်ပေ။

မိန်းကလေးစိတ်နှင့် ယောကျ်ားလေးတစ်ယောက်လို နေတတ်သော ဒီးဒီတွင် မိန်းကလေးသူငယ်ချင်းထက် ယောကျ်ားလေးသူငယ်ချင်းက ပိုများသည်။

ထိုအတွက်ကြောင့် ထိုသူငယ်ချင်းတွေတက်သည့် သင်တန်းတွေကို လိုက်တက်သည်။ သင်တန်းလိုက်တက်သော်လည်း ဘယ်သင်တန်းမှ ပြီးပြီးမြောက်မြောက်တက်သည် မရှိ။

သို့သော် အရာရာတိုင်းတွင် ဟိုစပ်စပ် ဒီစပ်စပ် အနည်းငယ်သိသည်။ ရထားတဲ့ဘွဲ့ကလည်း ကြည့်ဦး။

အင်ဂျင်နီယာဘွဲ့။ ဟိုစပ်စပ် ဒီစပ်စပ် လိုက်တက်သည့် သင်တန်းတွင် ကွန်ပျူတာသင်တန်း အခြေခံသာမက Software Hardware ပိုင်း အကုန်လိုက်တက်သည်။

ဒီကြားထဲ အထိုးအသတ်သင်တန်းကလည်း တက်လိုက်သေးသည်။ ထို့ကြောင့် ဦးသီဟမောင်တစ်ယောက် သမီးမိန်းကလေး၏ တောင်စဉ်ရေမရ ဟိုစပ်စပ် ဒီစပ်စပ် လျှောက်တက်၊ ယောကျ်ားလေးသူငယ်ချင်းတွေနှင့် လတ်လျားလတ်လျားသွားနေသော သမီးဖြစ်သူအတွက် စိုးရိမ်လာသည်။

ဒီးဒီမှာ စင်ကာပူမှာ ဦးလေးဖြစ်သူနှင့် နေထိုင်သည်ဆိုသော်လည်း အချိန်ပြည့်မဟုတ်။ မြန်မာနိုင်ငံမှာတစ်လှည့်၊ ဟိုမှာတစ်လှည့်။

သူ မှတ်ကျသည့်နေရာတွင် တစ်လကိုးသီတင်း နေတတ်သူမျိုး။

စီးပွားရေးထောင်ပေးရအောင်လည်း အသက်နှစ်ဆယ်ကျော်အရွယ် သမီးမိန်းကလေးတစ်ယောက်တည်း စိတ်မချ။ တောင်ဆိုမြောက်ရောက်၊ မြောက်ဆိုတောင်ရောက်နေခြင်းကိုလည်း သဘောမကျ။

ထို့ကြောင့် အိမ်ထောင်ပြုဖို့ နားချလိုက်သည်။

ခါးခါးသီးသီး ငြင်းပယ်လိုက်ပုံက ကင်းကိုက်ခံရသည့်အတိုင်း။ သို့သော် ဒီတစ်ခေါက်တော့ ဦးသီဟမောင် အလျှော့မပေးနိုင်တော့ပေ။

သမီးဖြစ်သူ အိမ်ထောင်ကျလျှင် သူ့ဘာသာသူ ခြေငြိမ်





သွားကာ ဘာလုပ်သင့်သလဲ၊ ဘာမလုပ်သင့်သလဲ စဉ်းစားတတ်လာမည်။ ဒီထက် တည်ငြိမ်သွားလျှင် စီးပွားရေးလောကထဲ အသာဆွဲသွင်းရုံ။

"မောင်အောင်သက်ပိုင်ကို သမီး သိတယ်မလား။ ကျော်ကျော့်ယောက်ဖလေးလေ"

"............"

"ဒီကောင်လေးကို အကဲခတ်မိသလောက် မဆိုးဘူး"

"အဲဒါက ဒယ်ဒီ့အမြင်လေ။ သူ ဆိုးတာ၊ မဆိုးတာကို ဒီးဒီ စိတ်မဝင်စားဘူး ဒယ်ဒီ…ဒီးဒီ အိမ်ထောင်မပြုချင်တာပဲ သိတယ်"

"မရဘူး…ဒီတစ်ခေါက်တော့ ဒယ်ဒီ အလျှော့မပေးနိုင်တော့ဘူး"

ဘယ်လောက်ပဲ ခြိမ်းခြောက်ခြောက် ဘယ်တုန်းက ဒယ်ဒီ့ဆန္ဒတွေချည်းပဲ အထမြောက်ခဲ့လို့လည်း ဒယ်ဒီရယ်ဟု ဒီးဒီ ခပ်တိုးတိုး ရေရွတ်လိုက်သည်။

အမြဲတမ်း ဒယ်ဒီ အလျှော့မပေးနိုင်ဘူးနော်။ လက်မခံနိုင်ဘူးနော်…ပြောပြောပြီး အလျှော့ပေး၊ လက်ခံရတာတွေချည်းပဲ မဟုတ်လား။

ဤအတွေးဖြင့် ခပ်ပေါ့ပေါ့လေးနေကာ မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော ဒီးဒီမှာ ငါးပါးမှောက်တော့သည်။

ဖခင်ဖြစ်သူ တကယ်မလုပ်လောက်ပါဘူးတွေးကာ စင်ကာပူမှ မြန်မာနိုင်ငံသို့ ပြန်ရောက်သည့်နေ့ချင်းပင်…

"သူကတော့ ဒယ်ဒီပြောထားတဲ့ အောင်သက်ပိုင်ပဲ သမီး။ ဒီတစ်ခါတော့ ဒယ်ဒီ့ဆန္ဒတွေကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်ရတော့မှာပဲ"

"မောင်အောင်သက်ပိုင်···ဒါ အန်ကယ်လ်ပြောပြောနေတဲ့ အန်ကယ်လ်ရဲ့သမီး ဒီပါမောင်လေ။ ရင်းရင်းနှီးနှီးဖြစ်အောင် ဒီးဒီပဲ ခေါ်ပါ"

"ဟာ"

ခေါ်တောငါးရာအားနှင့် ကြည့်နေသောအကြည့်နှင့်ဆုံစဉ် ဒီးဒီ ရင်ခုန်ရမည့်အစား စိတ်ရှုပ်ထွေးသွားသည်။

ဒယ်ဒီပြောသည့် အောက်ပါအရည်အချင်းဆိုတာ မည်သို့သောအရည်အချင်းမျိုး ဖြစ်ပါသနည်း။ ခေါ်တောငါးရာအားနှင့် ကြည့်တတ်ခြင်းလား။

ထဘီမြင်တိုင်း ရင်ခုန်တတ်ခြင်းက သူ့ရဲ့အရည်အချင်းလား။ နိုင်ငံတကာပတ်နေသော ဒီးဒီအတွက် အောင်သက်ပိုင်၏ အတွင်းစိရိုက်ကို ချက်ချင်း အကဲခတ်လိုက်မိသည်။

သူငယ်ချင်းထဲတွင် ယောက်ျားလေးသူငယ်ချင်းတွေများသူ တစ်ယောက်မို့ ဘယ်ယောက်ျားလေးက ဘယ်လိုကြည့်ရင် ဘာပုံစံလဲ ချက်ခနဲဆို နားခွက်က မီးတောက်သူ။

ဒီကြားထဲ ဒယ်ဒီက သူမနှင့် သူ့ကို သဘောတူကြောင်း အရိပ်အမြွက် ပြောထားပုံရသည်။

မောင်မင်းကြီးသားက အပြောရဲရဲ၊ အကြည့်ရဲရဲ။

နေနှင့်ဦးပေါ့လေ···ဒီးဒီဆိုတာ ဘယ်လိုမိန်းကလေးမျိုး





သိတော့ ခေါ်တောအားနှင့် ကြည့်ထားဦးပေါ့။

ပြီးတော့မှ အမေရေ···အဘရေ အော်ပြီး ထွက်ပြေးရလိမ့်မယ်။

"သမီး ဒီမှာရှိနေတုန်း သမီးတို့ကိစ္စကို ဒယ်ဒီ အမြန်ဆုံး အကောင်အထည်ဖော်ရလိမ့်မယ် သမီး။ ဟိုပြန်ရောက်သွားရင် သမီးကို ဖမ်းမိဖို့ လွယ်တာမဟုတ်ဘူး"

ဒယ်ဒီက ရာဇဒဏ်ပေးသည်။ ဒါပေမဲ့ ဒီးဒီ မဖြုံပါ။ ဒီးဒီ၏လက်ထဲတွင် ဘယ်နိုင်ငံကိုမဆို ခုသွားချင်သွားလို့ရသည့် လက်မှတ်ကိုင်ထားတာကို ဒယ်ဒီ မသိရှာလေသလား။

ဤတွင် မထင်မှတ်သော ပြဿနာတစ်ခု ဒီးဒီထံသို့ ရောက်ရှိလာသည်။

နဂိုကတည်းက ကြည့်မရပါဘူးဟု တွေးထားတုန်း လူကြီးသဲ့သဲ့ ပြောရုံမက ပုတ်လားခတ်လားလုပ်လာသော အောင်သက်ပိုင်။ မှတ်သားလောက်အောင် ပညာပေးလိုက်မည်ဟု စဉ်းစားထားသော ဒီးဒီ။

အောင်သက်ပိုင် ရှေ့သို့တိုးမလာအောင် ဓားနှင့် ဝှေ့လိုက်ချိန် အောင်သက်ပိုင်က တကယ်မလုပ်လောက်ဘူးအထင်နှင့် ရှေ့သို့တိုးအလာ ဓားဦးသည် အောင်သက်ပိုင်၏ ဝမ်းဗိုက်သို့ သွားထိုးမိလေသည်။

## အခန်း (၂၇)

"အဲဒါနဲ့ ကျွန်မလည်း ကြောက်အားလန့်အား ပတ်ပူ
နေမိတာ"

"ကျွန်မလို့ပြောရတာ မပင်ပန်းဘူးလား"

ဒီးဒီက ညီလင်းညို ခနိုးခနဲ့ ပြောနေတာလားဆိုသည့်
နှင့် မျက်လုံးစွေကြည့်သည်။

သူနှင့်သူမသည် မျက်နှာချင်းဆိုင်တွင် မတ်တတ်ရပ်
ကြပြီး ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာအကြောင်း ပြန်ပြော
ခြင်း ဖြစ်သည်။

ထိုင်ဖို့လည်း သတိမရကြပါ။

"ငါနဲ့မင်း စတွေ့တဲ့နေ့က မင်း အိမ်က ထွက်လာတဲ့
လား။ သိပ်တော့ ယုတ္တိမရှိသလိုပဲနော်။ မြန်မာနိုင်ငံမှာ အချမ်း
သာဆုံးစာရင်းဝင် ဦးသီဟမောင်ရဲ့သမီး၊ နိုင်ငံတကာကူးလို့ရ
ယာဉ်ကွင်းကိုပြေး၊ မီရာမလိုက်နဲ့၊ ဒိုးလို့ရတဲ့ကိစ္စ ဘာကြောင့်
မြန်မာနိုင်ငံမှာ သောင်တင်နေတာလဲ"





မယုံသင်္ကာစွာနှင့် မေးခွန်းထုတ်ခံရသည်။ ဒီးဒီ ဘာမှ
ပြော။ သူ့ရှေ့က လှည့်ထွက်လိုက်သည်။ ဝရံတာရှိရာသို့ ထွက်
ခြင်း ဖြစ်သည်။

ကောင်းကင်ကြီးက အထူးကြည်လင်နေသည်။ မနေ့ညက
ည်းမှောင်သောတိမ်တိုက်တို့ ဖုံးအုပ်ခံရခြင်း မရှိခဲ့သူလို။

မိုးကြိုးမုန်တိုင်းတို့သည် သူနှင့် မသက်ဆိုင်သူလို
အေးအေး ရှိနေသည်။ ဖျားနေသည်ဆိုသော သူမအတွက်
က်စာပြင်ပေးမည် ဆိုသောသူသည်လည်း မနက်စာပြင်ပေးဖို့
မေ့လျော့နေပုံရသည်။

မိုးမိထားသဖြင့် မလှုပ်နိုင်အောင် ကိုက်ခဲနေသော သူမ
ည်လည်း အဖျားရောဂါကို တယုတယ မလုပ်နိုင်။

ယနေ့တစ်နေ့တာလုံး ဖြစ်ပျက်နေသော အဖြစ်အပျက်တို့
ည် ပရမ်းပတာနိုင်လွန်းသည်။

အကယ်၍ သူသာ သူမ၏အဝတ်အစားပုံကို မကိုင်မိခဲ့
မနက်စာ ချက်ပြုတ်ပြီး သူမကို ကျွေးမွေးဖို့ ပြင်ဆင်နေ
ာက်ပြီ။

သူမသည်လည်း လူတစ်ကိုယ်လုံး မြုပ်မတတ် စောင်တွေ
ကာ ဖျားလို့ကောင်းနိုင်သည်။

သူရေချိုးခန်းထဲသို့ဝင်သွားချိန် မနေ့ညက ချွတ်ခဲ့သော
အဝတ်များကို သတိရမိသော သူမ အိပ်ရာထက်မှ ကမန်း
တန်း ထခဲ့သော်လည်း မမီပါ။

"ဟင်...ကိုယ်မေးတာ မင်း မဖြေနိုင်ဘူးမဟုတ်လား"

သူက သူမထံမှ အဖြေမကြားရသဖြင့် အလိုမကျသင့် ထပ်မေးသည်။ မေးရုံသာမက သူမ ရပ်နေသော ဝရံတာ တိုးလျှောက် လာခဲ့သည်။

(၆)လွှာထက်တွင်ရှိသော ဝရံတာမှ အောက်ဘက်သို့ကြည့် သောအခါ သက်ရှိသက်မဲ့ အရာဝတ္ထုတို့သည် ခပ်သေးသေးရယ် ပါ။ လမ်းမကြီးတွင် ဖြတ်မောင်းနေသော ကားလေးတွေမှာလည်း ငယ်ငယ်က ဆော့ကစားခဲ့သော ရုပ်သေးသေးလေးတွေလို။

"ဘာလို့မဖြေနိုင်ရမှာလဲ...သိပ်ဖြေနိုင်တာပေါ့။ ရှင် ပြောသလို ဒီးဒီမှာ နိုင်ငံတကာသွားနိုင်တဲ့ ဗီဇာရှိတာမှန်တယ်။ ဒါပေမဲ့ အောင်သက်ပိုင် သေသလား၊ ရှင်သလား မသိဘဲနဲ့တော့ ဒီးဒီ မသွားနိုင်ဘူး"

"..........."

"ရှင် အဲ့ဒီလိုပုံစံနဲ့ လာမကြည့်နဲ့...ဟွန့်၊ မသွားနိုင်တာ က ရှင့်သူငယ်ချင်းကို သိပ်စိတ်ပူလွန်းလို့ မသွားနိုင်တာမဟုတ် ဘူး။ ဒီးဒီကြောင့် သူသေသွားရင် ဒီးဒီ ထောင်ကျမှာစိုးလို့... အမှုတန်းလန်းနဲ့ တခြားနိုင်ငံကို ပတ်မပုန်းချင်လို့။ အခုလို ဘာ မဖြစ်မှန်းသိရင် ပြေးတာပေါ့"

"တော်တော်သတ္တိရှိတယ်နော်"

ယောကျ်ားတန်မဲ့ ခနဲ့ခနဲ့ပြောသော သူ့ကို ဒီးဒီ မျက်စောင်းထိုးပစ်လိုက်သည်။

ကြောက်အားလန့်အားနှင့် ပထမဆုံး အားကိုးမိသူမှာ သူမက ပထမဆုံးဆိုတာကို ဘယ်လိုရှင်းပြရမလဲ။





အိမ်မှာရှိနေစဉ် သတင်းစာဖတ်တုန်းက Super Sunday Tea House တွင် ဝန်ထမ်းခေါ်သည်ဆိုတဲ့သတင်းကို ဖတ်မိခဲ့ တာက အမှတ်တမဲ့။

ကိုယ်နှင့် နောက်နောင်တွင် ပတ်သက်လာရလိမ့်မည်ဟု ဘယ်ထင်ပါ့မလဲ။ နောက်ကို နောက်ယောင်ခံလိုက်လာရင် သူ Super Sunday ထဲသို့ဝင်သွားတော့ ချော်လဲရောထိုင် ဝင်ရော ခဲ့သည့်အကြောင်း အခွင့်သာရင် ပြောရဦးမည်။

အမှန်အတိုင်းဆိုရလျှင် သူ့ကို ယောကျ်ားလေးတစ်ယောက် အဖြစ် လိမ်ညာဖို့ ဒီးဒီတွင် အစီအစဉ်မရှိပါ။

ယောကျ်ားလေးတစ်ယောက်ကဲ့သို့ ငယ်စဉ်ကတည်းက ဝတ်စားဆင်ယင်လာသော ဒီးဒီအတွက် ယောကျ်ားလေး တစ်ယောက်လို ပြုမူပြောဆိုဖို့ဆိုတာ မခက်ခဲပါ။

သူကသာ ဒီးဒီကို တကယ့်ယောကျ်ားလေးထင်ပြီး ယောကျ်ားလေးတစ်ယောက်လို တစ်လျှောက်လုံး ဆက်ဆံနေ သည်။ ဒီတော့ ဖြေရှင်းခွင့်မသာသည့် သူမက အသာလေး မေးလိုက်လာခဲ့တာ မှားလို့လား။

"မှားတာပေါ့...မင်းသာ မိန်းကလေးပါလို့ အစကတည်း က ဖွင့်ပြောခဲ့ရင်"

"ဖွင့်ပြောခဲ့ရင် ဘာဖြစ်လဲ"

ဖွင့်ပြောခဲ့ရင်ဆိုပြီး စကားရပ်သွားခြင်းကြောင့် ဒီးဒီ စကားထောက်ပေးလိုက်သည်။

သူသည် ဘာမှမပြောသေးဘဲ နီရဲသောမျက်နှာကို သူမ

မမြင်စေရန် မျက်နှာကို အနည်းငယ်လွှဲသည်။

ခေါင်းကဆံပင်တွေ ဖွလိုက်၊ ခြေထောက်ကို ဟိုရွှေ့လိုက် ဒီရွှေ့လိုက်လုပ်နေခြင်းအားဖြင့် သူ အနေရခက်ကြောင်း စိတ်ဂနာမငြိမ်ကြောင်း ပြသနေသည်။

ယောက်ျားလေးတစ်ယောက်ထင်ပြီး သဘောကျသည့်စိတ် ဖြစ်တာကိုသက်သက် ထိုသဘောကျစိတ်ဟာ မဖြစ်သင့်ဘူးဆိုတဲ့ အသိနှင့် ခံစားချက်နှစ်မျိုး ဒွိဟဖြစ်နေကြောင်း သူ စောစောက ပြောပြီးပြီ။

ဒါကိုပဲ ရယ်ချင်ချင်နှင့် ထပ်ကြားချင်နေသေးကာ

"ဖွင့်မပြောတော့ကော ဘာဖြစ်သွားနိုင်မှာမို့လဲ"

"ဖွင့်မပြောတော့ မင်းကို ယောက်ျားလေးတစ်လျှောက်လုံး ထင်နေမိတာပေါ့"

"ထင်နေမိရုံသက်သက်လား"

"မင်းနော်...ဒါကို အခွင့်ကောင်းယူပြီး မင်း ငါ့ခံစားချက်ကို လှောင်ပြောင်သရော်ဖို့ မစဉ်းစားနဲ့"

"ဟောဗျာ"

ရှက်ဝဲဝဲနှင့်ပြောလိုက်သော စကားသံကြောင့် ဒီးဒီ ရယ်ချင်စိတ်ကို လုံးဝ ထိန်းမရတော့ဘဲ လက်ခုပ်လက်ဝါးတီးကာ ဟက်ဟက်ပက်ပက် ရယ်မိသည်။

သူက ဒီးဒီရယ်သံကြောင့် ရှက်ယမ်းယမ်းကာ ဒီးဒီအနီးသို့ ဖွတ်အတင်းတိုးကပ်လာသည်။ ရယ်နေသော ဒီးဒီ၏နှုတ်ခမ်းကို လက်ဝါးနှင့် ဖွတ်အတင်းလိုက်ပိတ်သည်။





ဒီးဒီကရုန်း၊ သူက ဖွတ်တိုးနှင့် နှစ်ယောက်သား ဝရံတာဘားတွင် ရုန်းရင်းဆန်ခတ် ဖြစ်နေသည်။ နောက်တော့ သူက ဒီးဒီ လှုပ်မရအောင် ဖွတ်ဖက်ထားသည်။

နဂိုကတည်းက သူနှင့်ဒီးဒီ၏ ကိုယ်လုံးကိုယ်ထည်ချင်းက ဆင်နှင့်ဆိတ်။ သူက ဗလတောင့်တောင့်၊ အရပ်မြင့်မြင့် လူထွားကြီး။ ဒီးဒီက သေးညှပ်ညှပ်လူဗလံ။

ထို့ကြောင့် သူ့ရင်ခွင်ထဲတွင် ဒီးဒီ၏ကိုယ်လုံးကိုယ်ထည်က ပုတိုနေသည်။ နှစ်ယောက်သား ရုန်းရင်းဆန်ခတ်ဖြစ်နေရာမှ အထိအတွေ့အာရုံကြောင့် ငြိမ်သက်သွားသည်။ တစ်ယောက်၏ အကြည့်ကို တစ်ယောက်က ရှောင်လွှဲဖို့ မကြိုးစားမိ။

နောက်ဆုံး ကိုယ့်မျက်နှာအနီးသို့ တဖြည်းဖြည်း နီးကပ်လာသော သူ့မျက်နှာကို ရှောင်ဖယ်ဖို့တောင် ဒီးဒီ သတိမရ။

"ဟင့်အင်း"

ပေါက်ကွဲထွက်မတတ် ဆူညံနေသော ရင်ခုန်သံကြောင့် ဒီးဒီမျက်နှာကို ငုံ့ချပစ်လိုက်သည်။ သူမ၏နဖူးပြင်နှင့် သူ့နှုတ်ခမ်းတို့ တိုးတိုက်သွားသည်။

တဒိန်းဒိန်းခုန်နေသော ရင်ခုန်သံနှင့်အတူ ခြေလက်တွေက မနိုင်ချင်တော့ပေ။ သူသာ ပွေ့ဖက်ထားခြင်းမရှိလျှင် ခွေခနဲ ယိုင်ကျသွားသည့်ဟန်မျိုး။

ဘာကြောင့်ရယ်မသိ။ လက်နှစ်ဖက်က သူ့ကျောပြင်ကို အလိုအလျောက် ဖက်လိုက်မိသည်။

ရင်ခွင်နှစ်ခုက တစ်သားတည်း ဖြစ်သွားသည်။ သူက

ခေါင်းကို ငုံ့ချပစ်ကာ ရင်ခွင်တွင် ပိပြားနေအောင် ကပ်နေသော ဒီးဒီ၏နားထင်နားသို့ လေသံဖြင့်…

"ကိုယ့်ကို ချစ်လား"

"ဟင့်အင်း…မသိဘူး…ဒီးဒီ တောင်းပန်ပါတယ်။ အဲဒီ မေးခွန်းအတွက် ဒီးဒီမှာ အဖြေမရှိသေးလို့ပါ"

ဒီးဒီကို ဖက်ထားသော သူ့လက်ကို ပြေလျော့သွားသည်။

"ဒေါက်…ဒေါက်"

"ဟင်"

"ချိုလဲ့တို့ ရောက်လာကြပြီထင်တယ်။ မင်းရဲ့ဒယ်ဒီလည်း ပါလာမယ်လို့ပြောတယ်။ ကိုယ်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဟင့်အင်း…မသိဘူး…ဒီးဒီ သိနေတယ်။ အောင်သက်ပိုင် ဘာမှမဖြစ်ရင် ဒယ်ဒီ ဒီးဒီတို့ရဲ့ကိစ္စကို ဖွတ်အတင်းစီစဉ်လိမ့်မယ်။ ဒီးဒီ သူ့ကို လက်မထပ်နိုင်ဘူး…လက်မထပ်ချင်ဘူး"

"ဒါဆို ကိုယ် စီစဉ်တာကို မင်း လက်ခံမလား"

စိုးရိမ်တကြီး မော့ကြည့်၍ ပြောလာသော သူမက သူ့ကို ငုံ့ကြည့်၍ မေးလာသည်။ ဘာကိုစီစဉ်မယ်မှန်းမသိပေမယ့် ဒီးဒီ ဒုက္ခရောက်အောင်လုပ်မယ့်သူ မဟုတ်သဖြင့် ဒီးဒီ ခေါင်းညိတ်လိုက်သည်။





## အခန်း (၂၈)

"ဟာ"

"ဖေဖေ"

တစ်ယောက်ကိုတစ်ယောက် အားပေးသောအနေဖြင့် တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး တံခါးဖွင့်လိုက်ချိန် မြင်လိုက်ရတာက ချိုလဲ့တို့မဟုတ်ဘဲ ညီလင်းညို၏မိဘများနှင့် ဒေါက်တာလှကေရီတို့မိသားစု ဖြစ်နေလေသည်။

ဒေါက်တာလှကေရီက သူနှင့်ဒီးဒီ လက်တွဲထားခြင်းကို တစ်ချက် ပြုံးကြည့်သည်။ နောက် ခပ်တည်တည်လုပ်နေသည်။

ဖေဖေက သူနှင့်ဒီးဒီ လက်တွဲထားခြင်းကို ခပ်တည်တည် စူးစိုက်ကြည့်နေသည်။ ကြည့်နေပုံက မလိုလားဟန်၊ ဒေါသဖြစ်နေဟန်။

"ဖေဖေ…ဖေဖေနဲ့ဒေါက်တာတို့ ဘယ်လိုဖြစ်ပြီး"

"ကျွန်မတို့ကို အိမ်ထဲဝင်ခွင့်မပေးတော့ဘူးလား ကိုညီလင်းညို"

"ဩော်…ဟုတ်…ဝင်…ဝင်ပါခင်ဗျာ"

ဒီးဒီကို လက်တွဲမဖြုတ်ဘဲ တံခါးဘက်သို့ကပ်ကာ လမ်းဖယ်ပေးလိုက်သည်။

ဖေဖေက ပုဆိုးကို လက်တစ်ဖက်နှင့်မ၍ ဒီးဒီ၏လက်ကို တွဲဆုပ်ထားသော သူတို့နှစ်ယောက်တွဲလက်ကို တစ်ချက်ကြည့်ပြီး အိမ်ထဲသို့ ဘောက်ဆတ်ဆတ်ဝင်သွားသည်။

မေမေကလည်း ဖေဖေ့နည်းတူကြည့်ကာ…

"လာခဲ့…မေးစရာရှိတယ်"ဟု ခေါ်သည်။

ဒေါက်တာလှကေရီ၏ မိဘများကတော့ မလိုလားဟန်နှင့်ကြည့်ပြီးဝင်သွားသည်။

ဒေါက်တာလှကေရီက မိဘတွေနောက် မလိုက်သွားမီ သူကြားသံရုံလေသံဖြင့်…

"စာတ်တိုင်ထားတဲ့အတိုင်းပဲနော်…ဖိုက်တင်"

"ဒေါက်တာ"

သူ စကားပြောဖို့ပြင်သော်လည်း ဒေါက်တာလှကေရီက မကြားတော့ဘဲ မိဘတွေနောက်သို့ လိုက်သွားသည်။

သူဆုပ်ကိုင်ထားသော ဒီးဒီ၏လက်ဖျားများသည် အေးစက်နေသည်။ သူ့တိုက်ခန်းထဲသို့ ဝင်ဖို့ပြင်တော့ ဒီးဒီက လိုက်မလာဘဲ ငြိမ်နေသည်။

"လာလေ"





"ဟင့်အင်း…ဒီးဒီ ခဏရှောင်နေပါရစေ"

"ဟာ…မဟုတ်တာ…ဘာကိစ္စရှောင်နေရမှာလဲ။ ဒီးဒီရဲ့အဖေပဲသိသိ…ကိုကို့အဖေပဲသိသိ လူကြီးအားလုံးသိဖို့ အရေးကြီးတာမဟုတ်ဘူးလား…လာခဲ့ပါ"

ချက်ချင်းကြီး "ကိုကို" လုပ်ပစ်သောသူ့ကို ရန်မတွေ့အား။

ကိုယ့်ကို မလိုလားသလို အားလုံး လှမ်းကြည့်နေခြင်းကို သူမ ရင်မဆိုင်ရဲပေ။ သို့သော် ယခုမှ ထွက်သွားဖို့ဆိုတာကျတော့ မဖြစ်နိုင်။

ထို့ကြောင့် သူဆွဲခေါ်ရာနောက်သို့ တွန့်ဆုတ်တွန့်ဆုတ်နှင့် ပါလာသည်။

ညီလင်းညို၏မိဘများအမြင်တွင် သူတို့သားသည် ကောင်လေးငယ်ငယ်ချောချော၏လက်ကို ဆုပ်ကိုင်ထားခြင်းက မျက်စိစပါးမွေးစူးဖွယ်။

ဒေါက်တာလှကေရီက

"ပြောရရင်တော့ မကောင်းဘူး အန်ကယ်လ်။ နားနဲ့မနာဖဝါးနဲ့နာပါနော်။ သမီးလေ ကိုညီလင်းညိုနဲ့ သူ့ဆိုင်က ကောင်လေးကို မသင်္ကာဘူး"

ဟုပြောခဲ့စဉ်က သူတို့သားဖြစ်သူဘက်က မခံချင်ဖြစ်ကြသည်။

သူတို့သားသည် အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားဖြစ်သည်။ ပြီးတော့ ကျားလိုက်တာမှ ဘာကျားသလဲမမေးနှင့်။ ရည်းစားတောင် ဟောတစ်ယောက် ဟောတစ်ယောက်။

ညီလင်းညိုမိခင်က မျက်နှာပျက်ပျက်ဖြင့်-

"သမီးရယ်...ဟုတ်မှလည်းပြောပါကွယ်။ ယောကျ်ားလေးအချင်းချင်း ချစ်ကြိုက်ရအောင် အန်တီ့သားက ခြောက်နေတာလည်း မဟုတ်ဘူး"

"ယောကျ်ားလေးအချင်းချင်း ချစ်ကြိုက်တာ ခြောက်တာ မခြောက်တာနဲ့ မဆိုင်ဘူး အန်တီရဲ့။ အခုခေတ်မှာ ယောကျ်ားလေးအချင်းချင်းပဲဖြစ်ဖြစ်၊ မိန်းကလေးအချင်းချင်းပဲဖြစ်ဖြစ် ချစ်ကြကြိုက်ကြတယ်ဆိုတာ မထူးဆန်းဘူးလို့ သတ်မှတ်ထားကြတယ်"

"ဟင်"

"ဟုတ်တယ်...တစ်လောက ဘယ်ဘက်မှာလဲမသိဘူး။ ယောကျ်ားလေးအချင်းချင်း မင်္ဂလာဆောင်တာ အန်တီတို့ ကြားလိုက်သေးလားမသိဘူး။ ထိုင်းမှာလည်း မိန်းကလေးအချင်းချင်း လက်ထပ်တာ တော်တော်များတယ်"

"အို...ဘုရား...ဘုရား...လောကကြီးက ဘယ်လိုဖြစ်သွားတာပါလိမ့်"

ညီလင်းညို၏မိခင် ဘုရားတနေသလောက် ဒေါက်တာလှကေရီက ပြုံးကာ

"ဒါ တကယ်ပဲ အန်တီ...ကိုညီလင်းနဲ့ သူ့ဆိုင်က ကောင်လေးရဲ့အနေအထိုင်ကို အမှန်အတိုင်းပြောရရင် သမီးလည်း သဘောမကျဘူး။ အဲဒါကြောင့် အခြေအနေတစ်ခုကို ရှင်းရှင်းလင်းလင်းသိရအောင် အန်တီတို့ရောက်တုန်း သမီးတို့ သူ့ဆီ





သွားရအောင်"

ဟုဆိုကာ ခေါ်လာခြင်းဖြစ်သည်။

ဒီဇာတ်ကို တိုက်ကြသူနှစ်ဦးက ဒေါက်တာလှကေရီနှင့် ညီလင်းညို။

ညီလင်းညို၏အိမ်တွင် 'မောင်' ဟုသိထားသော ဒီးဒီ ရောက်လာအောင် စာရင်းစာအုပ်အကြောင်းပြ၍ ခေါ်ခဲ့သူက ညီလင်းညို။

ဒီးဒီကို ယောကျ်ားတစ်ယောက်ဟုသာ ထင်မှတ်ထားသော ညီလင်းညိုက ဒေါက်တာလှကေရီနှင့် ဇာတ်တိုက်ထားသည့်အတိုင်း သူနှင့်မောင်က လိင်တူချစ်သူ။

သူ့မိဘများနှင့် ဒေါက်တာလှကေရီတို့မိဘများ ရောက်လာချိန်တွင် သူတို့နှစ်ယောက် ဖြစ်ပျက်နေပုံကိုမြင်၊ ထိုသို့ မြင်သောအခါ ဒေါက်တာလှကေရီက ယောကျ်ားလေးတွေကိုသာ ချစ်ကြိုက်တတ်သောသူကို အိမ်ထောင်ဖက်အဖြစ် မတော်လို့ဟု ငြင်း။

ကိုယ်တိုင်က မျက်စနှင့် တပ်အပ်မြင်ထားသောကြောင့် သမီး၏ဆန္ဒကို အလွယ်တကူ လိုက်လျော။ ညီလင်းညို၏မိဘများကလည်း မိန်းမပေးစားတော့ အိမ်ထောင်မပြုဘူးလေးဘာလေးနှင့် ယောကျ်ားအချင်းချင်းကျတော့ အိမ်ပေါ်သို့ တင်ခေါ်ထားသည့်သားအား နောက်တစ်ခါ မိန်းမ ပေးစားဖို့မပြောတော့။

ဤနည်းဤပုံက သူတို့တိုက်ထားသောဇာတ်။ တကယ်တမ်း မောင်ဆိုတာ 'ဒီပါမောင်' ဆိုသည့် မိန်းကလေးစစ်စစ်

ဆိုတာကို ဒေါက်တာလှကေရီလည်း မသိ။

သူတောင် ဒီနေ့မနက်မှ သိခြင်းဖြစ်ရာ အခြေအနေမှာ ရှင်းမရ ပြမရတော့ပေ။

ထို့ကြောင့် မီးစင်ကြည့် ကရန်သာ ဆုံးဖြတ်ပြီး ညီလင်းညို ဒီးဒီ၏လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားပြီး နှစ်ယောက်ထိုင် ဆိုဖာတွင် ဝင်ထိုင်လိုက်သည်။

အခြားသောလူများအမြင်တွင် ဆံပင်တိုအုပ်အုပ်၊ နား တစ်ဖက်တွင် နားကပ်တွေ တန်းစီဝတ်ထားသော ဒီးဒီအသွင်က ကောင်လေးချောချောဟန်။

ဝတ်ထားတာကလည်း ကြည့်ဦး။ သားရေဂျာကင်နှင့် ဂျင်းဘောင်းဘီပွပွ။

သားဖြစ်သူ ညီလင်းညို တယုတယ လက်ဆွဲခေါ်လာပုံ က ယောကျ်ားလေးအချင်းချင်းမို့ မြင်ရတွေ့ရပုံက ဒေါက်တာ လှကေရီပြောသလို မထော်မနန်း။

ဘာမှမပြောသေးဘဲ ငြိမ်ထိုင်နေစဉ် ဒေါက်တာလှကေ က ညီလင်းညို၏ မိခင်နားနားသို့ ကပ်၍ တစ်စုံတစ်ရာ ပြော လိုက်သည်။

မိခင်ဖြစ်သူသည် မျက်နှာပျက်ကာ သားဖြစ်သူကို တစ်ချက် လှမ်းကြည့်ပြီး အိပ်ခန်းဘက်သို့ ဝင်သွားသည်။

သို့သော်…မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ချက်ချင်း ထွက်လာသည်။ ညီလင်းညို၏ဖခင်နားနားသို့ ကပ်၍ တစ်ခုခု ပြောလိုက်သည်။





ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သော ညီလင်းညို၏ဖခင် ကြောင့် အားလုံး၏အကြည့်က သူ့ဖခင်ဆီမှာ။ မိခင်ဖြစ်သူမှာ မျက်နှာပျက်ပျက်နှင့် ခေါင်းကို ငုံ့ထားသည်။

ဤအချင်းအရာအားလုံးကို မြင်တွေ့နေရသော ဒီးဒီက တော့ ဘာဆိုဘာမှ နားမလည်နိုင်။ ယခုချိန်ထိ စကားတစ်လုံးမှ မဆိုဘဲ ပြုမူသွားကြပုံက အသံတိတ်ရုပ်ရှင်ကားတစ်ကား ကြည့် နေရသလို။

သူ့မိခင် မျက်နှာခပ်ပျက်ပျက်နှင့် အိပ်ခန်းဘက်မှ ထွက် လာသည်။ သူ့ဖခင်က ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ငြင်ငြင်သာသာမဟုတ်ဘဲ ဝုန်းခနဲ ထရပ်ခြင်းမို့ ဒေါသထွက်ခြင်း ဆိုတာ သိသာလှသည်။

ဘာအတွက် သူတို့ရောက်လာသလဲ၊ ဘာကြောင့် ဤသို့ ဖြစ်နေကြသလဲ ဒီးဒီ နားမလည်နိုင်။

"မြင်တယ်မလား…အန်တီ၊ အန်တီပြောတဲ့အတိုင်းပဲ အန်ကယ်လ်…မေမေ့သမီးတော့ နောက်ထပ် အိမ်ထောင်ပြုဖို့ မတိုက်တွန်းပါနဲ့။ သူလိုလူမျိုးနဲ့ ထပ်ဆုံရမှာ ကြောက်လို့ပါ"

"…………"

"အခုခေတ်ယောကျ်ားလေးတွေကြားမှာ ဒီကိစ္စဟာ မထူးဆန်းတဲ့ကိစ္စပဲ။ သူတို့အတွက် အခြားသောမိန်းမအဖော်တွေ မလို"

"တော်…တော်တော့၊ ထပ်မကြားချင်ဘူး။ ရှင်တို့ရဲ့သား နဲ့ ကျွန်မရဲ့သမီးကို လုံးဝ သဘောမတူနိုင်ဘူး ကိုသာထူး"

"မမြ"

ဒေါ်သတကြီးနှင့် တိုက်ခန်းထဲမှထွက်သွားသော မိခင်နောက်သို့လိုက်သွားရင်း ဒေါက်တာလှကေရီက သူ့ကို တစ်ချက်ပြုံးပြသွားသည်။ သူ ပြန်မပြုံးပြမိ။

သူတို့ဆင်လိုက်သောအကွက်နှင့် ယခုဖြစ်နေသောအကွက်မှာ တိုက်ရိုက်ကြီး ဆန့်ကျင်နေကြောင်း လှကေရီတို့သားအမိသိအောင်တော့ မပြောပြဖြစ်။ အမိကက မင်္ဂလာပွဲပျက်သွားဖို့ဖြစ်သည်။

ယခု သူ ရင်ဆိုင်ရမည့်ပြဿနာက…

"ဟင်…ကောင်းကြသေးရဲ့လား၊ ကြည့်စမ်း…ငါ့မှာတော့ အာမခံကောင်းနေတာ။ မင်းကို အထင်တွေ စွတ်ကြီးပြီး…ဟင်း"

ဒေါ်သတကြီးလည်းပြောချင်၊ ပြောလိုက်သည့်စကားသေးတိုက်ခန်းကလူတွေကြားလျှင် တစ်ရက်ကနေ နှစ်ရက်ဖြစ်မှာကဆိုး။

ထွက်လာသောလေသံက အံကြိတ်ထားသော လေသံတင်းတင်း။ မိခင်ထံမှာ ကျိတ်ငိုသံက ငါ့သားလည်း လူဖြစ်ရှုံးရှာပြီ၊ ဘဝဘဝက ဆုတောင်းများမှားခဲ့လေသလား သားရယ်ဟူသော ငိုရှိုက်သံမျိုး။

"ခုကိစ္စကိုကော မင်း ဘယ်လိုအဆုံးသတ်မယ်လို့ မင်းစဉ်းစားထားသလဲ ညီလင်းညို"

"ဇာတ်လမ်းက အဆုံးသတ်ရမှာမဟုတ်ဘူး…ဖေဖေ၊





ခုမှ စမှာ…ကျွန်တော် သူ့ကို တကယ် တရားဝင်လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးပြီ"

"အို"

"ဟင်"

"ဘာကွ"

ဒီကိစ္စနှင့်ပတ်သက်၍ ဘာမှမပြောထားသေးတာမို့ ဒီးဒီနှုတ်မှ အိုခနဲ အသံထွက်သွားသည်။

မိခင်၏နှုတ်မှထွက်လာသော အာမေဋိတ်သံက တုန်ခိုက်ခိုက်။ ဖခင်၏အော်သံက ကြောက်ခမန်းလိလိ ဟိန်းထွက်လာသည်။

မိခင်၏မျက်ဝန်းထဲ၌ ဒေါက်တာလှကေရီပြောခဲ့သောမောင့်ကျက်သရေခေါင်းပေါင်းနှင့် ယောကျ်ားအချင်းချင်း မင်္ဂလာဆောင်နေသော သားဖြစ်သူ၏ပုံရိပ်က ဝင်ရောက်လာသောအခါ

ဘုရား…ဘုရား…

"သဘောမတူဘူး…မင်းတို့နှစ်ယောက်ကို ငါ လုံးဝသဘောမတူဘူး…ညီလင်းညို၊ ဒီကိစ္စကို ငါ မရရတဲ့နည်းနဲ့ဖျက်မယ်…ဒါပဲ"

ယောကျ်ားလေးရှင်ဘက်က ကိုယ့်ကို ရှေ့မှာထားပြီး အားမနာစတမ်း သဘောမတူဘူးဟု တွင်တွင်ဟစ်အော်နေသဖြင့် ဒီးဒီ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ကာ လက်သီးနှစ်ဖက်ကို ကျစ်နေအောင်ဆုပ်ပြီး…

"ဒီမှာ…ဒီမှာ…အန်ကယ်လ် သဘောမတူရအောင် ဒီက

ဘာဖြစ်နေလို့လဲ''

''ဘာ…ဘာဖြစ်နေလို့လဲ ဟုတ်လား။ မင်းကိုမင်းလည်း ပြန်ငုံ့ကြည့်ဦး''

အပေါ်အောက် စုန်ဆန်ကြည့်ပြီး ခပ်မဲ့မဲ့ပြောလိုက်သော ဦးသာထူးရဲ့စကားကြောင့် ဒီးဒီမှာ အယောင်ယောင်အမှားမှား နှင့် ကိုယ့်အောက်ပိုင်းကိုကိုယ်ပြန်ကြည့်မိသည်။

ဂျင်းဘောင်းဘီဝတ်ထားသော ကိုယ့်ပုံစံက လုံလုံခြုံခြုံပါ။ ဘာကိုပြန်ကြည့်စရာလိုလို့လဲ။

''ခဏထိုင်ဦး…ကိုကို ရှင်းမယ်''

''အမ်မာ…ကိုကို ဟုတ်လား''

''အမလေး…သားရယ်''

ဒီးဒီ၏လက်ဖျားကို ဆုပ်ကိုင်ပြီး ပြန်ထိုင်စေတုန်း သူ့ အသုံးအနှုန်းကြောင့် မိဘနှစ်ဦးမှာ ဖျပ်ဖျပ်လူး။

ညီလင်းညိုမှာ ကိုယ်ဖန်တီးထားသောဇာတ်ပေမယ့် ကိုယ်တိုင် ဘယ်လိုဇာတ်သိမ်းရမလဲ မစဉ်းစားတတ်တော့ပေ။

ဒေါက်တာလှကေရီ၏ ပြောကြားချက်နှင့်ပဲ သိထားသော သူတို့အမြင်မှာ ဒီးဒီသည် ယောကျ်ားလေးတစ်ယောက်သာ။

သူသည်လည်း ဒီမနက်က ဟိုပစ္စည်းတွေကိုသာ မတွေ့လျှင် ဒီးဒီကို ယောကျ်ားလေးတစ်ဦးအဖြစ်သာ ထင်မှတ်နေဦးမည်။

သူ ယုံကြည်သွားသလို သူ့မိဘတွေ ယုံကြည်သွားအောင် ဟိုပစ္စည်းတွေရှိတဲ့ဆီ လိုက်ပြပြီး…





''ဒါဝတ်တဲ့သူဟု သက်သေပြရမလား။ မဟုတ်သေး''

ဖေဖေတို့ထင်သလို သူက ယောကျ်ားလေးမဟုတ်ဘူး။ မိန်းကလေးပါဆိုတာ မည်သို့မည်ပုံ ပြောရမည်နည်း။ သက်သေပြရမည်နည်း။

ညီလင်းညို၏အဖြစ်က တကယ့်ကို ဘေးကျပ်နံကျပ်။

သူတို့တစ်တွေ တိုက်ထားသောဇာတ်ကို မသိထားသော ဒီးဒီမှာလည်း ကိုယ့်ကို ယောကျ်ားလေးရှင်က သဘောမတူပါဘူး။ ပေါ်တင်စိန်ခေါ်နေခြင်းကို ဒေါသမဖြစ်ဘဲနေပါ့မလား။

''ဘယ်ကောင်လဲကွ…ငါ့သမီးကို သူတို့သားနဲ့ မတူဘူး မတန်ဘူး ပြောနေတာ''

''ဟင်''

''ဒယ်ဒီ''

## အခန်း (၂၉)

ဖခင်နှင့်အတူ အောင်သက်ပိုင်တို့မောင်နှမနှစ်ယောက်ကို အတူတူမြင်လိုက်ရသည်။ ဒေါသဖြစ်ဖြစ်နှင့် ညီလင်းညို၏ လက်ထဲမှ ရုန်းရန်းနေသော ဒီးဒီမှာ ချက်ချင်း ငြိမ်ကျသွားသည်။

"ဒါကြီးက မင့်သမီး ဟုတ်လား"

"ဟုတ်တယ်…သူက ကျုပ်ရဲ့ ရေမရောတဲ့သမီးအရင်း ဒီပါမောင်။ ကျုပ်သမီးနဲ့ သဘောမတူဘူးလို့ပြောတာ ခင်ဗျား လား"

ဦးသာထူး နားကြားမှားသွားသလားဆိုသည့်ပုံစံနှင့် သားဖြစ်သူကို ကြည့်သည်။

သားဖြစ်သူက ခေါင်းလေးဆတ်ပြတော့ သားဖြစ်သူဘေးက ယောကျ်ားလေးပုံစံလုံးလုံးပေါက်နေသည့် တောမရောက် တောင်မရောက်ဆီ အကြည့်ရောက်သွားသည်။





"ခင်ဗျားသားထက် အဆတစ်ရာသာတဲ့သူနဲ့ ကျုပ်သမီး ကို ပေးစားလို့ရတယ်ဆိုတာ ခင်ဗျား သဘောပေါက်…ထစမ်း… ဒီးဒီ"

"ဟင့်အင်း…ဒယ်ဒီ"

"အန်ကယ်လ်…ဒီးဒီနဲ့ကျွန်တော်ဟာ မကြာခင် လက်ထပ်တော့မယ့်သူဆိုတာကော ထည့်ပြောလိုက်ဦးလေ"

"ဒါကြောင့် မောင့်ကို ဓားခုတ်ရာ လက်မလျှိုပါနဲ့လို့ ပြောတာပေါ့။ ခု ညှပ်ပြီမဟုတ်လား"

အရေးထဲ အောင်သက်ပိုင်တို့မောင်နှမက တစ်မျောင့်။

ဒီးဒီဖခင်၏ခေါ်သံကြောင့် ညီလင်းညို၏ဘေးသို့ အတင်း တိုးကပ်၍ လက်မောင်းကို ဖက်တွယ်ထားသည်။

ယခုထက်ထိ ဦးသာထူးတို့လင်မယားနှစ်ယောက်စလုံးမှာ နဝေတိမ်တောင်။

နားရှိလို့သာ ကြားရသည်။ ဤသည်ကား မိန်းကလေး တည်း။

ဒေါက်တာလှကေရီပြောတော့ သားဖြစ်သူက ယောကျ်ား လေးအချင်းချင်းမှ ချစ်ကြိုက်တတ်သော လိင်တူချစ်သူဆို။

ခု ဘယ့်နှယ်…သားဘေးနားမှာရှိတဲ့တစ်ယောက်က မိန်းကလေးဖြစ်နေရတာလဲ။ သူမ၏ဖခင်ကိုယ်တိုင်က သမီးပါ ဟု ပြောနေတော့ မယုံချင်လို့ မရတော့ပေ။

"ဒယ်ဒီမှာ အချိန်မရှိဘူးနော်။ သမီး…ထ…အခုပြန် မယ်။ သမီး လက်ထပ်ရမယ့်သူဟာ မောင်အောင်သက်ပိုင်က

လွဲရင် တခြားဘယ်သူမှ မဖြစ်ရဘူးလို့ ဒယ်ဒီ ပြောထားတာ သမီး သဘောမပေါက်ဘူးလား"

"ရှင်က ပိုင်သာပိုင်၊ မဆိုင်တော့ဘူးရှင့်"

"ဘာ့ဗျ"

ညီလင်းညို၏ မိခင်စကားကြောင့် ဦးသီဟမောင် ဒေါသဖြစ်သွားသည်။

ရုတ်တရက်ဖြစ်ပေါ်နေသော အခြေအနေကြားတွင် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေသော ညီလင်းညိုမှာ မိခင်ဖြစ်သူ၏စကားကြောင့် ရုတ်တရက် ခေါင်းထောင်သွားသည်။

ဒီးဒီ၏လက်ချောင်းတွေကို ခပ်တင်းတင်း ဆုပ်ကိုင်ပြီး

"အန်ကယ်လ်ရယ်...ခဏလောက် ထိုင်ပါဦးခင်ဗျာ။ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေမှာ ဒီးဒီလည်း မမှားပါဘူး။ ကျွန်တော်ပဲမှားတာပါ"

"............"

"ဘာလို့လဲဆိုတော့ နားနဲ့မနာ၊ ဖဝါးနဲ့နာ...မတော်တဲ့စကားပြောရရင် ဒီးဒီနဲ့ကျွန်တော့်အခြေအနေကလေ...ဟိုဒင်း"

"ဘာကွ"

"ဟင်"

အံ့သြတကြီးကြည့်လာသော ဒီးဒီကို မျက်လုံးမှိတ်ပြဖို့ အခြေအနေမရပေ။ အဘယ်ကြောင့်ဆိုသော် သူ့စကားမှာပဲ အာရုံရောက်နေသဖြင့် လူအားလုံးရဲ့အကြည့်က သူ့ဆီမှာ ဖြစ်နေသည်။

ဘာကွဆိုသည့်အော်သံနှင့် လွတ်နေသော ဆိုဖာထက်တွင်





ဆောင့်ခနဲ ထိုင်ချလိုက်သော ဖခင်ဖြစ်သူကို ဒီးဒီ အလန့်တကြားကြည့်လိုက်သည်။

"အမလေးလေ...ကုန်ပါပြီ..ကုန်ပါပြီ...ဟိတ်ကောင် ညီလင်းညို...ဒီးဒီက ငါနဲ့ လက်ထပ်မယ့်မိန်းကလေးဆိုတာ မင်းကို ပြောထားရက်နဲ့"

"မင်း ငါ့ကို ခေါ်ပြောကတည်းက သူနဲ့ငါ"

ညီလင်းညို ဟုတ်တာကော မဟုတ်တာကော ရောသမမွှေပြီး ပါးစပ်ထဲရှိရာ လျှောက်ပြောပစ်လိုက်သည်။

ယုံချင်ယုံ၊ မယုံချင်နေ။

ဘယ်သူမှ စစ်ဆေးကြည့်လို့ရသည့်ကိစ္စမဟုတ်။

ဒီးဒီမှာ ကိုယ့်ဆီရောက်လာသည့် အကြည့်တစ်ပြုံတစ်မကြီးကြောင့် မျက်နှာမှာ ဆေးနီရည်နှင့်ပက်ဖြန်းထားသလို ရဲရဲနီသွားရသည်။

သူမအဖြစ်ကလည်း မဟုတ်လည်း ငြိမ်ခံနေရသည့်အဖြစ်။ ငြိမ်မနေလို့ ထငြင်းမိလျှင် ဖခင်ဖြစ်သူက အောင်သက်ပိုင်ဆိုသည့် လူနှင့် သေချာပေါက် ပေးစားလိမ့်မည်။

ဒီတော့ ညီလင်းညို၏နှုတ်မှာ ရှိသမျှအရာတို့သည် စကားဖြစ်နေတော့သည်။

"မောင်"

"ဘာမောင်နေတာလဲ...ဟင်...မမချို့ သူ့မှာလည်း ပိုင်ရှင်နဲ့၊ နင့်မှာလည်း ပိုင်ရှင်နဲ့၊ မောင်ဆိုပြီး ကြောင်မနေနဲ့ အပေါင်ခံရတာပဲ အဖတ်တင်တယ်။ လာ...ချောင်းမယ်"

အောင်သက်ပိုင် ဆွဲခေါ်သည့်နောက်သို့ ချိုလွဲ့သည် ယက်ကန်ယက်ကန်နှင့် ပါသွားသည်။

ခုတော့…

သူရယ်၊ သူ့မိဘများရယ်၊ ဒီးဒီတို့သားအဖနှစ်ယောက် ရယ်။

"သူပြောတာ တကယ်လား သမီး"

"…………"

ဖခင်၏နှုတ်မှာ ထွက်လာသောမေးခွန်းကြောင့် ဒီးဒီ ဆတ်ခနဲ တုန်သွားသည်။ ပြီးတော့ ဖခင် ဇွတ်ဆွဲခေါ်မှာဆိုး၍ သူ့ဘေးသို့ ဇွတ်အတင်း ကပ်မိတာကို သတိရလိုက်သည်။

ကိုယ်ကို ဒီဘက်သို့ ပြန်ရွှေ့လိုက်သည်။

ဘယ်သူကမှ ဘာမှမပြော။

သူမနှုတ်က နှုတ်ထွက်စကားကိုသာ စောင့်နေကြသည်။

တကယ်တမ်းပြောရလျှင် ဒီးဒီ အချစ်ဆိုတာ ဘာလဲ ခုထက်ထိ မသိသေးပေ။

အောင်သက်ပိုင်ကို မချစ်၍ လက်မထပ်နိုင်သော်လည်း ညီလင်းညိုကို မချစ်ဘဲနှင့် လက်ထပ်ဖို့ကိစ္စကျ လက်ခံချင်နေ သလိုလို။

ဘာတွေရော ခြားသွားသေးလဲ။

လက်ထပ်ခြင်းကို လက်ခံနိုင်လို့ သူ့ကို ချစ်နေလားဆို တော့လည်း မဟုတ်။ သူမ ညီလင်းညိုကို မချစ်မိသေးပါ။

(၂) လတာ အတူတူနေခဲ့သည့်သံယောဇဉ်၊ ကိုယ့်အပေါ်





တကယ့်ကို ကောင်းခဲ့သော သူ့ကို လေးစားစိတ်၊ ဒီလိုစိတ်ခံစား မှုမျိုးတော့ ရှိသည်။

အချစ်ဆိုတာ နောက်တော့ကြာလာရင် သံယောဇဉ် တွယ်ပြီး ချစ်သွားကြတယ်ဆိုတာ တကယ်တမ်းမှန်ခဲ့လျှင် သူမ ကြာလာသောအခါ ညီလင်းညိုအပေါ် ချစ်ခင်စိတ်တွေ ဖြစ်လာ ကောင်းပါရဲ့။

ယခုနေ သူမဘက်က ဟင့်အင်းဟု ငြင်းလိုက်လျှင် သူမ ဘကြီးပဲဖြစ်ခဲ့ဖြစ်ခဲ့ ဖခင်ဖြစ်သူ ပြန်ခေါ်သွားမှာသိသည်။

ထိုသို့ခေါ်သွားသည့်အခါတွင်လည်း သူမနှင့် စိမ်းသက် သော အခြားသော အမျိုးသားတစ်ယောက်ယောက်နှင့် မဖြစ်ဖြစ် အောင် လက်ထပ်ပေးပေလိမ့်မည်။

ညီလင်းညိုဆိုတာ သူမအတွက် မချစ်နိုင်သေးတာကလွဲ လျှင် မစိမ်းသက်သောသူ။

"ဟင်…သမီး ဒယ်ဒီ့ကို အမှန်အတိုင်းပြော၊ ဒယ်ဒီ သမီးကို စိတ်မတိုဘူး။ ဒေါသမဖြစ်ဘူး…ပြော"

"ဒီးဒီ…ကိုယ့်ကို မထားခဲ့ပါနဲ့။ ကိုယ် မင်းကို သိပ်ချစ် တာ မင်း သိပါတယ်"

ဖခင်၏ ဒုတိယမွှ တိုက်တွန်းသံ။

လက်ချောင်းတွေကို ခပ်တင်းတင်း ဆုပ်ကိုင်၍ တောင်းပန် ခယနေသောလေသံနှင့် ပြောနေသောသူ။

ကိုယ့်အဖြေကိုပဲ သေချာစွာ အာရုံစူးစိုက်နားထောင်နေ သော သူ့မိဘနှစ်ပါး။ ဒီးဒီ ဖခင်ကို လှည့်မကြည့်ရဲတော့ဘဲ

ကိုယ့်ကို ဆုပ်ကိုင်ထားသော သူ့ရဲ့လက်ကို တုံ့ပြန်ဆုပ်ကိုင်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

* * *

ကြယ်ကြွေတယ်ဆိုတာ ကံကောင်းတဲ့ အတိတ်နိမိတ်တဲ့။ ကြယ်ကြွေခြင်းကို ကံကောင်းတဲ့သူတွေပဲ မြင်ရတတ်တယ်။ ကြယ်ကြွေတဲ့အချိန်မှာ တောင်းတဲ့ဆုက တကယ်ပြည့်တယ်လို့ ကျွန်တော် ငယ်ငယ်လေးကတည်းက အိပ်ရာဝင်ပုံပြင်အနေနဲ့ ကြားဖူးခဲ့တာ။

သူနဲ့ လွဲခဲ့စဉ်က ကျွန်တော် မည်းမှောင်တဲ့ကောင်းကင်ထက်က ဝင်းလက်တဲ့ကြယ်လေးတွေကို တိုင်တည်ပြီး ကျွန်တော် ဆုတစ်ခု တောင်းခဲ့တယ်။

ကျွန်တော့်ရဲ့အချစ်တွေသာ စစ်မှန်ခဲ့ရင် ကျွန်တော့်ကို တကယ်မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တတ်တဲ့မိန်းကလေးမျိုးနဲ့သာ တွေ့ကြုံရပါစေ ဆုတောင်းခဲ့တယ်။

ဟော…ကျွန်တော့်ရင်ခွင်ထဲ ကြယ်တစ်လုံး ဖြုတ်ခနဲ ကြွေကျလာတယ်။

လှိုင်းကြာဖြူ(လားရှိုး)

၂၇-၁၀-၂၀၁၈ (12:00 AM)